www.burmeseclassic.com

NEW IDEA

မောင်သိုက်မိုင်း(သန်လျင်)

စီစဥ်သော

# သိပ်ပမိုက်တွဲ့ကောင်လက်သည်းထောင်

အပါအဝင်

ဂမ္ဘီရဝတ္ထုတိုများ



မောင်သိုက်မိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ အောင်သာမိုး၊ နွေတာမာန်
ဧယျမင်းသျှင်၊ မြဘုန်းထက်၊ နန်းရွှေရည်

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး


### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

NEW IDEA

စိတ်ကူးသစ်စာပေ




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၁၀၁၀၁၀
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၂၂၁၁၁၀

စီစဉ်သူ ။ ကိုတင်ထွန်း

**ပုံနှိပ်ခြင်း**

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၀၊ဒီဇင်ဘာလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

**ပုံနှိပ်သူ**

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၂၀၀ကျပ်

၈၀၈ ॰ ၈၃


ကလောင်စုံ
သိပ်မိုက်တဲ့ကောင်လက်ညှိုးထောင်အပါအဝင်ဂမ္ဘီရဝတ္ထုတိုများ/ –ရန်ကုန်၊ စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၂၁၄–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁) သိပ်မိုက်တဲ့ကောင်လက်ညှိုးထောင်အပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

## မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | သိပ်မိုက်တဲ့ကောင် လက်ညှိုးထောင်<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | အကြားအမြင်ပညာရှင်<br>*ထောင်မှူးကြီးသိန်းဝင်း* | ၄၃ |
| ၃။ | မိုးသည်းသည်းမှာ<br>*ဝေယံမင်းသျှင်* | ၆၉ |
| ၄။ | နံ့သာရောင်ဖားကလေး<br>*မြဘုန်းထက်* | ၁၀၃ |
| ၅။ | ရယူခြင်းနှင့် ပေးဆပ်ခြင်း<br>*အောင်သာမိုး* | ၁၃၂ |
| ၆။ | အိပ်မက်မှတစ်ဆင့်<br>*နွေတမာန်* | ၁၅၃ |
| ၇။ | မိုးတိမ်လွှာနဲ့ လျှို့ဝှက်ပုံပြင်<br>*နန်းရွှေရည်* | ၁၉[illegible] |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

သူ့နာမည်က အုန်းပေါက်တဲ့ ...။

အချို့က သူ့ကို တွေ့မရှောင်အုန်းပေါက်လို့ ခေါ်သည်။ နာမည်နှင့်လိုက်အောင်ကို ဘယ်လူဘာကောင်နှင့် ရင်ဆိုင်တွေ့တွေ့ နောက်ပြန်လှည့်ရိုး ထုံးစံမရှိ။

အချို့က သူ(အုန်းပေါက်)ကို အလွန်သတ္တိကောင်းသည်ဟု ဆိုကြ၏။

အချို့က အုန်းပေါက်ကို မိုက်ကန်းသည်ဟု ဆိုကြ၏။

အုန်းပေါက်က သိုင်းပညာမှာ တစ်ဖက်ကမ်းခတ်ကို ကျွမ်းကျင်သည်။ သိုင်းပြောင်းပြန် ကျွမ်းကျင်သည်။





ဗန်တိုဗန်ရှည်၊ တုတ်သိုင်း၊ ဓားသိုင်း၊ ကြိုးသိုင်း အားလုံးတတ်သည်။ သိုင်းပြိုင်ပွဲမှာ အုန်းပေါက်က ပြိုင်ဘက်မရှိ။ စွယ်စုံဆုရခဲ့၍ သည်မြို့မှာ ဟိုးဟိုးကျော် နာမည်ကြီးခဲ့သည်။

ပြောရလျှင် အဲဒီအချိန်ကစ၍ အုန်းပေါက်ကို အပျိုများကလည်း အားကိုးစိတ်ဝင်စားကြ၏။ မျက်စိ ကျကြ၏။

အုန်းသီးအစိမ်းကို လက်သီးနှင့် ထိုးခွဲနိုင်၏။

အုန်းသီးအခြောက်ကို လက်သီးနှင့် ထိုးခွဲနိုင်၏။

အုန်းခွံကို ဓားနှင့်မနွှာ၊ လက်နှင့်မကိုင်ဘဲ ပါးစပ်(သွား)နှင့်ကိုက်၍ အခွံနွှာပြနိုင်၏။

အုတ်ခဲဆယ်ချပ်ထုကို တံတောင်နှင့်ထောင်းလိုက်လျှင် တစ်ချက်တည်းနှင့် အုတ်ဆယ်ချပ်ကျိုးပြီး ကြေမွသွား၏။

ထရံရက်သည့် ကြသောင်းဝါးကြီးများကို အုန်းပေါက်ဖနောင့်နှင့်ပေါက်လိုက်လျှင် ဝါးလုံးကွဲ၏။ ဓားနှင့်ခွဲစရာမလို။ မျက်နှာကိုအဝတ်အုပ်စည်းပြီး နောက်ကနေလုံနှင့်ပစ်လိုက်လျှင် အဲဒီလုံကို လှည့်၍ဖမ်းပြ၏။

ပြီး ဆုပ်မိဖမ်းမိသည့် လှံရှည်လှံတိုကို လှံပျောက်အောင်လှံရေး စကြာသိုင်းကစားပြပြီးပစ်လိုက်လျှင် ရှေ့ကသရက်ပင်တစ်ပင်ပင်စည်မှာ တန်းပြီးစိုက်ဝင်နေသည်။

အဲဒီလှံသွားလှံရိုးကို တော်ရုံလူ နုတ်လို့မရ။

နှဲ့နုတ်လျှင်လည်း လှံသွားကျိုးရုံပဲရှိ၏။

သို့သော် ...

အုန်းပေါက်က ညာလက်နှင့်ဆောင့်ဆွဲလိုက်လျှင် စိုက်ဝင်နေသည့်လှံသွား သစ်သားစပါအပိုကပ်ပြီး ကျွတ်ထွက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်မှာ ...

သိုင်းဆရာတစ်ဦးက သူ့ကိုပညာစမ်းခဲ့၏။ စမ်းပုံက ဒီလို။

အုန်းပေါက်ကို ဖျာလိပ်နှင့်ပတ်၍ ကြိုးချည်လိုက်၏။ ခေါင်းမပေါ်။ ခြေထောက်မျှသာ ပေါ်သည်။

ပြီး ဖျာလိပ်ထဲရောက်၊ ဖျာလိပ်ကြိုးချည်ပြီး ကြမ်းခင်း မြေပြင်ပေါ် ပက်လက်ချထားသည့် အုန်းပေါက်ကို ပညာစမ်းသူသိုင်း ဆရာက ငှက်ကြီးတောင်ဓားနှင့် သုံးချက်ခုတ်ရ၏။

ပညာစမ်းသူသိုင်းဆရာက သိုင်းသမားအများရှေ့မှာ ငှက်ကြီးတောင်ဓား မြနေမြည့်နေသည်ကိုကိုင်ပြီး ဖျာလိပ်ဝမ်းဗိုက်နေရာကို အားကုန်ခုတ်ချလိုက်သည်။

"ခွပ်"

"ဟာ"

"ဟယ်"

"ဟာ ... ရှားပါ့ကွာ"

ကြည့်နေကြသူ သူ့လူကိုယ့်လူများ အံ့သြများကြ၏။ ဓားချက်အကျမှာ အုန်းပေါက်ဖျာလိပ်က သံစည်လိမ့်သလို ဖြုန်းခနဲလိမ့်သွားရကား ဓားချက်သည် မြေကြီးထဲကို နစ်ဝင်သွားခဲ့လေ၏။

ဖျာလိပ်နှင့် အပတ်ခံကြိုးချည်ထားသူက အသံကြားနှင့်ဒီလို ရှောင်နိုင်၍ အားလုံးအံ့သြရ၏။

ဒီမှာ အခုအစမ်းသူသိုင်းဆရာက အုန်းပေါက်(ဖျာလိပ်) ရှေ့ကြို့လိမ့်ရှောင်မှန်းသိ၍ ဒုတိယမြောက်ဓားချက်အနေနဲ့ လိမ့်သွားမည့်ဘက်ကို နည်းနည်းကြိုခုတ်ချလိုက်သည်။

"ခွပ်"





"ဟယ်"

"ဟာ"

ဓားသွားသည် မြေကြီးကိုခုတ်ပြီး ဓားမြုပ်သွားပြန်၏။ အုန်းပေါက်(ဖျာလိပ်)က ပထမအကြိမ်ကလို လွတ်ကျွတ်ရာဘက်သို့ လိမ့်မရှောင်ဘဲ ဓားခုတ်သူအတွင်းဘက်သို့ လိမ့်ရှောင်လိုက်သောကြောင့်ဖြစ်၏။

နာမည်ကြီးဓားခုတ်သမား ရှက်ပြီး ချွေးပြန်လာ၏။

ဖျာလိပ် (အုန်းပေါက်) က သူ့ခြေထောက်နှစ်ဖက်ကြားမှာ ရောက်နေသည်။ ဒီမှာပဲ ပညာစမ်းသိုင်းသမားက ဓားရှည်ကို စုံကိုင်မြှောက်ပြီး အုန်းပေါက်(ဖျာလိပ်)ရဲ့ ရင်ဝရှိနိုင်ရာ ပေါင်ကြားရှိဖျာလိပ်ရဲ့ အလယ်ဗဟိုအထက်ကို လုံနှင့်ထိုးသလို စုံကိုင်ထိုးစိုက်ချလိုက်သည်။

"ကျား"

"ကျား ... ယီး"

"ဖောင်း"

"အား"

"ဟာ ... ဟာ"

"ဟ ... ဟ ... လုပ်ကြပါဦးဟ"

အားလုံးအုန်းပေါက်အတွက် စိုးရိမ်နေကြ၏။ ဓားချက်က ဘယ်လိုမျှ ရှောင်လို့မရသည့်ဓားချက်။ ခြေနှစ်ချောင်းနှင့် ညှပ်၍ထိုးသည့်ဓားချက်။

ဓားနှင့်ထိုးသူ၏ကျားဟုမာန်သွင်းပြီး ထိုးချလိုက်စဉ်မှာပဲ ဖျာလိပ်ထဲမှ 'ကျား ... ယီး' ဟု ဟိန်းနေသောအသံ ကြားလိုက်ရပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



ဖျာလိပ်အပြင်ထွက်နေသော အုန်းပေါက်၏ခြေထောက်သည် မားနှင့် ထိုးချသူ၏ နောက်တင်ပါးကို ဖျာပါလန်အောင် ထိုး၍ခတ်ကန်လိုက် ရကား 'ဖောင်း'ခနဲ အသံကြားလိုက်ရပြီး လူရောမားရော လေထဲ မှာ မြောက်လွင့်တက်သွားကာ ဟိုအရှေ့ ဝါးတစ်ပြန်အကျော်ရှိ မြောင်း ထဲသို့ ထိုးကျသွားလေ၏။

သူ့လူကိုယ့်လူအားလုံး လေထဲလွင့်ပြီး မြောင်းထဲကျသွားသည့် ပညာစမ်းသိုင်းမားသမားကို တအံ့တဩ လိုက်ကြည့်နေဆဲမှာပင် အုန်း ပေါက်သည် ဖျာလိပ်ကိုစွန်လက်သည်း၊ ကျားလက်သည်းလို ကုတ်ဖြဲ ပြီး ဖျာလိပ်ကြိုးကိုဖြေကာ မုဆိုးဒူးထောက် ထိုင်လျက်သား ဖြစ်နေ သည်ကို အားလုံးမြင်လိုက်ရသောအခါ . . .

| ၂ |

အချို့က အုန်းပေါက်ကို အသံဖမ်းပညာပါ ကျွမ်းကျင်သည်ဟု ချီးမွမ်းကြ၏။

အချို့က အုန်းပေါက်မှာ သိုင်းစောင့်ပုဂ္ဂိုလ် ခွန်ချိုခွန်သာ အပါအဝင် သီးသန့်အစီအရင် အဆောင်များကြောင့် ဘယ်လိုမျှကိုယ်ထိ လက်ရောက်ထိခိုက်အောင် မတိုက်ခိုက်ရတာဟုဆို၏။

သို့နှင့် ကျွန်တော်က မေးရ၏။

"ကိုအုန်းပေါက် . . . ခင်ဗျားမှာ အစောင့်ရှိသလား"

"မသိဘူးဗျ"

"သိဒ္ဓိမြောက်ဆေးရော ထိုးထားသလား"

"မထိုးပါဘူးဆရာ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျား ဘာကြောင့် အဲဒီလောက်မပြင်မကြည့်ဘဲ အသံလာရာကို အတပ်သိနေရတာလဲဗျ။

"ကျင့်စဉ်ကြောင့်ပါဆရာ"

"ပြောပြလို့ရမလား ကိုအုန်းပေါက်"

"ရပါတယ်"

"ရရင်ပြောဗျာ"

"အသံနှင့်ပတ်သက်သည့်ကျင့်စဉ်ကို ကျွန်တော်ရေငုပ်ပြီး ရေထဲကနေ နားစွင့်ကျင့်ခဲ့တယ်။ အချိန်အတော်ယူရတယ်။ ကြာလာတော့ ရေပြင်ပေါ်က လူပြောသည့်အသံ၊ ကမ်းပါးပေါ်က ပြောသည့် အသံများကို ကြားလာတယ်။ အသံဟာ နားအဓိကဆရာ။ အသံကို ကျင့်ရင်ကျန်တဲ့အာရုံကို ပိတ်ထားရပ်ထားရတယ်။

တိတ်ဆိတ်တဲ့အရပ်မှာ သမထကျင့်သလို စိတ်ကိုငြိမ်အောင် ထားပြီး လေတိုက်သံ၊ သစ်ရွက်ကြွေသံ၊ သစ်ရွက်ရှပ်တိုက်ပြေးသံ၊ ရေစီးသံ၊ ငှက်အော်သံ၊ မြွေသွားသံပါကြားအောင် နားအကြားအာရုံ ထူးကဲမှုအတွက် နားအကြားအာရုံကို လေ့ကျင့်ပေးခဲ့တယ်။ ပြီး ... အသံလာအရပ်ကို လေ့ကျင့်ရတယ်။

အရပ်လေးမျက်နှာက ပစ်လိုက်လှုပ်ရှားလိုက်တဲ့အသံကို လေ့လာလေ့ကျင့်ရတယ်။ ပေါ့ပါးသောပစ္စည်းနဲ့ ပစ်လိုက်တာလား၊ လေးလံတဲ့ပစ္စည်းနဲ့ ပစ်လိုက်တာလား၊ ဒါမှမဟုတ် လေကိုခွင်းလာသည့် ပစ္စည်းသည် အချွန်လား၊ အလုံးလား၊ နောက်ပြန်ဖမ်း၊ ရှေ့ဖမ်း၊ ဘေးဖမ်း၊ အဲဒါ ရေထဲမှာရော မြေပြင်မှာရော ဓားလုံ့၊ လေးမြားအစုံ နဲ့ အချိန်ယူပြီး ပစ်ခတ်ခံလေ့ကျင့်ခဲ့တယ်။

အဲဒါကို အချို့ကမသိတော့ ကျွန်တော့်ကို သချိုင်းကုန်းမှာ





ကိုးသချိုင်းမှော်အောင်လို့ ဗောရိသာရဆေးထိုးလို့ စသည် လျှောက်ပြောနေကြတာပါဆရာ။ တကယ်ကျင့်ရင် တကယ်ရတယ်ပေါ့"

"ဒါဆို ကိုယ်ဖော့တဲ့ပညာရောရသလား"

"ရတယ်ဆရာ။ ဆရာ့ကို ကျွန်တော်နမူနာပြမယ် .. ကြည့်"

သူသည် ပြောရင်းမှထ၍ လက်ဖက်ရည်ကြမ်းပန်းကန်လုံး (၁၀)လုံးကိုထုတ်ယူပြီး ခြေတစ်လှမ်းကွာစီချ၍ ၎င်းလက်ဖက်ရည် ကြမ်း ပန်းကန်လုံးများပေါ်မှာ သူ့ရဲ့ဖလကောင်းကောင်း ခါးတောင်းကျိုက် ကိုယ်လုံးနှင့် လမ်းလျှောက်ပြ ခုန်ပြလိုက်၏။

ပါးလျသော ပန်းကန်လုံးများ တစ်လုံးမကွဲ။

သည့်နောက် ပန်းကန်လုံး(၉)လုံးကို သုံးလုံးစီအကွက်ချပြီး ၎င်းပန်းကန်ကိုးလုံးပေါ်မှာ ကိုးကွက်တုတ်သိုင်းနှင့် ဗန်တိုလက်ရေးကို ပြလိုက်လေ၏။ ပန်းကန်လုံးများ ကွဲဖို့နေနေသာသာ ချထားသည့် နေရာမှပင်မရွေ့။ အံ့ဖွယ်ကိုယ်ဖော့ နိုင်သူပါပေတကား။

"တစ်နေ့ပေါ့ ဆရာ"

"ပြောပါ ... ကိုအုန်းပေါက်"

www.burmeseclassic.com

www.burmeseclassic.com

| ၂ |

❑

ပြိုင်ဘက်မရှိ သိုင်းသမားဘဝမှာ နာမည်ကြီး၍ပြိုင်ဘက်များ မလိုသူများက အုန်းပေါက်ကိုမုန်းကြသည်။

အမျိုးသမီးအချို့က သူ့ရဲကောင်းလို့သတ်မှတ်ပြီး အားကိုးချင် ကြသည်။ ဒီမှာသူပိုးနေသည့် မိန်းမတစ်ယောက်ရှိလေ၏။

အမျိုးသမီးအမည်က အေးကြည်သာ ...

ချောလွန်းလို့ လူတိုင်းရဲ့စိတ်ဝင်စားမှုကို ခံနေရသူ။

အဲဒါ ညဘက်သွားပိုး စကားပြောပြီးပြန်အလာ မှောင်ရိပ်လမ်းကြားအရောက် ...

"ရှီး"





"ဖောက်"

"ဟိုက် ... လေးခွနှင့်ပစ်ပဟ"

ပထမတစ်ချက်၊ နောက်နှစ်ချက်။ မကြာခင် ပစ်ချက်များက စုံလာ၏။ အုန်းပေါက် မှောင်ထဲမှာဝင်လာသည့် ခဲလုံးလောက်စာလုံးကို ရနိုင်သမျှဖမ်း၍ လူးလွန့်လှည့်ဖယ်ရှောင်လိုက်သည်။

အလို ... လောက်စာလုံးများက ရွှံ့လောက်စာလုံးမဟုတ်။

ဂေါ်လီလုံးနှင့်ဓာဝီသံလုံးများ ...

သူမြွေတစ်ကောင်လို တွားသွားရင်း အထ ...

"ဝိုး"

လေကိုတိုးသည့်အသံက ပြင်းစူး၍ဝပ်ချလိုက်စဉ် ရှေ့က သစ်ပင်ကို ဒုတ်ခနဲ လာစိုက်နေ၏။ နှုတ်ယူကြည့်လိုက်တော့ မြားချွန်တစ်ချောင်း။ မှုတ်ပြောင်းနှင့်ပစ်တာပါလား။ ကြည့်စမ်း ...။ သူ့ကို အသေလုပ်ကြံကြတာပါလား။

သူရနိုင်သမျှခဲလုံးများကို ဘယ်ညာကိုင်လိုက်ပြီး အသံလာ အမှောင်ထဲသို့ အဆက်မပြတ် ပစ်သွင်းလိုက်သည်။

အလုံးငါးဆယ်ခန့် မနားတမ်းပစ်သွင်းလိုက်ရာ မှောင်ထဲနေ ရာအချို့မှ အော်ဟစ်ညည်းညူသံအချို့ကြားရပြီး ပြေးလွှားအော်ဟစ် ကြုံးဝါးသံများ ဆူညံသွားခဲ့သည်။

အများနှင့်တစ်ယောက် ရန်မီးမပွားလို၍ လျှို့ဝှက်စွာပုန်း ကွယ်ပြီး ရှောင်ရှားခဲ့လိုက်ရ၏။ နောက်နေ့ သတင်းကြားရသည်။ ၎င်း အရပ်မှ လူငါးဦး ခေါင်းပေါက်၍ တစ်ယောက် မျက်စိထိသွားသည် တဲ့။ ခက်သည်က သူတို့သည် နေ့ခင်းမှာ ပြောင်စိန်ခေါ်၍ မလုပ်ရဲ ခိုးကြောင်ခိုးဝှက်သာ လုပ်ရဲသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် အုန်းပေါက်က နောက်နေ့ ဇရပ်ကကုက္ကိုပင်မှာ စာသွားကပ်လိုက်သည်။

"သိပ်မိုက်တဲ့ကောင် လက်ညှိုးထောင်"

အုန်းပေါက်

ထိုစာကပ်လိုက်သည့်အချိန်ကစ၍ အုန်းပေါက် ဘယ်လိုလူစားလည်းကို အားလုံးသိသွားကြသည်။ ရောက်ရာအရပ်မှာ မကြည်သလိုလုပ်လာလျှင် သိပ်မိုက်တဲ့ကောင် လက်ညှိုးထောင်ဟု အော်ပစ်လိုက်လေ၏။

သူ့ကြုံးဝါးသံကြားလျှင် ဘယ်သူမျှ လက်ညှိုးထောင်ဖို့ဝေးလို့ မျက်စောင်းပင်မထိုးရဲကြ။ ကြာတော့ အုန်းပေါက်က အဲဒီအရသာကိုခံစားပြီး ငါမှငါပါလားဟု ဘဝင်မြင့်စပြုလာခဲ့လေသည်။

တစ်ခါမှာ . . .

အုန်းပေါက် ကျားသစ်တစ်ကောင်နှင့် ရင်ဆိုင်ကြုံခဲ့ရ၏။

သူတို့အရပ်သည် ပဲခူးမြစ်နံဘေးမှာရှိရကား ကျားသစ်တစ်ကောင်ကြည့်ရတာ ရေစီးနှင့်မျောပါပြီး ရွာထဲဝင်လာပုံရ၏။ နွားများ၊ ဝက်များ ကျားသစ်အကိုက်ခံရ၏။ လူအချို့ ကျားသစ်အကိုက်ခံရ၏။ ရွာလူကြီးများ ဓားလှံများနှင့်လိုက်ရှာကြသော်လည်း ကျားသစ်ကိုမတွေ့ကြ။

ဒီမှာ အုန်းပေါက် ဝါးရင်းတုတ်တစ်ချောင်းကိုင်၍ ညဘက်ကျားသစ် အရှာထွက်ခဲ့သည်။ ဘယ်သူ့ကိုမျှ အသိမပေး။ ဒီမှာ သစ်ပင်ပေါ်မှ ဟဲခနဲ အသံကြားလိုက်ရပြီး လွှားခနဲ ခုန်ချအုပ်လိုက်သည့်အသံကိုကြားလိုက်ရ၍ သူဝါးရင်းတုတ်ကိုကိုင်ပြီး လှမ်းခုန်ရှောင်လိုက်သည်။





ကျားသစ်က သူ့ရှေ့မှာခုန်အုပ်ရန် အသင့်ဝပ်လို့။

သူ လရောင်ရှိရာလမ်းဘက်သို့ ကျားသစ်ကို မျှားခေါ်လိုက်သည်။ ကျားသစ်က သူ့ကိုခုန်အုပ်လိုက်သည်။

အုန်းပေါက်ကလည်း နောက်ကျွမ်းပစ်၍ ရှောင်လိုက်သည်။ ကျားသစ်နှင့်သူ လရောင်မြေပြင်မှာ တစ်ခုန်စာ အနေအထားဖြစ်သွား၏။ ဒီမှာကျားသစ်က နီရဲရဲမျက်လုံးနှစ်လုံးနှင့် သူ့ကိုစိုက်ကြည့် လှည့်ချောင်းပြီး အမြီးကောက်ကောက်ကို လူးလွန့်လို့ အငိုက်ကြည့်နေချောင်းနေသည်။

အုန်းပေါက်မျှားသည့်သဘောနှင့် ညာဘက်သို့ လှည့်ပြေးမလိုဟန်ပြင်လိုက်စဉ် ကျားသစ်က လေကိုခွင်း၍ ခုန်အုပ်လိုက်တော့သည်။ အုန်းပေါက် ဝါးရင်းတုတ်ကိုစုံကိုင်ပြီး လှည့်ရိုက်လိုက်သည်။ ကျားသစ်ရဲ့ဘယ်လက်ကို အားပြင်းလှသောဝါး ရင်းတုတ်ရိုက်မိပြီး ကျားသစ်အော်၍ ပြုတ်ကျသွားကာ ညွတ်သွားသည်။

သင်း ဘယ်လက်ကျိုးသွားမှန်း အသံကြားရုံနှင့် သိလိုက်သည်။ ဒီမှာပဲ ကျားသစ်က ညာလက်နှင့်အားယူပြီး ဝင်ကုတ်ရန်ပြင်လိုက်စဉ် ကျားသစ်ရဲ့ဦးခေါင်းနှာနှရှိရာသို့ ဝါးရင်းတုတ်နှင့် စုံကိုင်ရိုက်လိုက်သည်။

"ဖြောင်း"

"ဖောင်း"

"ဖလူး . . . ဖလူး"

"ဖောင်း"

"ခွပ်"

"ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း . . . ဖောင်း . . . ဖောင်း"

နှာနုကိုထိ၍ ဖင်ထိုင်သွားသည့် ကျားသစ်ရဲ့အင်္ဂါကို ထပ်မံလှုပ်ရှားမှုမပေးတော့ဘဲ ဝါးရင်းတုတ်နှင့်နှာရိုးကိုချည်း အဆက်မပြတ်ဖိရိုက်ပစ်လိုက်သည်။ နှာခေါင်းရိုးကျိုးပြီး သွေးဖြိုင်ဖြိုင်ကျကာ ကျားသစ်ခေါင်းစိုက် လူးလွန့်ဟိန်းဟောက်ပြီး မီရာရရာကိုကုတ်ခြစ်နေစဉ် အားရှိနေသော ညာလက်ကိုရိုက်ချိုးပစ်လိုက်၍ ကျားသစ်လက်နှစ်ချောင်းကျိုး၊ နှခေါင်းကျိုး၊ မျက်စိကန်းပြီး မြေပြင်မှာခေါင်းစိုက်နေခိုက် လွှားခနဲ ကျားသစ်ရဲ့အောက်ပိုင်းကို ခုန်ဝင်လိုက်ပြီး ကျားသစ်ရဲ့ခါးရိုးကို ဝါးရင်းတုတ်နှင့် အားရှိပါးရှိ ငါးချက်ဆင့်ရိုက်ပစ်လိုက်သည်။ ကျားသစ်ခါးဆစ်ရိုးပြုတ်ပြီး မကြာခင် ဆန့်ငင်ဆန့်ငင်ဖြစ်ရာမှ ငြိမ်ကျသွားခဲ့လေတော့သည်။

သူကျားသစ်ကိုယ်လုံးပေါ် တက်ခုန်ကြည့်သည်။ ကျားသစ်မလှုပ်တော့။ အပြောက်အကွက်နှင့် အလွန်လှသော ကျားသစ်ရယ်။ အမြီးများမှ နှာဖျားအထိတိုင်းကြည့်တော့ အရှည်ငါးတောင်ကျော်ရှည်နေ၏။

သူ ကျားသစ်သေကို ကြီးမားသော ပခုံးပေါ်သို့ထမ်းလိုက်ပြီး အိမ်ရှိရာသို့ ပြန်လာခဲ့လိုက်သည်။

အချိန်က သန်းခေါင်ကျော်။ တစ်ရွာကြီးလုံး ကျားသစ်ရန်ကြောက်၍ ခြံတံခါး အိမ်တံခါးအလုံပိတ်ပြီး အိပ်မောကျနေချိန်။ မိုးလင်းရော . . .

အိမ်ရှေ့မှာ ကျားသစ်သေကြီးအား ဓားတစ်ချောင်းနှင့် အရေခွံလှန်၍ဖျက်နေသည့် သူ့ကိုမြင်ပြီး တစ်ရွာလုံးအံ့ ဩကုန်ကြ၏။ ထိုနေ့က ရွာလူကြီးများအပါအဝင် ရွာလုံးကျွတ်လူအုပ်ကြီးသည် သူ့အိမ်ရှေ့မှာ





ဖွေးဖွေးလှုပ်နေ၏။

ရွာလူကြီးက သူ့ကိုမေးသည်။

"အုန်းပေါက် မင်းဒီကျားသစ်ကို သတ်လိုက်တာလားဟင်"

"အင်း . . ."

"ဘယ်လိုလုပ်သတ်လိုက်တာလဲ အုန်းပေါက်ရာဟင်"

ဒီမှာအုန်းပေါက်က သွေးစွန်းနေသည့် ဝါးရင်းတုတ်ကို ရွာလူကြီးများရှေ့မှာ ပစ်ချပြလိုက်သည်။

"ဘာ . . . ဒီဝါးရင်းတုတ်နဲ့၊ ဟုတ်လား"

"အင်း . . ."

"အံ့ရော . . . အုန်းပေါက်ရာ။ ငါတို့က ဒီနေ့ပဲ မြို့ရဲစခန်းကို ကျားသစ်ဝင်သောင်းကျန်းနေတာ သွားအကြောင်းကြားမလို့"

"လိုသေးလို့လားဗျ"

"အဲ . . . အဲ . . . မ . . . မလိုတော့ပါဘူး . . . ငါ့လူရာ။ ငါ့လူကျေးဇူး ကြီးပါပေ့ကွာ။ အဟဲ . . . ဟဲ . . . ဟဲ"

"နေပါဦး . . . ကိုအုန်းပေါက်ရာ၊ ကျွန်တော် မေးခွန်းတစ်ခုလောက် မေးပါရစေဗျာ"

"မေးပါ ဆရာ"

"ကိုအုန်းပေါက်က သိုင်းပညာမျိုးစုံလည်းတတ်တယ်။ ပြီးသိုင်းသမားလေးငါးဆယ်ယောက် ဓားလှံလက်နက်နဲ့ ဝိုင်းခုတ်ရင်တောင် ပွန်းရာရှရာမရှိအောင် ရှောင်နိုင်ပြီး သူတို့ကို အနိုင်ယူနိုင်တယ်။ ဒါ့အပြင် မျက်စိလည် လမ်းမှားရောက်လာသောင်းကျန်းတဲ့ ကျားသစ်ရိုင်းလို သားရဲကိုတောင် ဝါးရင်းတုတ်တစ်ချောင်းနဲ့ အသေသတ်အနိုင်ယူပြီး အရေခွံဆုတ် အိမ်ရှေ့မှာချိတ်ထားရဲတဲ့လူက ဘာဖြစ်လို့တစ်မြိ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒဏ်ရာဒဏ်ချက်တွေပလပ္ပွနဲ့ ကြောက်လန့်ချောက်ချား ဖြစ်ခဲ့ရတာလဲဗျ''

''မပြောချင်ပါဘူး ဆရာရယ်''

''ဇာတ်သိမ်းက ဆုံးမှကောင်းမှာ မဟုတ်ဘူးလားဗျာ''

''ပြောရခက်လွန်းလို့ပါဆရာ''

''ဘာလဲ . . . ခင်ဗျားထက် ပိုစွမ်းပိုအရည်အချင်းပြည့်တဲ့ သိုင်းသမားလူစွမ်းကောင်းနဲ့ ကြုံခဲ့ရလို့လား''

''မဟုတ်ပါဘူးဆရာ''

''ဒါဖြင့် ဘာကြောင့် ခင်ဗျားကြောက်လန့်တကြား ဖြစ်ခဲ့ရတာလဲ''

''ဟူး . . .''

သူက သက်ပြင်းရှည်ကြီးချ၍ ခေါင်းတညိတ်ညိတ် လုပ်နေ၏။

''လောကမှာ ထူးဆန်းတဲ့ ဖြစ်ရပ်ဆန်းကြယ်တွေ ရှိတယ်ဆရာ''

''ရှိတာပေါ့ဗျာ''

''ဒါနဲ့ ဆရာမှိုင်းရာ . . . ဆရာမှိုင်း ပရစိညာဉ်လောကကို ယုံကြည်လက်ခံသလားဗျာ''

''ဘုရားဟော တရားဓမ္မများအရ (၃၁)ဘုံ ရှိတယ်လို့ဆိုတာကိုး။ အဲဒီမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ရယ်လို့ အနိမ့်စားအညံ့စား ပရစိညာဉ်လောကလေးဘုံ ပါနေတယ်လေဗျာ''

''ဆရာ တစ္ဆေသရဲနဲ့ ကိုယ်တွေ့ကြုံဖူးသလားဟင်''

''ကြားဖူးပါတယ်။ ကြုံဖူးလို့လည်း ပရစိညာဉ်လောကရဲ့ ဖြစ်





ရပ်ဆန်းကြယ်တွေအကြောင်း ကျွန်တော်ဝတ္ထုရေးနေတာပေါ့။ ခင်ဗျားရောယုံလား ကိုအုန်းပေါက်''

''ကျွန်တော် မယုံဘူးဆရာ''

''ဘာဖြစ်လို့''

''ကိုယ်တွေ့တစ်ခါမှ မကြုံဘူးလို့ပဲ''

''ဒါဖြင့် ခင်ဗျားကြောက်လန့်ချောက်ချားခဲ့ရတာ လူကြောင့်လား၊ ပရစိညာဉ်ကြောင့်လား''

''အဲဒါ ကျွန်တော်တိတိကျကျ ဒီနေ့အထိ မသိသေးဘူး''

''ကြုံတာတော့ ကြုံခဲ့ရပြီးပြီပေါ့''

''ကြုံပြီးပြီ''

''အဲဒီ ကြုံရပုံဆန်းပြားချက် ပြောပြဗျာ''

www.burmeseclassic.com

www.burmeseclassic.com

# | ၄ |

❑

အုန်းပေါက်က သူ့ကိုနိုင်တဲ့လူ ဒီနယ်တစ်ရိုးမှာမရှိဟု အကြွင်းမဲ့ယုံကြည် ယူဆထား၏။ ဘုရားပွဲတကာတက်၍ လက်ဝှေ့ပွဲများမှာ လက်ဝှေ့ထိုးခဲ့၏။ အနိုင်ရသည်ချည်းဖြစ်၏။

ဒါကြောင့် ကြွေးဝါး၏။

သိပ်မိုက်တဲ့ကောင် လက်ညှိုးထောင်ပေ့။

ဒီကြွေးဝါးသံကြားလျှင် အားလုံးအသံတိတ်။

တစ်နေ့ . . . အုန်းပေါက်ရဲ့ဘကြီး ဘုန်းကြီးက သူ့ကိုမေး၏။ ပြော၏။

''အုန်းပေါက်''





''ဘုရား''

''မင်းရဲ့ သိပ်မိုက်တဲ့ကောင် လက်ညှိုးထောင်ဆိုတဲ့ ကြွေးကြော်သံကို ရပ်ပစ်ဖို့ အချိန်တန်ပြီ အုန်းပေါက်''

''ဘာဖြစ်လို့လဲဘုရား''

''မင်းသိုင်းပညာမှာ ယှဉ်နိုင်သူမရှိအောင် တတ်မြောက်ကျွမ်းကျင်ကျော်ကြားတာ ငါတို့တစ်နယ်လုံးသိပါတယ် အုန်းပေါက်။ အခု မင်းရဲ့ကြွေးကြော်သံက နယ်တကာ ရပ်တကာလှည့် ပြိုင်ဘက်ဖိုလ်မထား စိန်ခေါ်နေတဲ့ ကြွေးကြော်သံပဲ။ ဒါ လူလိမ္မာရဲ့ ကြွေးကြော်သံ မဟုတ်ဘူး အုန်းပေါက်။ ဒီကြွေးကြော်သံက လူဆိုး၊ လူမိုက်၊ လူရမ်းကားတွေရဲ့ ဘဝင်မြင့်၊ သွေးကြွ ငါမှငါဆိုတဲ့အတ္တ မာန်မာနနဲ့ ကြွေးကြော်တဲ့ အသံပဲ။ ကြားရသူရဲ့နားဝမှာ နားဝင်မချိုဘူး။ နားခါးစရာ၊ ခံပြင်းစရာကောင်းတဲ့ အသံပဲ။

ကိုယ့်ကိုနိုင်မည့်သူ မပေါ်သေးခင်မှာ ကိုယ်က လူစွမ်းကောင်းပဲ။ အေး . . . ကိုယ့်ကိုနိုင်မည့်သူ ပေါ်လာခဲ့လို့ ကိုယ်က အဲဒီသရဖူကို စွန့်လွှတ်လိုက်ရပြီဆိုရင် ကိုယ်ကအရှုံးသမား ဖွတ်ကျားဖြစ်သွားရော။ အကြောင်းကြောင်းကြောင့် ကြည့်မရလို့ ငြိမ်နေကြသူတွေက ကိုယ်နိမ့်သွားရင် ဝမ်းသာအားရ လက်ခုပ်တီးကြရော။

ဒါကြောင့် ဒီကြွေးကြော်သံဆိုးကိုရပ်ပစ်ပြီး ကိုယ့်ကိုယ်ကိုယ် လူတိုင်းချစ်အောင် ပြုပြင်ကြိုးစားစမ်းပါ အုန်းပေါက်ရာ။ ဒီလိုမှ မဆင်ခြင်ဘူးဆိုရင် မင်းတစ်နေ့ အရှက်တကွဲအကျိုးနည်းပြီး ဒုက္ခရောက်လိမ့်မယ်။ ကြားလား . . .''

''မှန်ပါဘုရား''

ဘကြီးဘုန်းကြီးကိုသာ မလွန်ဆန်၍ ခေါင်းညိတ်ခဲ့ရ၏။ သိပ်



www.burmeseclassic.com

www.burmeseclassic.com



တော့ လက်မခံချင်။ ဘကြီးဘုန်းကြီးကား ပေါ့သေးသေးတော့မဟုတ်။ သူလည်း တစ်ချိန်တစ်ခါပျို့ရွယ်စဉ်က ဒီနယ်တစ်ရိုးမှာ ပြိုင်ဘက်မရှိ မြန်မာ့ရိုးရာလက်ဝှေ့သမားကြီး ဖြစ်၏။

သိုင်းပညာဆရာတစ်ဆူလည်း ဖြစ်၏။

လက်ဝှေ့ကြိုးဝိုင်းထဲမှာ သူ့လက်သီးဒဏ်ကြောင့် ကျိုးသွား ကန်းသွား ဦးနှောက်အာရုံကြော ထိခိုက်သွားသူများ မနည်းခဲ့။

မောင်းတစ်လုံး ဖိုးချိတ်ဆိုလျှင် ရိုးရာလက်ဝှေ့သမားတိုင်း သိုင်းပညာရှင်တိုင်း သိကြ၏။ ဖိန့်ဖိန့်တုန်လေးစား ကြောက်ရွံ့ကြ၏။ မောင်းတစ်လုံးလက်သီးက ပွဲသိမ်းကြမ်းပြီး မြန်ပေသကိုး။ နောင်အခါ သူ့ကို နောင်ကြဉ်သွားအောင် ပညာပေးခဲ့သူပေါ်လာခဲ့၏။

ပညာပေးသူက အဘိုးကြီးတစ်ဦး ...

ထီးတစ်ရာ ဘုရားပွဲလက်ဝှေ့ကြိုးဝိုင်းမှာဖြစ်၏။

ဒီတုန်းက နာမည်ကြီးလက်ဝှေ့ကျော် ဆင်ပေါက်ကြီးဖိုးတီကို သုံးချီအလဲထိုးပြီး ဘက်တူရင်လူမရွေးပါဘူး လူကလေး။ ကျုပ်ဖိုးချိတ်ပါ။ သံလက်သီးလာလာ၊ ကျောက်လက်သီးလာလာ၊ ဖုတ်ဖက်ခါပြန်ထရင် ကျုပ်အသက်အပါနုတ်မယ်။ လုပ်ရဲရင်ထွက်ဟု ကြိုးဝိုင်းထဲမှာ လက်ပန်းပေါက်ခတ်ရင်း ဘဝင်မြင့်မြင့် သွေးကြွကြွနှင့် စိန်ခေါ်ခဲ့၏။

ဒီမှာပဲ ပွဲခင်းထဲမှ နှုတ်ခမ်းမွေးဖြူဖြူ ဆံပင်ကုပ်ဝဲနှင့် အဘိုးကြီးအရွယ်လူကြီးတစ်ဦး ကြိုးဝိုင်းဒိုင်ရှိရာသို့ဝင်လာပြီး တစ်စုံတစ်ရာ ပြောနေ၏။

"ကျုပ် အဲဒီလက်ဝှေ့ကျော်ကြီးနဲ့ ယှဉ်ပြိုင်ထိုးချင်တယ်"

"ဗျာ"





"ဘယ်လို"

"ဘယ်ဖြစ်မှာလဲ"

ကြိုးဝိုင်းဒိုင်လူကြီးငါးဦးသည် အဘိုးကြီးကိုကြည့်ပြီး ငြင်းဆန်ကြ၏။ အဘိုးကြီးက လွယ်အိတ်ညိုကြီး လွယ်ထား၏။ ဖျင်ကြမ်းတိုက်ပုံရင်ကွဲနှင့် ပုဆိုးဖြူညစ်ညစ်ခပ်တိုတိုဝတ်လို့။

"ဘာလို့မဖြစ်ရမှာလဲ၊ ကျုပ်သူ့ကို ယှဉ်ထိုးရဲပါတယ်"

"ဘကြီး အသက်ကြီးနေပြီ သေသွားလိမ့်မယ်"

"ဟိုက နာမည်ကျော်လက်ဝှေ့ ဗိုလ်မထားဗျ"

"မလုပ်ပါနဲ့ဘကြီးရာ တောင်းပန်ပါတယ်"

"ဒီမှာ ကျုပ်အတွက် ကျုပ်အာမခံလက်မှတ်ထိုးပါမယ်"

လူကြီးကလည်း လုံးဝကိုအာမခံသည်။ လူအများကလည်း စိန်ခေါ်သူလူကြီးရဲ့ အသံကိုကြားပြီး ဝိုင်းကြည့်နေကြသည်။

ဒီမှာ ကြိုးဝိုင်းထဲကနေ လက်ဝှေ့ရေးပြနေသည့် ဘကြီးကို ပြိုင်စံရှားဦးချိတ်က ...

"ဘာလဲ ... ဒီလူကြီးက ကျုပ်နဲ့ထိုးမလို့တဲ့လား"

"ဟုတ်တယ်"

"ဘုန်းကြီးငါးပါးကြိုပင့်ပြီး ခေါင်းပါအနားထားပြီးမှ စင်ပေါ်တက်ခဲ့"

ဒီမှာပဲ အောက်ကတိုက်ပုံရင်ကွဲနှင့်အဘိုးကြီးက စင်ပေါ်က လက်ဝှေ့ကျော် ဦးချိတ်ကို မော့ကြည့်ပြီးပြန် အော်လိုက်သည်။

"ဟေ့ကောင် ... ချိတ် ငါ့လက်သီးကြောင့် မင်းသေသွားရင် မင်းမိန်းမကရော အမျိုးတွေရော မျက်ရည်သိမ်းနိုင်ပါ့မလား"

"ဟား ... ဟား ... ဟား ... ကျုပ်မှာ ငိုမည့်မိန်းမ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ပဲ''

''ဒါဆို ကျူပ်ကို စင်ပေါ်တက်ထိုးခွင့်ပေးကြပါ''

ဒီမှာပဲ အခြေအနေကိုသိသွားသော ပရိသတ်က အဘိုးကြီးကို ထိုးခွင့်ပေးရန် ဝိုင်းအော်ကြသည်။ လက်ဝှေ့ရုံသည် ဆူညံနေသည်။

နောက်ဆုံး အဘိုးကြီးရဲ့စိတ်သဘောအတိုင်း ကျူးကန်းအသက်သေဆုံးပါက မည်သူ့ကိုမျှအမှုမလုပ်ပါ။ ကိုယ့်တာဝန်ကိုယ်ယူပါသည်ဆိုသည့် ခံဝန်ကတိသာချုပ်ကို လက်မှတ်ရေးထိုး၍ ခွင့်ပြုလိုက်ရတော့သည်။ စင်ပေါ်မှ စိန်ခေါ်နေသူ ကိုငချိတ်ကို ယှဉ်ပြိုင်မည့် လူတစ်ဦး ကြိုးဝိုင်းထဲဝင်လာသောအခါ လူတိုင်းအံ့သြပြီး သြဘာလက်ခုပ်များ တီးကြလေ၏။

ဆိုင်းဝိုင်းက ဗိန်းဗောင်းသံကလည်း ဆူနေအောင်တီးလေ၏။

အဘိုးကြီးက တိုက်ပုံရင်ကွဲကိုချွတ်လိုက်ရာ သူ့ကိုယ်ပေါ်မှ အင်းစမကွက်များကိုကြည့်ပြီး ပရိသတ်အချို့က အားရသွား၏။ အချို့က ရယ်ကြ၏။ အသေစောတော့မည်ဟု ခနဲ့ကြ၏။

ပုဆိုးကို ချွတ်၍ဘောင်းဘီတိုပေါ်မှာ ပတ်လိုက်တော့ ဒူးဖုံးအပြည့် ထိုးကွင်းမင်ကြောင်များကိုကြည့်ပြီး သြဘာပေးကြပြန်၏။

နာမည်ကျော် ကိုငချိတ်က ပိန်ခြောက်ခြောက် ခါးကုန်းကုန်း နှုတ်ခမ်းမွေးဖြူဖြူ ဆံပင်ကုပ်ထောက်နှင့် ပြိုင်ဘက်ဆိုသူလူကြီးကို ကြည့်၍ ထိုးသတ်ရမှာ အားနာနေ၏။

ဒီမှာ ခေါင်းဆွဲက စင်ပေါ်မှ ကြေညာပေးလိုက်၏။

''ပရိသတ်များခင်ဗျား၊ ပြိုင်ဘက်မှန်ရင် မိုလ်မထားတဲ့ အောင်လံဆုရ လက်ဝှေ့ကျော်ကိုငချိတ်နှင့် ထိုးသတ်မည့်သူကတော့ ဘတိုက်ပုံဦးရာကျော်ပါတဲ့ခင်ဗျား''

''ရှိုး ... ရှိုး ...''

''ဖြောင်း ... ဖြောင်း ... ဖြောင်း ...''

''ဘတိုက်ပုံကွ''

''ဦးရာကျော်ကွ''

''သေချင်လို့ တောပြောင်းတဲ့ အဘိုးကြီးဟေ့''

''ဘကြီး မှာစရာရှိမှာထား။ နောင် ပြောလို့မရဘူးနော်''

သူ့ဘက်ကိုယ့်ဘက် အမျိုးမျိုးအားပေး အော်ဟစ်နေကြသည်။ ဒီမှာ နှစ်ယောက်သားလက်ဆွဲနှုတ်ဆက်လိုက်ရာ ဦးငချိတ်မျက်နှာ ရှုံ့သွားလေ၏။ အကြောင်းကား ...

ဘတိုက်ပုံဦးရာကျော်ဆိုသူ အဘိုးကြီးရဲ့ ညာလက်ညှစ်အားသည် ပြုတ်တူနှင့်ညှစ်လိုက်သလို ခံစားလိုက်ရသောကြောင့်တည်း။

''ဒေါင် ...''

ပထမအချီ စချေပြီ။

ဘတိုက်ပုံဦးရာကျော်က ဒူးကိုခင်း၍ ဒူးအလယ်နှင့် ပေါင်ကို ပုတ်ပြီး မေးထိုးပေးလိုက်၏။

''ဖောင်း''

''ခွပ်''

''သွားပဟ''

ဘတိုက်ပုံ ဦးရာကျော်ခေါင်းလည်၍ ကြိုးတန်းပေါ်လည်ကျသွားပြီး ကြိုးပြန်ကန်လို့ လှည့်သွား၏။ ငချိတ်က ပင့်လက်သီးတစ်လုံး သွင်းလိုက်၏။ ဦးရာကျော် အောက်မေးကိုထိပြီး ကြိုးဝိုင်းထဲသို့ ဝင်သွား၏။







www.burmeseclassic.com

www.burmeseclassic.com



သွေးတော့မထွက်။

ချော်ရဲ့လူများက ဩဘာပေးကြ၏။

"ခေါင်းပြုတ်သွားအောင်လုပ်ပါ ကိုချော်ရ"

"မျက်နှာအရေခွံကို ခွာပစ်လိုက်ပါဟ ချော်ရ"

"ခြေသလုံးရိုးပါ ချိုးပစ်လိုက်ကွာ"

ခုချိန်ထိ ဘတိုက်ပုံဦးရာကျော်က လုံးဝပြန်မထိုး။ သက်သက်မဲ့ အထိုးခံသလို လုပ်နေတာလား၊ ပိုက်ဆံလို၍ ရှုံးကြေးကရုဏာကြေးလိုချင်လို့ လုပ်နေသလား။ ဝေခွဲလို့မရ။

ဒီမှာပဲ ပထမအချီစေ့သွား၍ ကိုယ့်ထောင့်မှာကိုယ် နားလိုက်ကြ၏။ ဘတိုက်ပုံဦးရာကျော်ကို သျှောင်ပေစူးနှင့် (၁၃)နှစ်ခန့်ရှိသော ကလေးတစ်ဦးက ချွေးသုတ်ရေတိုက်လုပ်ပေး၏။

နာမည်ကျော်လက်ဝှေ့ဆရာကြီး ချော်နံဘေးမှာတော့ တပည့်တပန်းများက ဝိုင်းဝိုင်းလည်လို့။

"ဒေါင် ..."

ဒုတိယအချီ စပြီ။

စသည်နှင့် ချော်ကနှစ်ချီနှင့်ပွဲသိမ်းရန် နွားရိုင်းဝှေ့သလို လိုက်ထိုးသည်။ ဘတိုက်ပုံဦးရာကျော်ဆိုသူ ထိုးကွင်းမင်ကြောင်နှင့် လူကြီးက တစ်လုံးမျှပြန်မထိုး။ ချော်ထိုးသမျှ လက်သီးများကို ရှောင်ပြလိုက်ရကား ...

ချော်ရဲ့ နာမည်ကျော် ပွဲသိမ်းလက်သီးချက်များက မြားဦးလို၊ ကျည်ဆန်လို၊ ဝီးခနဲ၊ ဝင်းခနဲ၊ ဟယ်ခနဲ။

ရှောင်သူရဲ့ရှောင်ဟန်ကလည်း ကြာကြာကြည့်လေ ဇာတ်မင်းသား မေးထိုးခေါင်းငဲ့ကနေသလို အပြုံးမပျက်၊ ချွေးမထွက်။





ချော်ပင် ထိုးရင်းအံ့ဩနေ၏။ သူ့လက်သီးကို ဒီလို မထိမ့်မြင် ရှောင်နိုင်သူရှားသည်။

တစ်ခါမျှ မတွေ့ဖူး။

ခုတွေ့နေရပါပြီ။

ချော်ဝိုက်၍ ခြေဖမိုးနှင့်ခတ်လိုက်၏။

သင်းက ငုံ့တယ်ဆိုရုံလေး ရှောင်လိုက်၏။ ကန်ချက်ကလွဲသွား၏။ ထိလျှင် နားထင်အကွဲ သွေးအရွဲ။

လွှားခနဲခုန်ဝင်ပြီး ဒူးနှင့်ရင်ဝကို ပင့်တင်လိုက်သည်။ ပင့်ဒူးကို လက်ဝါးနှင့်စုံအုပ်၍ဖိချလိုက်ရာ သူ့ဒူးကျိုးသွားပြီလား ထင်ရ၏။

ပရိသတ်ရဲ့လက်ခုပ်သံများ ဆူညံနေသလို စောစောကအထင်သေးခဲ့သော အမှတ်ပေးဒိုင်လူကြီးများပင် အံ့ဩနေကြ၏။

"ဘယ်နယ်ကလဲ မသိဘူး"

"အေးဗျ ... ရှောင်ချက် ကောင်းလိုက်တာဗျာ"

"တစ်လုံးမျှ မထိုးသေးဘူးဗျ"

"ထိုးရင် ကြည့်ကောင်းမယ်"

ဒီမှာ ဒုတိယအချီ စေ့သွား၏။ အဘိုးကြီး ဦးရာကျော် နားနေသည့်ထောင့်မှာ လက်ဝှေ့သမားလူငယ်လူရွယ်များ ဝိုင်း၍အားပေးကုန်ကြပြီး အချို့ကချွေးများ သုတ်ပေးကြ၏။ အကြောလျှော့ပေးကြ၏။

တတိယအချီ ...

နှစ်ချီနှင့်ပွဲသိမ်းလိုသော နာမည်ကြီးချော် ဒီအဘိုးကြီး အလကားလူမဟုတ်မှန်း ရိပ်စားမိလိုက်ပြီ။ ဘယ်နယ်သားလဲ။ သူ့ဆ[illegible] ဘယ်သူလဲ။ ဘယ်နှစ်ပွဲစား လက်ဝှေ့သမားလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း . . . ဒီအချိမှ ပွဲမသိမ်းနိုင်လျှင် သူနာမည်ထိခိုက်မည်ကို ငချိတ်နားလည်လိုက်ပြီ။

ဒိုင်တာလွှတ်သည်နှင့် နွားရိုင်းလိုဝင်ပူး၍ တံတောင်ဒူး ပင့်လက်သီး ဘယ်ညာဝိုက်လက်သီးများနှင့် မနားတမ်း ဝင်တိုက်ထိုးတော့သည်။ လူကြီးက နောက်ဆုတ်အရှောင် မျက်နှာကိုကာ၍ဝှက်၍ ခါးကုန်း၍ ဒူးနှင့်ကွယ်၍ ကျောပေး၍ လက်ကြက်ခြေခတ်ကာ၍ ရှောင်လိုက်သည်။

"ဘကြီး ထိုးပါတော့"

"ထိုးပါ . . . ဘကြီးရ၊ အသေထိုးလိုက်ပါ"

"ဘကြီး ငြိမ်မခံပါနဲ့တော့ဗျ"

"ပြန်ထိုး . . . ပြန်ထိုး . . ."

သုံးချီရောက်သော် ငချိတ် မော၍လာလေပြီ။ သူ့ထိုးချက်များ လူကြီးရဲ့မျက်နှာကို မထိ။ ရင်ဝကို မထိ။ ကန်ရလွန်း၍ သူ့ခြေဖဝါးများပင် နာကျင်နေပြီ။ လူကြီးဘာမှ မဖြစ်သေး။

ဒီမှာပဲ လူကြီးက သူ့ရင်ဘတ်ကို လက်မနှင့်ထိုးပြီး ငါ့အလှည့်ဟုပြောကာ လက်သီးတစ်လုံး ပစ်ဝင်လိုက်သည်။

လက်သီးဝင်တယ်လို့ မထင်။

လျှပ်စီးလက်သည်ဟုထင်လိုက်ရပြီး ငချိတ်မျက်နှာပေါ်သို့ လက်သီးတစ်လုံးတန်းဝင်ကာ နှာခေါင်းမှအသံမြည်ပြီး သွေးရဲခနဲကျလာခဲ့သည်။ ငချိတ် ကျလာသည့် နှာခေါင်းသွေးကို ညာလက်နှင့်အုပ်၍ သပ်လိုက်သည်။

သပ်လို့မရ။ သွေးက မတိတ်။ တစ်ပွဲတိုးထုံးမန်းပါ မစွမ်းတော့။





ဒီမှာ သူဒေါသကြီးစွာနဲ့လူကြီးကို ဝင်ပူးလိုက်သည်။ လူကြီးက ချာခနဲလှည့် ညာခြေနှင့်ပတ်ကန်လိုက်သည်။

"ဖောင်း . . ."

"ခွပ်"

"အား . . ."

"ဟာ . . ."

"သွားပဟော့"

"ဟ . . . ဟ . . . ငချိတ် လည်နေပြီဟ"

ငချိတ်ရဲ့ညာနားအုံကို ဘတိုက်ပုံဦးရာကျော် ပတ်ခြေဝင်သွားခဲ့ပြီ။ ကျယ်လောင်သော အသံမြည်ကာ နားမှသွေးများစီးကျပြီး ယိုင်တိုင်ယိုင်တိုင်နှင့် ကြိုးတန်းပေါ် မှောက်လျက်ကျသွား၏။

ဒိုင်က အမှတ်စဉ်ရေတွက်နေ၏။

တစ်၊ နှစ်၊ သုံး၊ လေး . . .

ငချိတ်ရဲ့မျက်လုံးထဲမှာ ကြယ်ညီလာခံကျင်းပနေ၏။ ကြိုးဝိုင်းချာချာလည်နေ၏။ လူတွေရဲ့အော်ဟစ်သံကို ကြားရ၏။ လူတွေကို မမြင်ရတော့။ ကမ္ဘာကြီးအထက်အောက် ပြောင်းပြန်လည်ပတ် တိမ်းစောင်းနေ၏။

ငါး၊ ခြောက်၊ ခုနစ်၊ ရှစ် . . .

နောက်ဆုံး . . .

ဟိုးလေးကျော် ဗိုလ်မထားပြိုင်ဘက်မရှိ အောင်လံဆုပေါင်းများစွာကို လက်နှီးနှင့်လက်သုတ်ပဝါ ထည်လဲလုပ်ခဲ့သော နာမည်ကြီးလက်ဝှေ့ကျော်ငချိတ် ကြမ်းခင်းကို ကျိုးသွားသောနှာခေါင်းနှင့် ထင်ဆင့်နမ်းရှုပ်ပြီး မှောင်မိုက်သောကမ္ဘာရှိရာသို့ အလည်ရောက်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုအချိန်အစ၍ ဦးငချိတ် လက်ဝှေ့မထိုးတော့။

ထိုးလို့လည်း မရ။ နှာခေါင်းရိုးကျိုးပြီး ညာဘက်နားကန်းသွားသည်။ ညာဘက်နား လုံးဝမကြားတော့။ ထိုးကွင်းမင်ကြောင်နှင့် သူ့အထင်သေးခဲ့သည့် ဘတိုက်ပုံဦးရာကျော်ကို လေးစားစွာကန်တော့တောင်းပန်ရန် လိုက်ရှာခဲ့သော်လည်း လုံးဝ ရှာမတွေ့ခဲ့။

မည်သူ့ကိုမေးမေး မသိဟုသာဖြေကြ၏။

အနိုင်ကြေးရငွေများအား ဦးတိုက်ပုံက ပရဟိတဘုန်းတော်ကြီးကျောင်းသို့ အားလုံးလှူခဲ့သည်ဟုသာ ကြားလိုက်ရသည်။

သည်နောက် ...

ဤပညာနှင့်တပည့်လည်း မမွေး။

သူ့တူအုန်းပေါက်ကိုသာ လိုအပ်သလောက်သင်ပေးပြီး အပြီးတိုင် သင်္ကန်းဝတ်သွားသည်။ သင်္ကန်းဝတ်ဘဝနှင့် ကျင့်ကြံရင်း အမြင်အာရုံထူးများရ၍ သူ့ကို ကိုးကွယ်ဆည်းကပ်သူ ပိုများသည်။

သရဖူမြေဖူးသော လက်ဝှေ့ကျော်ဘကြီးက သူ့ကိုဘဝင်မမြင့်နှင့်၊ မိုက်လုံးမကြီးနှင့်၊ ငါမငါလို့ အထင်မကြီးနှင့်။ ငါ့လိုဘဝမျိုး တစ်နေ့ မင်းရောက်လိမ့်မည်ဟု ပြောသွားခဲ့သည်။

သူယုံရခက်ခက်။

မယုံရခက်ခက်။

[ ၅ ]

❑

တစ်ည ...

အုန်းပေါက်ရည်းစားအိမ်မှ စက်ဘီးနင်းစီးပြီး ပြန်လာခဲ့လိုက်သည်။ ကောင်းကင်မှာ လကသာနေ၏။

အချိန်သန်းခေါင်ခန့် ...

ဘယ်လိုလူမျိုးမှ သူ့ကို ချောင်းမရိုက်ရဲကြတော့။ သူသင်္ချိုင်းကုန်းတစ်ခုကို ကျော်လာခဲ့လိုက်သည်။

ရွာက လူအတော်များများက ဒီသင်္ချိုင်းကုန်းအနီးမှ ညသန်းခေါင်ကျော် ဖြတ်မသွားရဲကြ။

ညဘက်သန်းခေါင်မှာ မိန်းမတစ်ယောက် ဆံပင်ဖားလျားနှင့် ထွက်ပြီး လူတွေ့လျှင် ထမင်းတောင်းသည်ဟု ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းရှေ့က ညောင်ပင်မှ အရပ်(၁၀)ပေကျော် လူကြီးတစ်ဦး လျှာထုတ်ပြသည်ကို အချို့ ကြုံရသည်ဆို၏။

အချို့ကလည်း . . .

အလွှန်အရပ်ပုသော လူပုပုသေးသေးလေးများ အုတ်ဂူပေါ်မှာ ဆော့ကစားနေသည်ဟု ဆိုကြ၏။

တစ်ယောက်ကမူ သချိုင်းဂူပေါ်မှာ မိန်းမကြီးတစ်ယောက် မီးလုံးကြီးများနှင့် ကစားနေသည်ဟုပင် ဆိုလိုက်သေး၏။

'ရွှေကြို' ရွာသူ မငြိမ်းယဉ်နှင့်ရည်းစားဖြစ်ခဲ့ပြီး သူ့ရွာလက်ပံကုန်းမှ ခုလို သွားသွားလည်ခဲ့သည်မှာ ဒါနှင့်ဆို သုံးကြိမ်ရှိခဲ့ပြီ။ ချစ်သူက သူ့ကိုစောစောပြန်ရန် အမြဲပြော၏။

"ဘာလို့လဲ မငြိမ်း"

"ကန်တော့ကုန်းသချိုင်းက သရဲအခြောက်ကြမ်းလို့ပါအစ်ကို"

"လူနဲ့ကျားသစ်တောင် မကြောက်သေးတာ သရဲတစ္ဆေများမှုစရာလား ငြိမ်းရာ။ အစ်ကိုတစ်ခါမျှ သရဲတစ္ဆေ မတွေ့ဖူးဘူး။ သိပ်တွေ့ချင်တာပဲ"

"အို . . . အစ်ကိုကလည်း သရဲတစ္ဆေက လူလုံးပြချင်မှပြတာ"

"ဟာ . . . မင်းတို့ရွာသားတွေပြောတော့ ကန်တော့ကုန်းသချိုင်းက အမျိုးမျိုးခြောက်ဆို။ အစ်ကိုသွားနေတာ သန်းခေါင်သန်းလွဲပါကွာ။ တစ်ခါမှ ကြုံခဲ့ပေါင်ဗျာ"

"နောင်ကို စောစောပြန်ပါအစ်ကိုရယ် မငြိမ်း စိုးရိမ်လို့ပါ"

"မပူပါနဲ့ကွာ။ သရဲပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် သိပ်မိုက်တဲ့ကောင် လက်ညှိုးလက်မထောင်ပြီး ထွက်လာစမ်းပါစေကွာ။ အုန်းပေါက်နဲ့တွေ့





ရင် ကုန်းကောက်စရာအရိုးတောင် ရှာလို့မတွေ့ရစေဘူး စိတ်ချ"

ချစ်သူငြိမ်းကို အဲဒီလို လက်မထောင်ပြောပြီး လေလေးချွန်၍ ကက်ဘီးစီးလာခဲ့လိုက်သည်။

ကန်တော့ကုန်းသချိုင်းအနားကို ရောက်ခဲ့ပြီ။

ဦးစွာ ခွေးအူသံများစ၍ ကြားရသည်။ သည့်နောက် ငှက်ဆိုးထိုးသံ ကြားလိုက်ရသည်။ ကျောချမ်းချင်စရာ။ သို့သော် သူမချမ်းခဲ့။ ဒီလိုနှင့် အရပ်(၁၀)ပေကျော်သရဲရှိသည်ဟု နာမည်ကြီးလှသော ညောင်ပင်နားသို့ ရောက်လာခဲ့သည်။

အဲဒီမှာ သူ ဖြူဖြူပုပုအရာကို မြင်လိုက်ရသည်။

ဖြူဖြူပုပုအရာက ရွှေ့လျားလာပြီး သူ့စက်ဘီးရှေ့မှ ပိတ်၍ရပ်လိုက်၏။ သူကြည့်လိုက်သော လူကြီးတစ်ဦး။.

တိုက်ပုံအင်္ကျီရင်ကွဲနှင့်။

ပြုံးပြုံးပြောက်ပြောက် လရောင်အောက်မှာ မြင်ရသည်ကား ခံပင်ကုပ်ထောက် နှုတ်ခမ်းမွေးဖြူဖြူနှင့်။

"ဘာကိစ္စလဲ ဘကြီး"

"ငါ့တူ ဘယ်ကိုသွားမလို့လဲ"

"ရွာပြန်မှာပါ အကြုံလိုက်ချင်လို့လား"

"ဟင့်အင်း . . . ပြောစရာရှိလို့ပါ"

"ဘာလဲ ဘကြီး"

"ဒီည ဒီသချိုင်းရှေ့က ဖြတ်မသွားပါနဲ့"

"ဘာလို့"

"ဒီည သန့်ပုံမရလို့"

"ဘကြီး ဘာကိုပြောနေတာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီသချိုင်းရှေ့ကမင်းဖြတ်ရင် ဒီည မင်း အန္တရာယ်တစ်စုံတစ်ရာနဲ့ ကြုံရနိုင်လို့"

"လူလား၊ သရဲလား"

"အဲဒါ မသိဘူး။ ငါ့စိတ်ထဲမှာ စနိုးစနောင့်ဖြစ်နေလို့ မင်းကို သတိပေးရတာပါ"

"ဘကြီးက ဘယ်ရွာကလဲ"

"ငါ့မှာ ရွာအတည်တကျ မရှိဘူး"

"ဘကြီး နာမည်ရော"

"ငါ့နာမည်ငါ မေ့နေတယ်"

"ဟင် . . . ဘကြီး စိတ်ရောမှန်ရဲ့လား"

"စိတ်မှန်လို့ မင်းကို ကြိုသတိပေးတာပေါ့"

"ဘကြီးအခု ဘယ်မှာအိပ်မှာလဲ"

"ဟိုဘက်ရွာသချိုင်းမှာ သွားတရားထိုင်မလို့"

"ဘကြီးက လူလား၊ သရဲလား"

"လူပါ"

"စစ်ရဲ့လား"

"ကိုင်ကြည့်ပါ"

လူကြီးက လက်ကမ်းပေးလိုက်သည်။ သူ့ကိုလုပ်ကြံချင်လို့များ သွေးဆောင်ဖြားယောင်းနေတာလား၊ လှည့်ဖြားနေတာလား။ သူ လူကြီးကို အကဲခတ်လိုက်သည်။ အသက်အလွန်ကြီးလှပေပြီ။

လူချင်းယှဉ်ချရလျှင် ဒီလိုအဘိုးကြီးကို စာဖွဲ့စရာ အကြောင်းမရှိ။ သို့သော် လူလား၊ သရဲတစ္ဆေလား။ ကွဲကွဲပြားပြား သိချင်သည်။ သို့နှင့် လူကြီးလက်ဖဝါးကို ကိုင်ကြည့်လိုက်သည်။





အုန်းပေါက်ရဲ့လက် ခဲတတ်လိုက်သလို ကျဉ်ခနဲဖြစ်သွား၍ အလျင်အမြန် လက်ကိုရုပ်သိမ်းလိုက်ရသည်။

"ကိုင်း . . . အဘသွားမယ်၊ အဘနဲ့လိုက်ခဲ့မလား"

"မလိုက်ဘူး"

"ဆက်သွားမယ်ပေါ့"

"ဟုတ်တယ်"

"အကြောင်းထူးရှိခဲ့ရင် အဘဟိုဘက်ရွာ သချိုင်းမှာရှိတယ်။ လိုက်လာခဲ့"

လူကြီးကပြောပြီး လွယ်အိတ်ဖောင်းဖောင်းကြီးလွယ်၍ စိုက်စိုက်ငိုက်ငိုက်နှင့် ထွက်သွားတော့သည်။

သူလို အသက်အရွယ်ကြီးရင့်သူတောင် အချိန်မတော် သချိုင်းတကာ လျှောက်သွားရဲသေးရင် မိမိလို နာမည်ကျော် တွေ့မရှောင် ထိမရခုတ်မရ သိုင်းသမားက ဘာမသွားရဲ မလာရဲစရာရှိလို့လဲ။

သူစက်ဘီးကို နင်း၍လာခဲ့လိုက်သည်။

ငါးမိနစ်ခန့်နင်းလာတော့ သချိုင်းရှေ့လမ်းမပေါ် ရောက်လာသည်။ ဒီမှာ စက်ဘီးနင်းရင်း လေးလာ၏။

သဲလမ်းလည်း မဟုတ်။ ဂဝံလမ်း။ ဘာကြောင့် လေးပါလိမ့်။ လေးပုံက လူတစ်ယောက် တင်နင်းလာရသလိုမျိုး။

သူစက်ဘီးကိုရပ်၍ ကယ်ရီယာခုံကို လှည့်ကြည့်လိုက်သည်။ ဘာမျှမရှိ။ ထိုစဉ် နှင်းဆီပန်းရနံ့မျိုး သူ့နှာခေါင်းဝသို့ ဝင်လာ၏။ ပြီး ရယ်သံလိုလို ကြားရ၏။ ရယ်သံက မိန်းမပျိုတစ်ယောက် အနီးကပ်၍ ရယ်လိုက်သည့် အသံမျိုး။

အုန်းပေါက် အံ့ဩသွား၏။ ဟုတ်ရဲ့လား။ နောက်ပြန်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ လူကိုမတွေ့ရ။ နှင်းဆီပန်းရနံ့ ရနေသည်။ လမ်းလျှောက်သံလို ကြားရသည်။ သူများ စိတ်ထင်လို့လား။

ထိုစဉ် သူ့ရှေ့သို့ ဘုတ်ဆို ပစ္စည်းထုပ်တစ်ခုကျလာ၏။ စက်ဘီးကမီးမပါ၍ မမြင်ရ။ မီးခြစ်နှင့်ခြစ်၍ ကုန်းကြည့်လိုက်သည်။ ထမင်းထုပ်လို အထုပ်မျိုး။ မွှေးကြိုင်နေ၏။ ကြက်သားဟင်းရနံ့မျိုး။ ဘယ်သူများပစ်ချလိုက်ပါလိမ့်။ လူလည်းမတွေ့ရ။ ဘာမှန်းမသိရသည့် ထူးထူးဆန်းဆန်းဖြစ်စဉ်များကို ကျောခိုင်းကာ ခေါင်းနားပန်းကြီးစွာဖြင့် သချိုင်းရှေ့မှ ဖြတ်ကျော်စီးနင်းလာခဲ့လိုက်၏။

သို့ကလို အားစိုက်၍စီးနင်းလာစဉ် ရှေ့တည့်တည့်မှာ ဆေးလိပ်မီးရဲရဲအရောင်တစ်ခုကို မြင်လိုက်ရသည်။ ဖွာခနဲ ရဲခနဲ။ ကြည့်ရတာ လူတစ်ယောက်လမ်းလယ်ကောင်မှာ ဆေးလိပ်ဖွာ၍လာနေပုံမျိုး။

မျက်နှာချင်းဆိုင်။

အုန်းပေါက်တိုက်မိမှာစိုး၍ စက်ဘီးဘဲလ်ကို တီးလိုက်သည်။ အလို ... ဆေးလိပ်မီးပိုင်ရှင်က လုံးဝလမ်းနံဘေးကို ဆင်းမရှောင်။ တည့်တည့်ရင်ဆိုင်လာနေ၏။

သို့နှင့် အုန်းပေါက်ညာဘက်သို့ကပ်၍ နင်းလိုက်သည်။ သင်းက ညာဘက်ကိုဆင်း၍ မီးဖွာနေ၏။ ခက်သည်ကား ဆေးလိပ်မီးရှင်နှင့် ကိုယ်သည် ခြေလှမ်းဆယ်လှမ်းမျှသာကွာ၏။ သို့သော် ဆေးလိပ်မီးကိုမြင်ရပြီး လူလုံးကို မမြင်ရ။ ဘယ်ဘက်ကို ကိုယ်ကရှောင်လျှင် ဆေးလိပ်မီးကဘယ်ဘက်မှာ ပိတ်၍ရပ်နေ၏။

ဟော ... သူနှင့်ကိုယ် မျက်နှာချင်းဆိုင်တွေ့ပြီ။ ကြည့်စမ်း လူကိုမမြင်ရ။ ဆေးလိပ်မီးရဲရဲနှင့် မီးခိုးများက သူ့ရှေ့မှာ တရဲရဲ တထောင်းထောင်း။ ကြည့်ရတာ ကိုယ်ပျောက်ဝတ်စုံဝတ်ပြီး သူ့ကို





'ချဲလင်း'လုပ် စိန်ခေါ်နေတာလား။

ခုလည်းကြည့် ...။ ရှေ့ စက်ဘီးရှေ့တည့်တည့်မှာရပ်ပြီး ဆေးလိပ်ဖွာ မီးခိုးမှုတ်နေသည်။ လူကိုမမြင်ရ။ ဘယ်လိုလူလဲ။

"ဟေ့ကောင် ... မင်းဘာကောင်လဲ"

မေးလိုက်တော့ ဆေးလိပ်မီးပိုရဲပြီး မီးခိုးနှင့်သူ့မျက်နှာကို မှုတ်ပစ်လိုက်သည်။ အုန်းပေါက် ဒေါပွသွားခဲ့ပြီ။ ဒါ သူ့ကိုစမ်းနေတာ။ စိန်ခေါ်နေတာ။

"မင်းငါ့ရှေ့က ဖယ်နော်။ မဖယ်ရင် ပစ်တိုက်လိုက်မယ်"

ဆေးလိပ်မီး ပိုရဲသွားပြန်သည်။

"ဟာ ... ဒီလောက်ဖြစ်လှတာ၊ ကိုင်းဟာ ... ကိုင်းဟာ"

အုန်းပေါက် ဒေါသထွက်ထွက်နှင့် ဆေးလိပ်မီးရှိရာကို ဦးတည်ပြီး စက်ဘီးဝင်တိုက်လိုက်၏။ တိုက်တော့ ဆေးလိပ်မီးက နောက်တစ်လှမ်းဆုတ်သွား၏။ မရှောင်။ မဖယ်။ သူနောက်တစ်ကြိမ် ထပ်တိုက်သည်။ သင်းကနောက်ကို ဆုတ်သည်။ လိုက်တိုက်သည်။ ဒီလိုနှင့် အချိန်အတန်ကြာသွားခဲ့ပြီ။

လူလည်း ချွေးစို့လာသည်။

အုန်းပေါက် စက်ဘီးကိုရပ်၍ ဒေါက်ထောက်ထောင်လိုက်ပြီး ...

"ဟေ့ကောင် ... အုန်းပေါက်ဆိုတာ ငါပဲကွ။ မင်းကငါ့ကို လူလုံးမပြဘဲ ရန်စ စိန်ခေါ်တာပေါ့။ တွေ့ကြရောပေါ့ကွာ။ မင်းရပ်နေ။ မပြေးနဲ့၊ နောက်မဆုတ်နဲ့"

မျက်စိရှေ့က ဆေးလိပ်မီးက နေရာမှမရွေ့ ရပ်နေသည်။

"အုန်းပေါက်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျား"

"ဝီ ... ဝီ ... ဝီ"

အုန်းပေါက်ရဲ့ ဗန်တိုလက်သီးများလေထဲမှာ ခုန်ပျံလူးလိမ့်ထွက်သွားသည်။ ထိုးချက်က တစ်စုံတစ်ခုကို ထိသလိုခံစားရသည်။ သူအချက်ပေါင်းများစွာ ထိုးပစ်လိုက်သည်။ လက်သီးလုံးရေမခန့်မှန်းနိုင်တော့။

လက်သီးပြန်ကန်သလိုခံစားရပြီး လက်သီးနှစ်လုံး ထုံလာခဲ့သည်။ သည့်နောက် ခြေထောက်နှစ်ချောင်းနှင့် ပတ်ကန်သည်။ ဆောင့်ကန်သည်။ ဒါသကြောင့် မျက်စိထဲမှာ ချွေးသီးများစို့လာပြီး မျက်လုံးအမြင်ဝါးလာသည်။ ဆေးလိပ်မီးကို မြင်ရတစ်ချက်။ မမြင်ရတစ်ချက်။

ဆေးလိပ်မီးရောင်က သချိုင်းထဲ ဝင်သွားသလိုလို။

သူ ခြေနှင့်ကန်သည်။ လက်သီးနှင့်လိုက်ထိုးသည်။ တစ်ကိုယ်လုံး ချွေးများရွှဲနစ်၍ မောဟိုက်နေပြီ။ ဆေးလိပ်မီးပိုင်ရှင်က ကြောက်ပါပြီ၊ ရှုံးပါပြီဟု တစ်ခွန်းမပြော။

မပြောမချင်း အုန်းပေါက်က ရှိသမျှခွန်အားနှင့် ပညာကိုသုံး၍ တိုက်သည်။ မကြာခင် သူခြေကုန်လက်ပန်းကျ၍ မောဟိုက်ပြီးဒူးထောက်လဲကျသွားခဲ့သည်။

နားထဲမှာ ချွေးအူသံများ ကြားနေရသည်။

ငှက်ဆိုးအကောင်းပေါင်းများစွာ ထိုးအော်ဟစ်နေသံများ ကြားရသည်။ မျက်လုံးဖွင့်၍ မရတော့။ မေ့မြောချင်သလို ဖြစ်သွားသည်။ ဒီမှာ အသံမျိုးစုံနှင့် ရယ်သံများကြားနေရသည်။ အလွန်နံသော အပုပ်နံ့ဆိုးများ သူ့ကို ဝန်းရံနေသည်။

သည့်နောက် ...





ခြေထောက်ပေါင်းများစွာတို့က သူ့ကို ကန်ကျောက်နေသည်ဟု မြောသလိုဖြစ်စဉ်မှာ ခံစားနေရသည်။

သူနာကျင်လွန်း၍ အော်ဟစ်ပြီး ကုန်းရုန်းထလိုက်သည်။

အလို ... သူ သချိုင်းကုန်းအုတ်ဂူနှင့် မြေပုံများအကြားရောက်နေပါလား။ ဒီမှာ ... မည်းခနဲ ရိပ်ခနဲ တံလျှပ်လိုလို၊ လရိပ်ရောင်ပြန်ပြေးလိုလို၊ လူလိုလို၊ ဘာလိုလိုအရာများ ဝိုင်းလာသလို မြင်လိုက်ရပြီး သူ သချိုင်းထဲမှ အားကုန်ပြေးလာခဲ့သည်။

လှည့်ကြည့်လိုက်တော့ ...

ဆေးလိပ်မီးရဲရဲ။

မီးရဲရဲက နောက်ကနေ အပြေးလိုက်လာသလိုမျိုး။ သူ ဒီဆေးလိပ်မီးရဲရဲ ကိုယ်ပျောက်သတ္တဝါကို စိမ့်၍ကြောက်လာသည်။ သူ့တစ်ကိုယ်လုံး ပေါက်ပြဲ၍ သွေးခြင်းခြင်းရဲနေပြီ။

အုန်းပေါက် အသားကုန်ပြေးလိုက်သည်။

စက်ဘီးကို သတိမရတော့။

တစ်နာရီခန့် လျှာတန်းလန်းထွက်အောင် ပြေးခဲ့သည်။ အိမ်ကိုတန်းမပြေး။ ဘကြီးဘုန်းကြီး ဦးငချိတ်ကျောင်းကို အရောက်ပြေးခဲ့ပြီး အော်ခေါ်လိုက်သည်။

"ဘကြီး ဘုန်းကြီး"

"ဘကြီး ဘုန်းကြီး"

"ဘကြီး ... ဘကြီး ..."

"ဟေ့ ... ဘယ်သူလဲ အချိန်မတော်"

"ဘကြီး ... ကျွန်တော် ... အုန်း ... အုန်းပေါက်ပါ အား ..."



www.burmeseclassic.com

www.burmeseclassic.com



အုန်းပေါက် နောက်ပြန်လှည့်ကြည့်အော်ဟစ်ပြီး သတိလုံးဝ လစ်သွားခဲ့တော့သည်။ ဘကြီးဘုန်းကြီး ဦးဧချိတ်နှင့်ဦးဖင်းများ ဘုန်းကြီးကျောင်းသားများ တံခါးဖွင့်၍ အပြေးရောက်လာကြသောအခါ သွေးသံရဲရဲ၊ ချွေးရွှဲရွှဲနှင့် သတိလစ်မေ့မြောနေသော သူ့တူ သိုင်းသမားကြီး အုန်းပေါက်ကိုမြင်ရကာ လွန်စွာအံ့သြသွားလေ၏။ သို့နှင့် ကျောင်းပေါ်သို့ပွေ့ယူပြီး နှာနှပ်၍ကုလိုက်မှ အုန်းပေါက်သတိရလာပြီး အော်ဟစ်တော့သည်။

"ဆေးလိပ်မီးနဲ့လူ"

"ဆေးလိပ်မီးနဲ့လူဗျ"

"အုန်းပေါက် ... သတိထားစမ်း၊ မင်းလာဖြစ်လာတာလဲ"

"ဆေးလိပ်မီးရဲရဲနဲ့ ကျွန်တော် ... ချလာ ... သတ်လာ"

"ဘယ်နားမှာ ဖြစ်တာလဲ"

"ကန်တော့ကုန်း ... သ ... သချိုင်းရှေ့မှာ။ ဒီ ... ဒီလူ အရမ်းကြောက်ဖို့ကောင်း ... ကောင်း ..."

အုန်းပေါက်ဟာ ဘကြီးဘုန်းကြီးရဲ့ ခြေအစုံကိုဖက်ပြီး ကြောက်ရွံ့သလို တုန်လှုပ်နေသည်။ ဒီမှာဘကြီးက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကယောင်ချောက်ချားဖြစ်နေသော သူ့တူတော်မောင်ရဲ့ အခြေအနေကို ရိပ်စားမိသွားပြီး ရေစင်ရေမန်းများဖြန်း၍လည်းကောင်း၊ ဂါထာတော်မန္တန်များ မန်းမှုတ်၍လည်းကောင်း ကုသပေးလိုက်မှ အုန်းပေါက်ပြန်လည်သတိကောင်းမွန်ပြီး ဒဏ်ရာပွန်းပဲ့ထိခိုက်မှုများကို ဆေးထည့်လိုက်ကြလေသည်။

ဒီမှာ အုန်းပေါက်ကြုံခဲ့ရသည့် ဖြစ်ရပ်ဖြစ်စဉ်များကို ပြန်လည်ပြောပြလိုက်သောအခါ ...





"အုန်းပေါက်"

"ခင်ဗျာ ... ဘဘုန်း"

"မင်း အဲဒီနှုတ်ခမ်းမွေးနဲ့ လူကြီးရဲ့နာမည်ကို မမေးခဲ့ဘူးလား"

"မေးတယ် ... ဘဘုန်း။ သူ့နာမည်သူ မေ့နေသတဲ့"

"ဟာကွာ ..."

"ဘာဖြစ်လို့လဲဟင်"

"ငါ့ကို လွန်ခဲ့တဲ့နှစ်နှစ်တုန်းက လက်ဝှေ့ကြိုးဝိုင်းပေါ်မှာ ပညာပေးသွားတဲ့လူကြီးနဲ့ တူလို့"

"ဗျာ ... ဘဘုန်းပြောတဲ့ ဘတိုက်ပုံဦးရာကျော်လားဟင်"

"အိမ်း ..."

"သူကတော့ကြိုပြောသွား ဘဘုန်းရ။ အဲဒီနေရာက မဖြတ်နဲ့။ အန္တရာယ်နဲ့ ကြုံလိမ့်မယ်တဲ့။ ကျွန်တော်က သူ့အပြောကို လုံးဝ မယုံကြည်ဘဲ ကိုယ့်သတ္တိကိုယ်ယုံပြီး စွန့်စားလိုက်လို့ ထူးထူးဆန်းဆန်း ကြုံပြီး ခံခဲ့ရတာ။ ဒါနဲ့ ... ဘဘုန်း"

"ဘာတုံး"

"လူလုံးကိုယ်ထည် မမြင်ရဘဲ၊ ဆေးလိပ်မီးရဲရဲပဲ ရင်ဆိုင်မြင်ရတာ အဲဒါဘာလဲဟင်"

"သရဲလား၊ တစ္ဆေလားပဲ"

"ဗျာ ... သရဲတစ္ဆေ"

"ထင်တာကို ခန့်မှန်းပြောရတာကိုး။ သချိုင်းကုန်းရှေ့မှာ ညသန်းခေါင်ကြီး ဖြစ်တာဆိုတာကိုး။ နောက်တစ်ချက် သရဲတစ္ဆေစစ်စစ် မဟုတ်ရင် ဆောင့်ကြွားကြွားနဲ့ ပညာဂုဏ်ဝံ့ပြီး ဘဝင်မြင့်နေတဲ့မင်းကို



www.burmeseclassic.com

www.burmeseclassic.com



များ ငါ့ကို ပညာပြဆုံးမသွားတဲ့ လက်ဝှေ့ကျော် လူထူးဆန်းဘတိုက်ပုံ ဦးရာကျော်ဆိုသူက ပညာပေးဆုံးမချင်လို့ ပဋ္ဌလက်နည်းပညာဆန်းကြယ်ကိုအသုံးပြုပြီး နှိပ်ကွပ်သွားရှာသလားပဲ။ အုန်းပေါက်၊ ဒါကြောင့်မင်းကိုငါ ကြိုပြောသမို့လား။ ဘဝင်မမြင့်နဲ့။ ပညာမာန်မတက်နဲ့။ ကိုယ်နိုင်တယ်ဆိုတာ ကိုယ့်ကိုနိုင်တဲ့သူ မပေါ်သေးလို့ပဲ။

နိုင်တဲ့သူ ပညာပေးနှိပ်ကွပ်မည့် လူပုဂ္ဂိုလ်နဲ့တွေ့ရင် သရေမြေခပြီး တံခွန်စိုက်ဖလား ခွေးစားခွက်ဖြစ်ရောဆိုတာလေ။ ဒါကိုသဘောပေါက်ရင် မာန်တက်လူမုန်းများတဲ့ ကြွေးကြော်သံနဲ့ လက်မမထောင်နဲ့ ငါ့တူ။ လူချစ်လူခင်ပေါများပြီး ရန်သူကင်းမဲ့တဲ့စကားကို ပြောလို့အားလုံးတန်ဖိုးထားတဲ့ သိုင်းပညာရှင်လက်ဝှေ့သမားကောင်းဖြစ်အောင်ကြိုးစားပြုပြင်လေရော့ ... ငါ့တူရေ"

| ၆ |

❑

ကိုအုန်းပေါက်က သူ့ရဲ့သည်းထိတ်ရင်ဖို ဘဝအတွေ့အကြုံနှင့် တစ်ခါမျှမကြုံဘူးသော ဖြစ်ရပ်ဆန်းကြယ်အတွေ့အကြုံကို ပြန်မပြောပြီး ကျွန်တော်မေးမည့်မေးခွန်းကို ငံ့လင့်နေ၏။

"အခု ကိုအုန်းပေါက် မာန်ကျသွားပြီလား"

"ကျသွားပြီ ဆရာ။ သိပ်မိုက်တဲ့ကောင် လက်ညှိုးထောင်လို့လက်ပန်းပေါက်ခတ်ကြွေးကြော်သံကို နိဂုံးချုပ်ပြီး သိပ်ချစ်သူ လက်ညှိုးထောင် ဆိုတဲ့စကားကို ပြောင်းလဲသုံးစွဲပြုပြင်ခဲ့ပါပြီ ဆရာ"

"ကောင်းတယ်ဗျာ၊ သိပ်ကောင်းတယ်။ ဒါနဲ့ ကိုအုန်းပေါက်ကို နောက်ဆုံးတစ်ချက် မေးပါရစေဗျာ"

"မေးပါဆရာ"

"ကိုအုန်းပေါက်ကို ပညာပေးသွားတာ သရဲ၊ တစ္ဆေလား၊ လူလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဒီနေ့အထိ ကျွန်တော်စဉ်းစားလို့ မရသေးဘူးဆရာ"

"ဒါဆိုအခုရော ခင်ဗျားအဲဒီသင်္ချိုင်းရှေ့က ညဘက်ဖြတ်သွားသေးသလား"

"ကြေးကြော်သံအသစ်နဲ့ ဘ၀ကိုပြုပြင်ပြီးနောက်ပိုင်း အားလုံးနဲ့ လိုက်လျောညီထွေ ပေါင်းသင်းဆက်ဆံပြီးနောက်ပိုင်း အဲဒီသင်္ချိုင်းကနေ ဖြတ်သွားပါတယ်ဆရာ။ ဟို . . . ဆေးလိပ်မီးရဲရဲလည်း မတွေ့မကြုံရဘူး။ မိန်းမရယ်သံနဲ့ ပန်းရနံ့၊ အပုပ်နံ့လည်း မရတော့ပါဘူးဆရာ"

"ဒါဆိုရင် ကိုအုန်းပေါက်"

"ပြောပါ ဆရာမှိုင်း"

"မဟုတ်မှလွဲရော ခင်ဗျားဘကြီး ဘုန်းကြီးကောက်ချက်ချသလို ဘတိုက်ပုံဦးရာကျော်ဆိုတဲ့ လူထူးဆန်းများ ခင်ဗျားဘ၀ကို ကယ်တင်ချင်လို့ ပဥ္စလက်ပညာရပ်ဆန်းနဲ့များ သိုင်းဝိုင်းပညာပေးသွားရော့လားဗျာ"

ဒီလိုပြောလိုက်တော့ ကိုအုန်းပေါက်က ခေါင်းတညိတ်ညိတ်လုပ်ရင်းမှ . . .

"မပြောတတ်ပါဘူး ဆရာရယ်။ သူသာမှန်ခဲ့ရင် ကိုယ့်ထက်တော်တဲ့ ကျွမ်းတဲ့လူမို့ သူ့ကိုထိုင်ကန်တော့ချင်တာ အကြိမ်ကြိမ်ပါပဲဆရာ။

မောင်ညိုမှိုင်း(သန့်လျှင်)



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

ထောင်ပိုင်ကြီး ဦးဘိုနီခေါင်းဆောင်သော ကျွန်တော်နှင့် ဦးဘုန်းမော်၊ လက်နိုပ်စက်စာရေးကလေး သန်းအောင်တို့ပါဝင်သော ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မန္တလေးမှတစ်ဆင့် ဗန်းမော်မြို့သို့ ရေကြောင်းခရီးဖြင့် ခရီးထွက်ခဲ့ကြသည်။

ဗန်းမော်မြို့အဝင်၌ပင် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်ကြည်ညိုဖွယ်ရာဖြစ်သော ရွှေကျိုးနားစေတီတော်ကြီးနှင့် အိုက်ခေါ်တော်စေတီတော်နှစ်ဆူအား ဖူးတွေ့ရသည်မှာ လွန်စွာ ကျက်သရေရှိလှသည်။ ကုက္ကိုပင်ကြီးများဖြင့် စိမ်းစိမ်းညို့ညို့အုပ်ဆိုင်းနေသော ဗန်းမော်မြို့ကြီးကို ညနေဆည်းဆာအလှနှင့်အတူ မြင်ရသည်မှာ လွန်စွာ သာယာလှသည်။





သင်္ဘောကြီးများ၊ မော်တော်များ၊ စက်လှေများသည် ဗန်းမော်မြို့ သင်္ဘောဆိပ်၌ ဆိုက်ကပ်ထားသည်မှာ စည်ကားလှသည်။ ဗန်းမော်မြို့သည် ဧရာဝတီမြစ် အဆန်ခရီးဆုံး သင်္ဘောဆိပ်မြို့ကြီးတစ်ခုဖြစ်သည်။ ထို့ကြောင့်လည်း အစုန်အဆန် သင်္ဘော၊ မော်တော်စက်လှေတို့ဖြင့် စည်ကားနေခြင်းဖြစ်ပေသည်။

"ဘော် . . . ဘော် . . . ဘော် . . . ဘူ"

သင်္ဘောဥဩသံကြီးကို ကြားရသည်။ ကျွန်တော်တို့စီးလာသော 'ပပဝင်း' ဟူသောသင်္ဘောကြီး ဗန်းမော်ဆိပ်ကမ်းသို့ ဝင်ရောက်လာပြီဖြစ်သည်။ နေလုံးကြီးလည်း ဝင်တော့မည်။ ငွေဈိုင်းဖြူတို့ပင် ကျယ်ပြန့်လှသော သောင်ပြင်ကြီးကို ဖြတ်သန်း၍ ဧရာဝတီမြစ်ကြီး၏ တစ်ဖက်ကမ်းသို့ ပျံသန်းသွားနေကြသည်။

ဆည်းဆာချိန်တွင် တံငါလှေတို့သည် ရွာအပြန်လမ်းတွင် ကရွေ့ရွေ့ လှော်ခတ်နေကြသည်။ ဧရာဝတီမြစ်ကြီးကတော့ ကြူခြေရှစ္စာ တသွင်သွင် တညင်ညင် ဖြေးညင်းစွာ စီးဆင်းနေသည်။ မြစ်ပြင်တစ်ခုလုံး ရွှေအိုရောင်တောက်ပနေသည်။

ကျွန်ုပ်တို့အဖွဲ့နှင့်အတူ ခရီးသည်များ သင်္ဘောပေါ်မှဆင်းပြီး သောင်ပြင်ကြီးကို ဖြတ်ကြရသည်။ သောင်ပြင်ကြီးပေါ်၌ ခရီးသွားများ၊ ရေချိုးဆင်းသူများ၊ စွန်လွှတ်ကစားနေကြသည့်ကလေးများ၊ အထုပ်အပိုးသယ်ဆောင်ထမ်းပိုးသူ လုပ်သားကြီးများဖြင့် စည်ကားလှသည်။ သောင်ပြင်ကြီးကိုဖြတ်ပြီး ပေ (၁၀၀) ခန့်မြင့်သော ကမ်းပါးပေါ်သို့ လှေခါးထစ်များနှင့် တက်ရသည်။

ညနေဆည်းဆာတွင် သဘာဝရှုခင်းအလှသည် ဧရာဝတီမြစ်ပြင်ကြီးဖြင့် လိုက်ဖက်လွန်းလှသည်။ ဆောင်းနှောင်းရာသီဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုညက ဗန်းမော်မြို့တွင် အေးလိုက်ပုံမှာ အောက်ပြည်အောက်သား ကျွန်တော်တို့အတွက် ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသည်။ မြူနှင်းဖွဲဖွဲတို့သည် သိပ်သည်းစွာကျနေသည်။ လမ်းမီးတိုင်များ ပျပျမှိန်မှိန်သာ ထွန်းလင်းနေသည်။ မည်းနက်နေသော ကတ္တရာလမ်းမပေါ်တွင် လူအများ ဥဒဟိုသွားလာနေကြသည်။

မြစ်ကြီးနားနှင့် မန္တလေးမြို့ပြီးလျှင် ဗန်းမော်မြို့သည် စက်ဘီးစီး ခရီးသွားဖော်များလှသည်။ မြင်းလှည်းများလည်းရှိသည်။ ဗန်းမော်မြို့သည် ဧရာဝတီမြစ်အဆန်ခရီးတွင် ညာဘက်ကမ်းပေါ်၌ တည်ရှိပြီး ဧရာဝတီမြစ်ကြီး၏ ပထမမြစ်ကျဉ်းနှင့် ဒုတိယမြစ်ကျဉ်း နှစ်ခုတို့၏ကြား၌ ရှိသည်။

ဗန်းမော်မြို့နယ်၏ အရှေ့ဘက်၌ မိုးမောက်မြို့နယ်၊ အနောက်ဘက်တွင် ရွှေကူမြို့နယ်၊ တောင်ဘက်တွင် မန်စီမြို့နယ်နှင့် မြောက်ဘက်တွင် မြစ်ကြီးနားမြို့နယ်တို့ ဝန်းရံလျက်ရှိသည်။ တောတောင်များဝိုင်းရံနေပြီး ဧရာဝတီမြစ်ကမ်းဘေးမှ သာယာလှပစည်ကားသော မြို့တစ်မြို့လည်း ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ ဆိပ်ကမ်းမှ မြင်းလှည်းစီး၍ ဗန်းမော်ထောင်သို့သွားကြသည်။ မြင်းလှည်းမှာ ရိုးရိုးမြင်းလှည်းမဟုတ်။ အမြင်တွေ့ရနည်းနေပြီဖြစ်သော ရထားလုံးအမျိုးအစားဖြစ်သည်။ သပ်ရပ်သန့်ရှင်းပြီး ပြောင်လက်နေသည်။ ရှေ့ပိုင်းတွင် ကြေးဝါကွပ်ထားသော မှန်မီးအိမ်ကလေးပါသည်။ ရထားလုံးနှင့် လိုက်ဖက်လှသည်။

ရထားလုံးနံဘေး ဘော်ဒီတွင် 'ဘုရင့်နောင်' ဟု ထင်ရှားလှပစွာ ရေးဆွဲထားသည်။ မြင်းညိုကြီးမှာလည်း မဒရပ်မြင်းနီးနီး။ အရပ်အမောင်းကောင်းပြီး သန်မာလှသည်။ 'တုတ်ခွပ် ... တုတ်ခွပ်' နှင့်





ခြေကျညီပြီး အဆွဲအရှိန် အလွန်ကောင်းသည်။ ရထားလုံးမောင်းသူက ကြိမ်တို့စရာမလို။ ချော့မော့ပြောဆိုရုံနှင့် ဒုန်းဆိုင်းပြေးတော့သည်။

ကျွန်တော် ဗန်းမော်မြို့နှင့် ဘုရင့်နောင် ဆက်စပ်နေသည်ကို စဉ်းစားလာမိသည်။ ဗန်းမော်မြို့သည် နယ်စပ်နှင့် ဆက်စပ်နေသည်။ ဘုရင့်နောင်လက်ထက်တွင် လက်နက်နိုင်ငံတော်ကြီးတွင် ပါဝင်ခဲ့ရာ ရှေ့တန်းနယ်မြေလည်းဖြစ်သည်။ ဗန်းမော်မြို့သည် ဧရာဝတီမြစ်ကြီး၏ အထက်ဖျားတွင်ရှိသော်လည်း ပုဂံခေတ်၊ တောင်ငူခေတ်နှင့် ကုန်းဘောင်ခေတ်ကာလများတွင် ရှေ့တန်းဒေသအဖြစ် မားမားမတ်မတ် တည်ရှိခဲ့သည်။

ဗန်းမော်မြို့နယ်သည် ရှေးယခင်ကပင် ကျူးကျော်ဝင်ရောက်လာသော ရန်သူတို့အား ချေမှုန်းသုတ်သင် အောင်ပွဲဆင်နိုင်ခဲ့သည်။ ပုဂံခေတ်က ငဆောင်ချံ၊ ကောင်းစင်ခုခံရေးစစ်ပွဲ၊ ကုန်းဘောင်ခေတ်တွင် ဗန်းမော်၊ ကောင်းတုံစစ်ပွဲ၊ အင်္ဂလိပ်ခေတ်က အထက်ပိုင်းနယ်မြေ ခုခံရေးစစ်ပွဲတို့မှာ သမိုင်းတွင်ရစ်ပေသည်။ တိုင်းတစ်ပါး ကျူးကျော်စစ်ကို တွန်းလှန်ဖြိုခွဲခဲ့သော အဓိကရ နယ်မြေလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

ဗန်းမော်ထောင်ရောက်တော့ ထောင်ပိုင်ကြီးဦးစိုင်းနှင့် ထောင်မှူးကြီး ဦးအေးချိုတို့က ထောင်ဘူးဝမှ ထွက်၍ကြိုပြီး ကျွန်တော်တို့အား ထောင်ပိုင်ကြီးရုံးခန်းတွင် ခေတ္တအနားယူစေ၍ လက်ဖက်ရည် အချိုပွဲများဖြင့် ဧည့်ခံသည်။

"ဆရာတို့လာမည့်ရက်သိရင် ကျွန်တော်တို့ သင်္ဘောဆိပ်ဆင်းကြိုပါတယ်"

ဗန်းမော်ထောင်ပိုင် ဦးစိုင်းက ပဋိသန္ထာရစကားကို ဆိုသည်။

"ရပါတယ်ဗျာ။ ဆိပ်ကမ်းနဲ့ ထောင်က ဝေးတာမှမဟုတ်ပဲ။ ကျွန်တော်တို့ ရထားလုံးစီးလာတာ ရထားလုံးက အတော်ကောင်းတယ်ဗျ"





ထောင်ပိုင်ကြီး ဦးဘိုနီကဆိုရာ ထောင်မှူးကြီး ဦးအေးချိုက . . .

"ဘုရင့်နောင်ထင်တယ်ဆရာ။ ဒီမြို့မှာ ရထားလုံးက (၂)စီးပဲရှိတာ။ ကျန်တာ ရိုးရိုးမြင်းလှည်းတွေပဲ။ ဘုရင့်နောင်ရထားလုံး(၂)စီးကို မြို့တောင်ဘက်က ဦးပေါကြွယ်ပိုင်တာဆရာ။ သူက ရှေးမြန်မာမင်းလက်ထက် စစ်သူကြီးမျိုးရိုး။ အလွန်လည်း ချမ်းသာတယ်ဆရာ။ သူ့ရထားလုံးက တခြားမြင်းလှည်းတွေထက် ဈေးပိုပေးရတယ်"

"ဈေးပိုပေးရပေမဲ့ တန်ပါတယ်ဗျာ။ မောင်းတာလည်း အလွန်ညင်သာတယ်။ မြင်းကလည်း လိမ္မာတော့ ကြိမ်တစ်ချက်မတို့ရဘူး"

ကျွန်တော်ကဝင်ပြောရာ ဦးအေးချို့က . . .

"ကိုသိန်းဝင်းရေ . . . ဗန်းမော်ပတ်ဝန်းကျင်မှာ လေ့လာစရာ ထူးဆန်းတာတွေ အများကြီးရှိပါတယ်။ ခင်ဗျားတို့ အလုပ်ကိစ္စပြီးမှ ကျွန်တော် လိုက်ပို့ပါ့မယ်။ အခုတော့ ခရီးပမ်းလာကြတာမို့ ဧည့်ဂေဟာမှာ အနားယူရင်း ညစာစားကြရအောင် ကျွန်တော် စီစဉ်ထားပါတယ်"

"ကောင်းပါပြီဗျာ"

ကျွန်တော်တို့ ရေမိုးချိုးပြီး အဝတ်အစားလဲနေကြစဉ် ထောင်မှူးကြီး ကိုအေးချိုအသံကို ကြားရသည်။ သူ့အသံက လူကြီးသလို အသံကလည်း ဟိန်းနေအောင်ကျယ်သည်။

"သူငယ်ချင်း ကိုသိန်းဝင်းရေ၊ အဆင်သင့်ဖြစ်ပြီနော့"

"လာပြီ သူငယ်ချင်း။ ခဏကလေး"

ကိုအေးချိုကြီးနှင့် ကျွန်တော်တို့မှာ ထောင်မှူးသင်တန်းအပတ်စဉ် (၆)မှ အတူဆင်းလာကြသူများ ဖြစ်ကြသည်။ ကျွန်တော့်ကျောင်းသားနံပါတ်က (၅၂)၊ သူက (၆၆) နောက်ဆုံးဖြစ်သည်။ သူက ခေါ်ယာ



www.burmeseclassic.com

www.burmeseclassic.com



ဝတီသား အဖေက မီးသတ်ပိုလ်ဖြစ်သည်။ ငယ်စဉ်ကပင် ဝိတ်မ,ခဲ့၍ လူက ထွားကျိုးပြီး ဗလကြီးဖြစ်သည်။ ကျွန်တော်တို့ သင်တန်းတွင် အေးချိုနှစ်ယောက်ရှိရာ သူက ဗလကြီးအေးချို၊ ကျန်တစ်ယောက်က အောက်နှုတ်ခမ်းနှင့် မေးစေ့ကြားတွင် ဆိတ်မွေးကလေးပါ၍ ဆိတ်အေးချိုဟု နာမည်ပြောင်ဖြင့် ကင်ပွန်းတပ်ထားသည်။

ဗလကြီးအေးချိုမှာ ဗလကြီးသော်လည်း အလွန်သဘောကောင်းသည်။ ဂစ်တာလည်း အတီးကောင်း၊ အဆိုကောင်း။ သူ့ ဆိုတီးကလေးက လွန်စွာ နားထောင်၍ကောင်းသည်။ ထို့ကြောင့် သူ့ကို လူတကာက ချစ်ကြခင်ကြသည်။

ကျွန်တော်တို့ ညော်ခန်းရောက်တော့ ဗလကြီးကိုအေးချိုက ညစာစားပွဲကို ဝန်ထမ်း (၂)ဦးနှင့်အတူ ကိုယ်တိုင် ပြင်ဆင်နေသည်။

"ကိုအေးချို ... ပုလင်းတွေက မလိုပါဘူးဗျာ။ ဖိမ်ခံဖို့လာတာမှမဟုတ်ပဲ။ (DE) စစ်ဖို့လာတာပါ"

"ဒီမြို့က ညဘက်ဆို အတော်အေးတာ သူငယ်ချင်းရဲ့။ ဆေးလေးဝါးလေး မှီပဲထား‌ပ တန်ကာကျတာ။ (DE) တွေဘာတွေ ပြောမနေနဲ့ သူငယ်ချင်း။ တာဝန်ကတာဝန်၊ အလုပ်ကအလုပ်၊ အိမ်ရှင်က ညော်သည်ကို ကျွေးမွေးညော်ခံရမှာ ထုံးစံပဲ။ ဟဲ ... ဟဲ ... ဒီအမှုမှာ ကိုယ်မပါတော့ ပြောအားရှိတောပေါ့နော့"

ကျွန်တော်နှင့် ထောင်ပိုင်ကြီးဦးဘိုနီတို့ ဆေးဖြစ်ဝါးဖြစ် အနည်းငယ်စီသောက်ကြပြီး ညစာထမင်းစားကြသည်။ ဦးဘုန်းဇော်ကတော့ မသောက်ပဲ ညစာစားနေသည်။ ကိုအေးချိုကြီးကတော့ ကျွန်တော်တို့ကိုညော်ခံရင်း တစွပ်စွပ်သောက်နေသည်။

"အားရပါးရ စားကြစမ်းပါဗျာ။ ထောင်ပိုင်ကြီး ဦးစိုင်းကျွေး





တာ စားရခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်တော် စားသောက်ဆိုင်က ပိုပိုသာသာ ဝယ်လာခဲ့တာ"

"ကိုအေးချိုက နေ့တိုင်း သောက်သလား။ ခင်ဗျားက အခု ဗလကြီးအေးချို မဟုတ်တော့ဘူးနော်။ လူဝကြီးအေးချိုဖြစ်နေပြီ။ အစားအသောက်ကို လျှော့ဦး"

"အေး ... သူငယ်ချင်းရေ၊ ကိုယ်လျှော့ထားပါတယ်။ စားလည်းလျှော့တယ်၊ သောက်လည်းလျှော့တယ်။ ဘောင်းဘီနဲ့လုံချည်ကို ပြောတာ။ ဟဲ ... ဟဲ ... ဟဲ"

အလွန်ပျော်တတ်သော ဗလကြီးအေးချိုဖြစ်သည်။ နဂိုက ကောင့်တင်းသူမှာ ယခုတော့ ကျွဲပေါက်တမျှ ခန္ဓာကိုယ်ကြီးက ထွားနေသည်။

"သူငယ်ချင်း ကိုယ်က သောက်တတ်စားတတ်ပေမဲ့ နိစ္စဓူဝ တရားထိုင်တာကိုတော့ မပျက်စေရပါဘူး။ ဗန်းမော်မြို့ပတ်ဝန်းကျင်က သချိုင်းတွေ ကိုယ်နှံ့နေပြီ။ အဓိဋ္ဌာန်နဲ့ကိုထိုင်တာ။ မနေ့တစ်နေ့ကပဲ ကမ္ဘာစစ်တုန်းက ကျဆုံးခဲ့တဲ့ အင်္ဂလိပ်သချိုင်းကုန်းကိုတောင် သွားထိုင်ပြီးပြီ။

ဒါကြောင့်ထင်ပါရဲ့ ... အကြားဓာတ်၊ အမြင်ဓာတ်တွေကိုတောင် ရနေတယ်။ နယ်သူနယ်သားရွာတွေကတော့ ကိုယ့်ကို ဘိုးတော်လို့တောင် ခေါ်နေကြတယ်။ ကိုယ်က လူမှုကယ်ဆယ်ရေးလုပ်ငန်းနဲ့ ဗေဒင်ဟော၊ ဓာတ်ရိုက်ဓာတ်ဆင်လည်း လုပ်ပေးတယ်လေ"

"အရက်သောက်တဲ့ ဘိုးတော်ပေါ့နော်"

"ဟဲ ... ဟဲ ... အရင်က ထင်ကြတာကိုပြောတာပါ။ ကိုယ်က ဘိုးတော်လည်းမဟုတ်ရပါဘူး။ အဘိုးသင်ပေးတဲ့ ပညာလေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမာဓိအားနဲ့ပေါင်းပြီး မြင်တာ၊ ထင်တာဟောတာပါ။ တိုက်ဆိုင်သွားတော့လည်း မှန်တာပေါ့သူငယ်ချင်းရယ်။ မှန်တာများတော့လည်း ယုံကြည်ကြတာပေါ့။ ကိုယ်က အကြံဉာဏ်ပေး၊ ရှေးဖြစ်နိမိတ်ဟောတဲ့အတွက် တစ်ပြားတစ်ချပ်မှယူတာမဟုတ်ဘူး။ အမွှေးတိုင်၊ ဖယောင်းတိုင်နဲ့ ကန်တော့ပွဲပဲ ပြင်ဆင်ပေးကြရတာပါ''

''အဲသည်လောက်မှန်နေရင်လည်း သူငယ်ချင်းရယ် အသောက်ကလေးကို လျှော့လိုက်ပါလား။ ပိုပြီး သမာဓိအားကောင်းတာပေါ့''

''မဟုတ်သေးဘူး သူငယ်ချင်းရဲ့။ ကိုယ်က သောက်စားပြီးဟောမှမှန်တာ။ မသောက်မစားဟောရင် အမှားများတယ်''

''ကိုအေးချို ... ခင်ဗျားက တစ်မျိုးကြီးပါလား''

''အမှန်ပြောတာ သူငယ်ချင်း၊ သောက်စားထားမှ နှုတ်ကစီးတာ။ တစ်ယောက်ယောက် ဝင်ပူးသလိုပဲ။ ပြောသမျှမှန်တယ်''

''ဘာလဲ ခင်ဗျားတို့က သာယာဝတီ၊ ကြို့ပင်ကောက်၊ လေချွန်နတ်မျိုးရိုးတွေလား''

''အမျိုးတော့တော်တယ် သူငယ်ချင်း။ ဒါပေမဲ့ ကိုယ်ဟောပြောတာနဲ့ မတူပါဘူး။ ကိုယ်က လက်တွေ့နှုတ်နဲ့ ဟောတာ''

''ဒါဆို အခုဟောလို့ရပြီလား။ ကျွန်တော်တို့အဖွဲ့ အပြန်ခရီးဘာဖြစ်မလဲ''

''ကန်တော့ပွဲမပါတော့ အကြားပဲဟောတော့မယ်။ ခင်ဗျားတို့အပြန် ရွှေဘိုဆိပ်ကမ်းမှာ သင်္ဘောပျက်လို့ ညအိပ်ရလိမ့်မယ်။ ရထားနဲ့အပြန်မှာ ကျောက်ဆည်ဘူတာမှာ ရထားပျက်လိမ့်မယ်။ ဒါပေမဲ့ အန္တရာယ်မရှိပါဘူး။ အဆင်ပြေသွားမှာပါ''

''အေးဗျာ ...။ စောင့်ကြည့်ရသေးတာပေါ့။ အရက်သောက်





တဲ့ ဘိုးတော်အဟောအပြော ဘယ်ကလောက်မှန်သလဲလို့''

ကျွန်တော်တို့စားသောက်ပြီးတော့ ဗလကြီးကိုအေးချိုက ဝန်ထမ်းနှစ်ဦးနှင့်အတူ သိမ်းဆည်းရင်း ...

''ကျွန်တော်လည်း နားချင်ပြီ ကိုသိန်းဝင်းရေ။ ရာသက်ပန်ကို နားချင်တာ။ ထောင်လောကကိုလည်း စိတ်ကုန်ပြီ။ ကျွန်တော်က သမထပိုင်းကို ဇောက်ချပြီးလုပ်ချင်တာ''

''ကြိုးစားရင် မအောင်မြင်တာ မရှိပါဘူးဗျာ။ ဒါပေမဲ့ ခင်ဗျားတို့၊ ကျွန်တော်တို့က ယူနီဖောင်းဝတ်ဝန်ထမ်း။ ငယ်လည်းငယ်ပါသေးတယ်''

''ဒါပေမဲ့ ဒီကိစ္စတွေက ထူးဆန်းတယ် သူငယ်ချင်း။ အသက်ငယ်တာကြီးတာနဲ့ မဆိုင်ဘူး''

''အေးဗျာ ... ခင်ဗျား အတွေ့အကြုံတွေကိုတော့ အလုပ်တာဝန်ပြီးမှပဲ လွတ်လွတ်လပ်လပ် ဆွေးနွေးမေးမြန်းတော့မယ်။ အခုတော့ ညစာစားပြီး ခရီးပမ်းလာတာကြောင့် ဘုရားဝတ်ပြုပြီးတာနဲ့ အိပ်ရာဝင်တော့မယ်''

''ဟုတ်ပြီ ... သူငယ်ချင်း။ ရခဲလှတဲ့ လူ့ဘဝအချိန်တိုလေးအတွင်းမှာ ကောင်းတာလုပ်၊ မှန်တာပြော၊ အချိန်မနှောင်းစေနဲ့။ ဝိပဿနာရဲ့ ကမ္မဋ္ဌာန်းကို သမာဓိရအောင် ကျင့်ကြံအားထုတ်ပါ။ ကိုယ်ကတော့ အတော်အဆင့်မြင့်နေပါပြီ။ သေရင်လည်း အပါယ်မကျပဲ သုဂတိဘုံဘဝကို မျှော်မှန်းလို့ ရနေပါပြီ။ ကဲ ... ကိုယ်လည်း ပြန်ပြီ။ နိစ္စရူဝကျင့်စဉ်ကလေး လုပ်လိုက်ဦးမယ်''

''ကောင်းပါပြီ ကိုအေးချို။ မနက်ဖြန်မှ တွေ့ကြတာပေါ့''

ကျွန်တော်တို့ စားသောက်ပြီးသည်နှင့် ခြေလက်၊ [illegible]နှာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးကြောပြီး ကိုယ်စီဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီး တရားထိုင်ကြသည်။ စားသောက်ရင်း စကားကောင်းနေ၍ အိပ်ရာဝင်တော့ ည (၁၀)နာရီ ကျော်ပြီဖြစ်သည်။ ခရီးကပမ်း၊ ရာသီဥတုကလည်း အေးချမ်းလှသဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားကြသည်။ တစ်ရေးမှပင် မနိုးကြပါ။ ဗန်းမော် ထောင်ပတ်ဝန်းကျင်မှာလည်း အေးချမ်းတိတ်ဆိတ်နေသည်။

| ၃ |

❑

နောက်တစ်နေ့မနက် ကျွန်တော်တို့အဖွဲ့ အိပ်ရာမှ မနက် (၆) နာရီခန့်ထကြပြီး ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ တရားထိုင်နေကြစဉ် ဗန်းမော်ထောင်မှ ဝန်ထမ်းများ၊ မနက်စောစာကို လာရောက်ပြင်ဆင်ပေးကြသည်။ ထောင်မှူးကြီးဦးအေးချိုတော့ ပါမလာပါ။ ကျွန်တော်တို့ တရားထိုင်အပြီး မနက်စာ ရှမ်းခေါက်ဆွဲနှင့် လက်ဖက်ရည်ချိုကိုသောက်ကြရင်း ကျွန်တော်မှ ဝန်ထမ်းတစ်ဦးအား မေးမိပါသည်။

''ဦးအေးချိုကြီးရော ပါမလာပါလား။ ညက အမူးလွန်သွားလို့လား၊ ဒါမှမဟုတ် တရားထိုင်နေလို့လား''

''ဆရာကြီးဦးအေးချို၊ ကောင်းကင်ဘုံကို ကြွမြန်းသွားပါပြီ''

''ဘယ်လိုပြောလိုက်တာလဲ ညီလေး''



www.burmeseclassic.com

www.burmeseclassic.com



"ညက သန်းခေါင်ကျော်မှာ ဆရာကြီးဦးအေးချို ရင်ဘတ်အောင့်လို့ အရေးပေါ်ဆေးရုံ တင်ရပါတယ်။ ဆရာဝန်ကြီးတွေနဲ့လည်း အလွန်ရင်းနှီးလို့ ဂရုတစိုက် ကြပ်မတ်ကုသပေမဲ့ လ,မွန်းလွဲ (၁) နာရီမှာ နှလုံးအဆီဖုံးရောဂါနဲ့ ကွယ်လွန်သွားပါပြီ ခင်ဗျား"

"ဘယ်လို ... ဘယ်လို ... ကွယ်လွန်သွားပြီ။ ဟုတ်သလား"

"ဟုတ်ပါတယ် ဆရာ။ ဆရာဦးအေးချိုက ရှေးဖြစ်နောက်ဖြစ်ကိုလည်း အတပ်ဟောနိုင်ပါတယ်။ သူ့ကို ကိုးကွယ်ဆည်းကပ်သူတွေက ဗန်းမော်မြို့တင်မက တစ်နယ်လုံးပါပဲ"

"ဪ ... ကိုအေးချိုရယ်။ ညကပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ စားသောက်ရင်း စကားပြောခဲ့ကြသေးတယ်။ နိမိတ်ဖတ်သလားတော့ မသိဘူး။ သူသေရင် အပါယ်မကျတော့ပဲ သုဂတိဘုံကို မျှော်မှန်းလို့ရနေပြီလို့လည်း ပြောသွားခဲ့သေးတယ်။ နောက်ပြောင်ပြောနေတာလို့ အောက်မေ့မိတာ။ တကယ်ပြောသွားခဲ့တာကိုး"

ကျွန်တော်တို့အဖွဲ့လည်း မနေသာတော့ပါ။ (DE) စစ်ရမည့်လုပ်ငန်းတာဝန်ကို ခေတ္တရပ်ဆိုင်းပြီး မြင်းလှည်းငှားခိုင်း၍ ဗန်းမော်ဆေးရုံကြီးသို့ အပြေးသွားရောက်ကြရပါတော့သည်။ တိုက်ဆိုင်သည်မှာ ယမန်နေ့က ကျွန်တော်တို့ ဗန်းမော်ဆိပ်ကမ်းမှငှားရမ်းလာခဲ့သော 'ဘုရင့်နောင်'ဟုခေါ်တွင်သည့် ရထားလုံးပင်ဖြစ်နေသည်။

ဆေးရုံကြီး ရောက်၍ ရထားခရှင်းတော့လည်း လှည်းမောင်းသူက ရထားခ လုံးဝမယူပါ။ ဆရာကြီးဈာပနအတွက် ကုသိုလ်လုပ်တာပါဟုဆိုသည်။ ဆေးရုံရေခဲတိုက်ရှေ့တွင် ဦးအေးချို၏ဈာပနအားပြင်ဆင်ထားရာ ထောင်ဝန်ထမ်းများသာမက မြို့ပေါ်မှ ပုဂ္ဂိုလ်များအပြင်၊ နယ်မှ လားဟူ၊ ရှမ်း၊ ဝ လူမျိုးများက ကန်တော့ပွဲအသီးသီး





ဖြင့် ထိုင်ကန်တော့နေကြသည်။

ဈာပနကို ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ပေးထားပြီး ထောင်ပိုင်ကြီးဦးစိုင်းက ကြီးကြပ်ကွပ်ကဲနေသည်။ တဖွဲဖွဲလာရောက်ကြသည့် ပရိသတ်မှာမနည်း။ တောနယ်ဘက်မှ ပိုများသည်။ ကန်တော့ပွဲများလည်း ကိုယ်စီပါကြသည်။

ကျွန်တော်တို့ ဧည့်သည်များအတွက်တော့ အလွန်ထူးဆန်းအံ့သြဖွယ်ရာမြင်ကွင်း ဖြစ်နေပါသည်။ ရေခဲတိုက်ရှေ့တွင်ရှိသည့် ဇရပ်မှာ လူပရိသတ်များလွန်း၍ မဆံ့။ အပြင်သို့လျှံထွက်ပြီး လူရာပေါင်းများစွာဖြင့် စည်ကားလွန်းလှသည်။ မကြာမီ ဌာနဆိုင်ရာကပန်းခွေများလည်း ရောက်လာပြန်သည်။

ကျွန်တော့်အနေဖြင့် အပါတ်စဉ်တူ သူငယ်ချင်းတစ်ယောက်၏ ထူးခြားဆန်းကြယ်သော ဈာပနအခမ်းအနားကို အံ့သြနေမိပါသည်။ မည်သို့သောအကြောင်းကြောင့် ဤမျှ လေးစားကြသည်ကို မသိနိုင်သေးပါ။ နေ့လယ် (၁) နာရီတွင် အသုဘဈာပနကို သင်္ချိုင်းသို့ပို့ဆောင်ပြီးသရဏဂုံတင်၍ ဂူသွင်းသည်။

အသုဘယာဉ်နောက်မှ ကုန်းကြောင်းလျှောက်၍ လိုက်ပါပို့ဆောင်ကြသည့်လူတန်းမှာ တစ်မိုင်ကျော်ခန့်ပင် ရှည်လျားပေလိမ့်မည်။ လူချစ်လူခင်များပြီး သေပန်းပွင့်သော သူငယ်ချင်းအတွက် ကျွန်တော်တို့ အံ့သြဝမ်းသာစွာ ဂုဏ်ယူမိပါသည်။

ညနေ ဧည့်ဂေဟာ၌ ညစာစားနေကြစဉ် ဝန်ထမ်းတစ်ဦးက ပြောလာသည်မှာ ...

"ဆရာကြီးဦးအေးချို မ,စခဲ့တဲ့သူတွေက ဗန်းမော်မြို့ပေါ်တင်မက နယ်တွေပါနှံ့နေပါပြီ။ ဒါကြောင့် သူ့ကို ကိုးကွယ်ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်လို မ,စတာလဲ"

"ဆရာကြီးက ပိတ်ရက်တွေမှာ နယ်လှည့် တရားထိုင်တယ်။ သင်္ချိုင်းတွေမှာ အထိုင်များတယ်။ ဆရာကြီးထိုင်တဲ့ သင်္ချိုင်းတွေကို နယ်ကပရိသတ်က လိုက်ကန်တော့ကြတယ်။ ဆရာကြီးက ဥစ္စာပစ္စည်း တိုးပွားအောင် ညွှန်ပြပေးတယ်။ ဒါကြောင့်လည်း မြို့ပေါ်တင်မက နယ်မှာပါ ချမ်းသာကြွယ်ဝသူတွေ တိုးပွားလာတယ်။

ဆရာကြီးညွှန်တဲ့နည်းကတော့ တိုးတက်ကြီးပွားမဲ့လုပ်ငန်းကို ညွှန်ပြခြင်းနဲ့ ရာသီအလိုက် စိုက်ပျိုးရမဲ့ သီးနှံအပြင်၊ အရင်းအနှီးမရှိတဲ့ ဆင်းရဲသားတွေကို ထီထိုးခိုင်းတယ်။ ထီထိုးဖို့ ငွေအကြွပ်အတည်း ရှိသူတွေကိုလည်း ငွေအလကားထုတ်ပေးတယ်။ ပေါက်ကြတာ အလွန်များတယ်"

"ငွေအလကား ထုတ်ပေးတယ်ဆိုတော့ ဦးအေးချို က လခ အပြင် ဘယ်ကရသေးလို့လဲ"

"ဆရာကြီးက လစဉ် အောင်ဘာလေထီပေါက်တယ် ဆရာ။ သူ ထောက်ပံ့လို့ လစဉ်ပေါက်ကြတဲ့ နယ်သူနယ်သားတွေကလည်း တအားများတာ။ ပေါက်တာနဲ့ ဆရာကြီးကို ကန်တော့ကြတော့တာပဲ။ အခု လကုန်ခါနီးပြီဆိုတော့ ဆရာတို့နဲ့ ကြုံဦးမှာပါ"

"ဦးအေးချို က ဘယ်လို အတိတ်စိမ်းပေးတာလဲ"

"အတိတ်စိမ်းပေးတာ မဟုတ်ဘူးဆရာ။ ထီထိုးဖို့ ငွေပေးတာ။ ဆရာကြီးပေးတဲ့ငွေနဲ့ ထီထိုးရင် ဘယ်အက္ခရာ၊ ဘယ်ဂဏန်းနဲ့ ထိုးထိုး၊ ဆုအကြီးအသေး ပေါက်တာချည်းပဲ။ ဆုကြီးမပေါက်တောင် တွဒ်တော့ ဝင်တာပါပဲ။ အလွန်အံ့ဩဖို့ကောင်းပါတယ်"

"အဲသည်လိုကိစ္စတွေ ဘယ်တုန်းကတည်းက ဖြစ်လာတာလဲ"





"နှစ်နှစ်၊ သုံးနှစ်တော့ ရှိပြီထင်တယ် ဆရာ။ ဆရာကြီး ဇန်းမော်ထောင်ကိုရောက်လာပြီး မကြာခင် ဖြစ်လာတာပဲ။ သူ့ရဲ့ကျင့်ကြံအားထုတ်မှု 'စရဏ' အင်အားကြောင့်လို့ ထင်တာပါပဲ ခင်ဗျာ"

"အေးကွာ . . . ဝမ်းနည်းဝမ်းသာ ဖြစ်စရာပါပဲ။ မင်းတို့ ဆရာကြီးနဲ့ ငါတို့အတူ ထောင်မှူးသင်တန်းအပါစဉ် (၆) တက်တုန်းက ဂစ်တာတီးပြီး သီချင်းဆိုပြတာ အလွန်ဒွာန်ကရိုင်းကျတာပဲ။ သဘောလည်း အလွန်ကောင်းတယ်။ ဗလကြီး ကြီးပေမဲ့ သည်းခံစိတ် အလွန်များတာ။ ဘယ်သူကစ,စ ပြုံးနေတာပဲ။ ဒီသင်တန်းကာလကတည်းက ပုတီးစိပ်၊ တရားထိုင်တာကို ငါတွေ့ဘူးတယ်"

"ဟုတ်ပါတယ် ဆရာ။ ဆရာကြီးအိမ်မှာလည်း ပွဲတော်အများကြီးထိုးထားပြီး ပုတီးစိပ်၊ တရားထိုင်ပါတယ်။ ဇန်းမော်မြို့နဲ့ ပတ်ဝန်းကျင်က သင်္ချိုင်းမှန်သမျှလည်း တစ်ဦးတည်း တစ်ညလုံး တရားထိုင်ခဲ့တာ။ ပြီးခဲ့တဲ့အပတ်ကတော့ အခြောက်အလှန့်နာမည်ကြီးတဲ့ ဒုတိယကမ္ဘာစစ် မဟာမိတ်စစ်သင်္ချိုင်းမှာ တရားထိုင်ခဲ့တာလည်း အောင်မြင်ခဲ့ပါတယ်။ အဲဒီသင်္ချိုင်းက အစိမ်းသေသင်္ချိုင်းမို့ အလွန်ကြမ်းပါတယ်"

"မင်းတို့ဆရာကြီး သူ့ကိုယ်မှာ ရောဂါဖြစ်နေတာကိုရော သိသလား"

"ရောဂါစွဲကပ်နေတာကိုတော့ ရိပ်မိတယ်ထင်ပါတယ်။ ဒါပေမဲ့ ဆရာကြီးက တစ်မြို့လုံးက ဆရာဝန်တွေနဲ့ရင်းနှီးပေမဲ့ ဆရာဝန်မပြဘူး ထင်ပါတယ်။ ကျွန်တော့်ကို တစ်ခါပြောဖူးတာကတော့ သူ့မှာ တောထဲတောင်ထဲ တာဝန်ထမ်းဆောင်ခဲ့ရလို့ ရောဂါအစုံရှိတယ်တဲ့။

ငှက်ဖျား၊ အသည်းရောင်ရောဂါ၊ အစာအိမ်ရောဂါတွေ ဖြစ်ဖူးသတဲ့။ နှလုံးရောဂါ အကြောင်းတော့ မပြောဖူးဘူးထင်တယ် ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



အခု ကွယ်လွန်မှ ဆရာဝန်တွေခွဲကြည့်ပြီးမှ 'နှလုံးအဆီဖုန်းရောဂါလို့ ပြောမှ သိရတာပါ။ ဆရာကြီးက ဝက်သားလည်း အလွန်ကြိုက်တယ်''

''အရင်ကရော (Heart attack) ရဘူးသလား။ နှလုံးရောဂါ လက္ခဏာပြတာကို ဆိုချင်တာပါ''

''အရင်ကတော့ မသိဘူးဆရာ။ ဒီဗန်းမော်မြို့ ရောက်ကတည်းကတော့ ဆရာကြီးမှာ ဘာရောဂါမှဖြစ်တာ မတွေ့ရဘူး။ (၃)နှစ်လောက် အတွင်းမှာ ဖျားနာတာတောင် မမြင်တွေ့မိပါဘူးဆရာ''

''မင်းတို့ဆရာကြီးက အလွန်ထူးဆန်းတာပဲ။ အကြားအမြင် ဣဒ္ဓိပေါက်နေရင်လည်း သူ့ဘာသာသူသိမှာပါ။ မနေ့ညက သူပြောသွားချင်တဲ့စကားတွေကို မင်းလည်း ကြားမှာပါ။ လူ့ဘဝကို စိတ်ကုန်တာတို့၊ ရာသက်ပန်အနားယူပြီး သမထလိုင်းကို ဖောက်ချလုပ်ချင်တယ်လို့ ပြောသွားတာလေ။ ဝိပဿနာနဲ့ ကမ္မဋ္ဌာန်းကိုလည်း သမာဓိရအောင် လုပ်ဖို့ ပြောသွားသေးတယ်''

''ဟုတ်ပါတယ် ဆရာ။ ဆရာကြီးက စရဏအင်အားအတော် မြင့်နေပါပြီ။ ဝိပဿနာနဲ့ ကမ္မဋ္ဌာန်းတရား ပေါက်မြောက်အောင်မြင်လို့ သမာဓိလည်းရနေပါပြီ။ ဒါကြောင့် သင်္ချိုင်းတွေမှာ ရူတင်ကျင့်တာ၊ အနှောင့်အယှက်မရှိခဲ့တာပါဆရာ။ ဒီထောင်မှာဆိုရင် ဝန်ထမ်းနဲ့ရဲဘက်တွေဟာ ဆရာကြီးကို အလွန်ချစ်ခင် အားကိုးကြပါတယ်။ ဆရာကြီးပြောရင် အားလုံး နားထောင်ကြတယ်။ နားမထောင်တာ ထောင်ပိုင်ကြီးတစ်ယောက်ပဲ ရှိပါတယ်။ ဒါကြောင့်လည်း အမှုအခင်းဖြစ်ပြီး ဆရာတို့လာစစ်ရတာပါ။

အခုကိစ္စကိုလည်း ဆရာကြီးဦးအေးချိုက ထောင်ပိုင်ကြီးကို ကြိုတင်သတိပေးဖူးပါတယ်။ အခြားအရာရှိတွေ ဒီအမှုမှာ ပါဝင်ပတ်





သော်ပေမဲ့ ဆရာကြီးကတော့ ကြိုတင်သိလို့ လုံးဝလွတ်ကင်းခဲ့တာပါ''

''အေးကွာ . . . မင်းတို့ဆရာကြီးက သမထအားကောင်းတော့ စရဏအားလည်း အထွတ်အထိပ်ရောက်နေဟန်တူပါရဲ့။ ငါတို့ကတော့ ငယ်ပေါင်းတွေဖြစ်ကြလို့ သူ့ကို နောက်ပြောင်ပြောဆိုမိပါတယ်။ သူ့ ကျင့်စဉ်က တခြားသူနဲ့မတူတာတော့ အမှန်ပဲနော်''

''လူတစ်ယောက်အတွက် ပြေလည်ရုံ၊ အစိုးရအောင်ဘာလေ ဇီကို ထိုးခိုင်းတာပါ။ နောက်ပြီး တောင်သူလယ်သမား လုပ်ငန်းရှင် တွေအတွက် အကျိုးဖြစ်ပြီး ဝင်ငွေကောင်းကောင်းရမဲ့ စိုက်ပျိုးရေး သီးနှံနဲ့ ကုန်ပစ္စည်းကို ဒက်ထိညွှန်ပြတတ်ပါတယ်။ ဆရာကြီးညွှန်ပြ အကြံပေးသမျှ အားလုံး မှန်တာချည်းပါပဲ''

''ဒါဆိုရင်တော့ မင်းတို့ဆရာကြီးက ဝိဇ္ဇာလိုင်းဟုတ်ဟန် မတူပါဘူး။ တခြားလိုင်းပါ။ မင်းတို့ဆရာကြီး ဖိုထိုးသလား၊ ဆေးမြစ်ဝါး မြစ်ရှာပြီး ဆေးကုသလား၊ တောထဲတောင်ထဲ ခရီးထွက်တတ်သလား''

''ဖိုလည်းမထိုးပါဘူး၊ ဆေးလည်းမကုပါဘူး၊ တောထဲတောင် ထဲလည်း မသွားပါဘူး။ ဗန်းမော်အနီးက နီးစပ်ရာရွာတွေရဲ့ ဘုရား ဟောင်းတွေ၊ သင်္ချိုင်းကုန်းတွေဘက်တော့ သွားတယ်ဆရာ။ အခန့်သင့် ရင် ကျွန်တော်တို့ကိုလည်း ခေါ်တတ်လို့ သိထားတာပါ''

''ညောင်ပင်ကြီးတွေရဲ့ အဓိကရသစ်ပင်ကြီးတွေမှာ ပူဇော် သမှုပြုတတ်သလား''

''ဟုတ်တယ် ဆရာ။ အဲသည်လိုတော့ လုပ်တတ်ပါတယ်။ ဆရာကြီးက သစ်ပင်ကြီးကြီးတွေ့တာနဲ့ တတွတ်တွတ် ရွတ်ဖတ်တတ် ပါတယ်ခင်ဗျ''

''အေး . . . အေး . . . ငါပြောတဲ့ တခြားလိုင်းဆိုတာက အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ပဲကွ။ ငါ့ရဲ့အတွေ့အကြုံအရ မင်းတို့ဆရာက မဟိဒ္ဒိမြောက်ပြီး ဣန္ဒြေ ပေါက်သူလည်း မဟုတ်သေးဘူး။ ဝိပဿနာ၊ ကမ္မဋ္ဌာန်းထိုင်တာက တစ်ဖက်တစ်လမ်း အကူအညီအထောက်အပံ့ပဲ။

ငါ့အထင်ပြောရရင်တော့ ထောင်မှူးကြီးဦးအေးချိုဟာ 'ရက္ခစိုး မှော်အောင်သူ' လို့ ပြောရလိမ့်မယ်။ သူက သချိုင်းတွေကိုသွားတယ်၊ သစ်ပင်တွေနဲ့ စကားပြောတယ်၊ အရက်သောက်တယ်၊ ထီထိုးနိုင်းပြီး ဝင်ငွေကောင်းစေမဲ့ အလုပ်အကိုင်တွေကို ရွေးပေးတယ်ဆိုတော့ သေချာ သလောက်ပါပဲ''

''နောက်ပြီး သူက သာယာဝတီမြို့နယ်၊ ကြို့ပင်ကောက်သား၊ လေချွန်နတ်မျိုးရိုးမို့လို့ ငါ့အထင် သေချာသလောက်ပါပဲ။ ညနေကျမှ သူ့အိမ်သွားပြီး သတင်းမေးရင်း လေ့လာကြတာပေါ့''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် စီစဉ်ပေးပါ့မယ်။ ဆရာကြီး အိမ်က အနောက်ဂါတ်ကြီးပေါ်မှာပါ။ မဝေးလှပါဘူး''

ထိုနေ့က ကျွန်တော်တို့အဖွဲ့ အဓိကလာရင်းကိစ္စဖြစ်သော (DE) ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းအမှုအတွက် စွဲချက်တင်စစ်ဆေးရန် အမှုတွင် ပါဝင်ပတ်သက်သူ သက်သေနှင့် တရားခံများအား စာရင်း ပြုစု၍ ဆင့်စာထုတ်ပေးရပါသည်။

ပြီးသည်နှင့် ညနေစောင်းတွင် ထောင်မှူးကြီးဦးအေးချို၏ တပည့်တပ်သားကလေး မောင်ကျော်စိုးက လာရောက်ခေါ်ဆောင်သဖြင့် ဗန်းမော်ထောင် အုတ်ရိုးကိုပတ်၍ အနောက်ဂါတ်ကြီး ဦးအေးချိုတို့ မိသားစုနေထိုင်ရာ နေအိမ်သို့ လမ်းလျှောက်သွားကြပါသည်။

[ ၄ ]

❑

အနောက်ဂါတ်ကြီး ထောင်မှူးကြီးဦးအေးချိုတို့ နေအိမ်ပေါ် ရောက်တော့ ဝန်ထမ်းများအပြင် မြို့နယ်မှ တာဝန်ရှိသူများ၊ တော နယ်မှ တိုင်းရင်းသားအတော်များများကို တွေ့ရသည်။ အနောက်ဂါတ် ကြီးပေါ်ရှိ ဘုန်းကြီးခန်းကြီးမှာ အလွန်ကြီးမားပြီး လာဘမုနိဆင်းတု တော်ကို ပူဇော်ထားသည်။ ရွှေအတိချထား၍ ဝင်းအိနေသည်။

ရောင်စုံနှင်းဆီပန်းများအပြင် စင်ပေါ်၌ ကန်တော့ပွဲများရှေ့ တွင် အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်ထားပြီး ကြီးမားသည့် ငွေ ဖလားကြီး (၃)လုံးချထားရာ ငွေဖလားများထဲ၌ အတန်အသေးမပါ။ (၅၀၀)ကျပ်တန်နှင့် (၁၀၀၀)ကျပ်တန်များက မောက်ဖြိုးလျှံကျနေသည်။

ကျွန်တော်တို့ ညှိခန်းဝရောက်တော့ အမျိုးသမီးတစ်ဦးက ထွက်လာပြီး . . .

''ကြွကြွပါ ဆရာဦးဘုန်းမော်နဲ့ ဆရာတို့။ ဒီမှာ ထိုင်ကြပါရှင့်



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် မဝေရယ်။ တို့လည်း စိတ်မကောင်းပါဘူး။ ကိုအေးချိုက ရုတ်တရက်ကြီး ဖြစ်သွားတာနော်"

"ရုတ်တရက်တော့ မဟုတ်ပါဘူးဆရာ။ သူဖြစ်တာ ဒါနဲ့ပါဆို (၃)ကြိမ်ရှိပါပြီ။ ကိုအေးချိုက ရောဂါကို ဂရုစိုက်တာမဟုတ်ဘူး။ ဆေးစစ်ခိုင်းတာလည်း မစစ်ဘူး။ အခုဆုံးပါးတော့မှ နှလုံးရောဂါလို့ သိရတာပါ။ ဆရာတို့သူငယ်ချင်းက သူ့ဗလကြီးအားကိုးပြီး ပေပေတေတေနေတတ်တယ် ဆရာရဲ့။ အစားအသောက်လည်း မဆင်ခြင်ဘူး။ ဝက်သား၊ အမဲသားကိုလည်း အလွန်ကြိုက်တာ"

"အေးဗျာ ... ကျွန်တော်တို့ ရောက်စညကပဲ သူကိုယ်တိုင်ညှော်ခံပြီး ပျော်ပျော်ရွှင်ရွှင်စားသောက်ရင်း ငယ်အကြောင်းတွေကို နောက်ပြောင် ပြောမိကြသေးတယ်"

"ဟုတ်ပါတယ် ဆရာ။ ဆရာတို့သူငယ်ချင်းကတော့ ပျော်ပျော်ရွှင်ရွှင်ပါပဲ။ ဘယ်တော့မှ စိတ်ညစ်တဲ့စကား မပြောတတ်ဘူး။ အားငယ်နေသူကို အားပေးတယ်၊ ထောက်ပံ့တယ်။ ငွေကြေးနဲ့ အကြံကောင်းဉာဏ်ကောင်းပေးတယ်။ ဒါကြောင့်လည်း ဗန်းမော်မြို့တင်မက တစ်နယ်လုံးက ကိုအေးချိုကို လေးစားကြည်ညိုကြတာပါ"

"သြော် ... မဝေရေ မိတ်ဆက်ပေးရဦးမယ်။ ဒါက ဆရာတို့ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ထောင်ပိုင်ကြီးဦးဘိုနီပါ။ သူကတော့ ကိုအေးချိုနဲ့ ထောင်မှူးသင်တန်းအပါတ်စဉ် (၆)က အတူဆင်းခဲ့ကြတဲ့ ထောင်မှူးကြီးဦးသိန်းဝင်းပါ"

"ဟုတ်ကဲ့ရှင့် ... တွေ့ရတာ ဝမ်းသာပါတယ်။ ကိုအေးချိုလည်း ခဏခဏပြောဖူးလို့ လူကိုမတွေ့ဖူးပေမဲ့ နာမည်တွေကို ရင်းနှီးပြီးနေပါတယ်။ ကျွန်မတို့က မြို့နဲ့တော မကြာခဏ ပြောင်းရွှေ့နေကြ





တော့ လူချင်းမဆုံဖြစ်ကြတာပါ"

"ဟုတ်ပါတယ်ဗျာ။ ကျွန်တော်နဲ့ကိုအေးချိုက သင်တန်းမှာအတွဲဆုံးပါ။ သူက ပုတီးစိပ်၊ တရားထိုင်ရုံတင်မက ဂစ်တာကလေးတစ်လုံးနဲ့ဆိုတီးတာ အလွန် နားထောင်လို့ကောင်းသဗျ။ သူဆိုတာ မှတ်မှတ်ရရ စိုင်းထီးဆိုင်ရဲ့ မောင့်လပြည့်ဝန်းနဲ့၊ ချိုပြုံးရဲ့ ငွေလမင်းစတဲ့ လမင်းနဲ့ပတ်သက်တဲ့ သီချင်းတွေကို နှစ်နှစ်ခြိုက်ခြိုက် ဆိုတတ်တယ်ဗျ"

"ဟုတ်ကဲ့ပါ ဆရာဦးသိန်းဝင်း။ အခု အသက်အရွယ်ရလာတော့ သီချင်းမဆိုတော့ပေမဲ့ လပြည့်လကွယ်ညတွေမှာ သချိုင်းတွေကိုသွားပြီး တရားထိုင်တတ်ပါတယ်။ လမင်းကြီးနဲ့သူ့ဘဝ တစ်စုံတစ်ရာဆက်စပ်မှု ရှိနေသလိုပါပဲ။ လပြည့်ည တရားမထိုင်ဖြစ်ရင်လည်း အိမ်ရှေ့ဝရံတာမှာ ခေါက်ကုလားထိုင်ချပြီး တစ်ညလုံး လမင်းကြီးကိုမော့ကြည့်ပြီး တတွတ်တွတ် ရွတ်ဖတ်နေတော့တာပဲ"

ထိုစဉ် ကျွန်ုပ်တို့အနီးတွင် လာထိုင်နေသော (၁၀)နှစ်သမီးအရွယ် ကလေးမကလေးက ...

"ဟုတ်ပါတယ် ဦးဦး။ ညက သမီးအိပ်မက်မက်ပြီး ကယောင်ကတမ်းနဲ့ ထအော်မိပါသေးတယ်။ မေကြီးကိုတော့ ပြောပြပြီးပါပြီ။ အိပ်မက်ထဲမှာ ဖေကြီးက တရားထိုင်နေတဲ့ပုံစံနဲ့ သမီးကိုကြည့်ပြီး 'သမီးလိမ်လိမ်မာမာနေ။ သမီးတို့ချမ်းသာအောင် ဖေကြီးလုပ်ခဲ့တယ်။ အခုတော့ ဖေကြီး အဝေးကြီးကို သွားရတော့မယ်' လို့ပြောပြီး တင်ပျဉ်ခွေလျက်ကြီးနဲ့ လေထဲမှာ ပျံဝဲသွားတာ။ တဖြည်းဖြည်း လမင်းကြီးထဲကို ဝင်သွားတယ်။ ဖေကြီး ကောင်းကင်ဘုံကို ရောက်သွားပြီထင်ပါရဲ့နော်"

ထောင်မှူးကြီး ဦးအေးချို၏သမီး ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ သမီးရယ်။ သမီးဖေကြီးက လူတကာကို ချမ်းသာအောင်ကူညီပေးတော့ မြင့်မြတ်တဲ့ အထက်ဘုံကို ရောက်သွားမှာပေါ့။ ကောင်းမှုပြုတိုင်း အမျှအတမ်းဝေပေါ့ကွယ် နော်"

"ဟုတ်ကဲ့ပါ ဦးဦး။ သမီးက ဖေကြီးကိုသိပ်ချစ်တာ။ ဖေကြီးစကားနဲ့ ဦးဦးစကားကို နားထောင်ပါ့မယ်။ ဖေကြီးကိုလည်း ကောင်းမှုလုပ်တိုင်း အမျှအတမ်းဝေပါ့မယ်"

"အေး ... အေး ... ကောင်းတယ်သမီး။ လိမ်လိမ်မာမာနဲ့ စာကိုကြိုးစားနော်။ ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင်လုပ်"

"ဟုတ်ကဲ့ပါ ဦးဦး"

နယ်မှ ဧည့်သည်များ ထပ်မံရောက်လာကြပြန်ပြီး ကျွန်တော်တို့လည်း အလုပ်တာဝန်ရှိသေးသဖြင့် ခေတ္တတည်းခိုသော ဧည့်ဂေဟာသို့ လမ်းလျှောက်ပြန်ခဲ့ကြပါသည်။

ထိုနေ့က သက်သေများအား ဧတင်စစ်ဆေးပါသည်။ အမှုမှာ တပ်ဖွဲ့ရံပုံငွေအကွက် ငွေရှာရာမှ ထောင်ပိုင်နှင့်ထောင်မှူးများက ခေါင်းပုံဖြတ်သည်ဟု အောက်လက်ငယ်သားများက တိုင်ကြားသောအမှုဖြစ်သည်။ ထိုအမှုတွင် ထောင်မှူးကြီးဦးအေးချို ပါဝင်ခြင်းမရှိပါ။

နောက်နေ့များတွင်လည်း တိုင်ကြားခံရသူ ထောင်ပိုင်နှင့်ထောင်မှူးများအား ဆက်လက်စစ်ဆေးပါသည်။ စစ်ဆေးရသည့်လူများပြားသဖြင့် ကျွန်တော်တို့အဖွဲ့ ဗန်းမော်ထောင်တွင် တစ်ပတ်ခန့်ကြာသွားသည်။ လဆန်းရက် ဦးအေးချို၏ (၇)ရက်လည်ဆွမ်းသွတ် အမျှဝေသောနေ့တွင် ကျွန်တော်တို့အဖွဲ့ ဦးအေးချို၏အိမ် အနောက်ဂိတ်ကြီးသို့ သွားကြရပြန်ပါသည်။ ထိုနေ့က အိမ်ပေါ်တွင်လူမဆန့်သဖြင့် ဂိတ်မကြီးအောက်တွင် ယာယီတဲကြီးထိုးထားပြီး စားပွဲဝိုင်းများဖြင့် ထမင်းကျွေး





နေသည်။

ကျွန်တော်တို့အဖွဲ့ကိုတော့ ဦးအေးချို၏ဖနီးမဝေက အိမ်ပေါ်ထပ်သို့ခေါ်ပြီး ဧည့်ခံပါသည်။ အိမ်အပေါ်ထပ်တွင် ဌာနဆိုင်ရာလူကြီးများနှင့် နယ်မှလူရင်းများကို ဧည့်ခံကျွေးမွေးနေပါသည်။ အလှူငွေများမှာ ဘုရားစင်ရှေ့၌ အထုပ်လိုက် စုပုံနေသည်။ ငွေကောက်ခံစာရင်းသွင်းသူမရှိ။ သဒ္ဓါသရွေ့ တတ်နိုင်ကြသမျှ လှူတန်းကြခြင်းဖြစ်သည်။

ကျွန်တော်တို့ ထမင်းဝိုင်းတွင် ထိုင်လိုက်ကြစဉ် ဦးအေးချိုသမီး ရောက်လာပြီး ယပ်ခတ်ပေးရင်း ...

"ဦးဦး ... ဖေကြီးက သမီးအိပ်မက်ထဲကအတိုင်း ပိုက်ဆံတွေပေးတယ်။ အများကြီးပဲ"

"ဟေ ... ဘယ်လောက်များလဲ သမီး။ ဘယ်လိုပေးတာလဲ"

ထိုစဉ် ဦးအေးချို၏ဇနီး မဝေရောက်လာပြီး ...

"သမီးအိပ်မက် မှန်တယ်ဆရာ။ ကိုအေးချို ထိုးပေးခဲ့တဲ့ မင်္ဂလာစုံတွဲက သိန်း (၁၀၀)ဆုပေါက်တယ်။ သူပေးထားလို့ ထီပေါက်တဲ့တပည့်တွေလည်း မနည်းဘူး။ ဒါကြောင့် လာကန်တော့ကြတာ။ ဟိုမှာ ငွေပုံကြီးကို ဖြစ်နေပြီ"

ကျွန်တော်တို့ ငွေပုံကြီးအား လှမ်းကြည့်မိသည်။ အစည်းလိုက်ထပ်ထားသော ထောင်တန်အုပ်လိုက် ငွေစက္ကူများမှာ သိန်းရာဂဏန်းနီးနီးရှိပေလိမ့်မည်။ မဝေတို့ပေါက်သော သိန်းတစ်ရာထီမှာ မင်္ဂလာစုံတွဲစနစ်အရ နည်းလိမ့်မည်မဟုတ်ပေ။ ကျန်ရစ်သူမိသားစုအား စိတ်ချလက်ချထားသွားနိုင်သော ကိုအေးချိုအား ကျွန်တော် အံ့ဩစွာချီးကျူးမိပါသည်။

ထိုနေ့က နေ့လယ်ပိုင်း ဧည့်ဂေဟာပြန်ရောက်တော့ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးချက်များအား ပြန်လည်စစ်ဆေးပြီး သုံးသပ်ချက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်များကို အကျဉ်းထောင် လက်စွဲဥပဒေ ဂျီဆာကူလာညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်း၍ရေးသားပြီး လက်နှိပ်စက်တင်သည်။ ညနေပိုင်းပြီးသည်နှင့် ကျွန်တော်တို့အဖွဲ့ မနက်ဖြန် မနက်စောစော သင်္ဘောဖြင့်ပြန်ကြရန် ပြင်ဆင်ကြရတော့သည်။


နောက်တစ်နေ့မနက်တွင် ဗန်းမော်ထောင်မှ ကြိုတင်စီစဉ်ပေးသော 'ဘုရင့်နောင်' ရထားလုံးဖြင့် ကမ်းနားဆင်း၍လာကြရာ စီးရမည့် သင်္ဘောမှာလည်း အလာတုန်းကစီးခဲ့သော 'ပပဝင်းသင်္ဘော'ကြီးပင် ဖြစ်နေပြန်သည်။ ကျွန်တော်တို့ အေးချမ်းစွာပြန်လာကြစဉ် မထင်မှတ်ပဲ ကိုအေးချိုမသေမီက နိမိတ်ဖတ်ခဲ့သလိုပင် ရွှေဘိုကျောက်မြောင်း ဆိပ်ကမ်း၌ သင်္ဘောကြီး စက်ချို့ယွင်းသဖြင့် တစ်ညအိပ်ရသည်။

နောက်တစ်နေ့မနက် စုန်ဆင်းလာရာ မန္တလေးနန်းတွင်း ထောင်ညွှန့်ရိပ်သာ၌ တစ်ညအိပ်ပြီး ရထားဖြင့် ရန်ကုန်သို့ ထွက်လာကြစဉ် ကျောက်ဆည်ဘူတာ၌ ရထားကြီး စက်ချို့ယွင်းပြန်သည်။ ထို့ကြောင့် မန္တလေးမှစက်ခေါင်းကို လှမ်းမှာရင်း ကျောက်ဆည်ဘူတာ၌ စောင့်ဆိုင်းနေရတော့သည်။

ရှေ့အနာဂါတ်ကိုကြိုသိမြင်ပြီး တိကျစွာ နိမိတ်ဖတ်နိုင်သော ကျွန်တော်တို့၏သူငယ်ချင်း ကွယ်လွန်သူ ထောင်မှူးကြီးဦးအေးချို၏ ပညာစွမ်းအား လွန်ကဲစွာ အံ့ဩမိပါတော့သတည်း။

သူငယ်ချင်းထောင်မှူးကြီးဦးအေးချို ကောင်းရာသုဂတိလား ပါစေ။

**ထောင်မှူးကြီးသိန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မိုးစက်တွေက မှုန်နေအောင် တသဲသဲတဖွဲဖွဲ ကြွေကျနေသည်။ ဖြူပြာပြာ တောင်နိုးမြူငွေ့တွေက ပိန်းပိတ်အောင်ဆိုင်းလို့။ ယခင်ရက်များကကဲ့သို့ပင် ရာသီဥတုက ဆိုးဝါးနေဆဲဖြစ်သည်။ ဘယ်လိုနည်းနှင့်မျှသည် ရက်ရှည်တစ်ခွင်တစ်ပြင်လုံး မည်းမည်းမှောင်အောင် သုန်မှုန်နေပုံကြီးနှင့် တဖျောဖျောတဖြန်းဖြန်း တရမန်းကြမ်း ဝေ့ယမ်းတိုက်ခတ်နေသည့် လေရိုင်း၏ အရိပ်အခြည်ကို ကြည့်ရသည်ကပင် တစ်စက်ကလေးမျှ အားရှိချင်စရာမရှိ။ မိုးလုံးမှိုင်းပျံ အုံ့ဆိုင်းရီမှောင်ဝေ။

"လူနာရဲ့အခြေအနေ ဘယ်လိုရှိသေးသလဲယောက်ဖ။ ထူထူထောင်ထောင်ရှိရဲ့လား။ ငါလည်း ငါတို့စခန်းကရဲဘက်တွေ တစ်ယောက်ပြီးတစ်ယောက် ဖျားကြနာကြ၊ အသည်းအသန် လူနာတွေကို ဒဘတ်





ယန်က ဆရာမကြီးခေါင်နိဂျီးဆီ အပြေးအလွှား သယ်ရ၊ ကုသရ။ အခြေအနေဆိုးဆိုးတွေဆို ထောင်ပြန်ပို့ရနဲ့ ဂျင်ခြေလည်နေရော။ နင်တို့ဘက်ဆီ မရောက်တာတောင်ကြာပေါ့။ ငါက ကလေးမလေး အဖျားပျောက်သလောက်တောင်ရှိပြီ ထင်နေမိသေးတာ"

ပေါင်လယ်ခန့်၊ ဒူးဆစ်ခန့်၊ ရေတွေ၊ ရွှံ့နွံ့ဗွက်တွေထဲ၌ တမျိုမျိုရုန်း၍ ခရီးတွင်အောင် ဖွတ်တိုးသွားနေရင်းက သူ့ဆေးဝါးပစ္စည်းပစ္စယတွေ စု၍ထည့်ထားသည့် ပတ္တူအိတ်အဟောင်းကလေးကို လက်ဖြင့်ပွေ့ကိုင်လျက် သူ့နောက်မှ ခြေရာစွပ်ကြောင်းအတိုင်း မှေး၍လိုက်လာနေသည့် နော်အောင်ကို မေးမိရသည်။

စကားတပြောပြော လုပ်နေရင်းကပင် ဆင်တစ်ကောင်မျှမက ဆင်တစ်အုပ်လုံး စုံးစုံးမြုပ်သွားစေနိုင်သည့် ကျူတော၊ ကိုင်းတော၊ သက်ကယ်တော တပြန့်တပြောကြီးမှ ကျူပင်၊ ကိုင်းပင်၊ သက်ကယ်ပင်၊ ဘုတ်သိုက်တွေကို လက်နှစ်ဖက်ဖြင့် ခွဲကာဖယ်ကာ လျှောက်နေရသေးသည်။

သည်လူနာမိသားစုရှိရာ ကချင်တောင်ယာတဲ စုကလေးဆီသို့ ခရီးတစ်ကြောင်းထွက်မိပြီးပါက တစ်ကိုယ်လုံး ရစရာမရှိလောက်အောင် ရှရာခြစ်ရာတွေ ဗရပွဖြစ်တတ်သည်မှာ ထုံးစံ။ ကိုင်းပင်ရွက်များတွေက မျက်စိမျက်ဆန်ကို မခိုက်မိလျှင်ပင် တော်လှပြီ။

"အေး ... ဆရာ၊ ကလေးမလေးက သက်သာမလို၊ သက်သာမလိုနဲ့ တစ်နေ့တခြား ပိုပိုဆိုးလာလေသလားလို့။ ငါ့အထင်ပြောတာနော်။ ငါက ဆရာမှမဟုတ်ပဲ။ ဘယ်အတတ်ပြောနိုင်ပမတုံး။ အဲဆရာ့ကိုတော့ တော်တော်ခင်တွယ်ရှာသား။ အားအားရှိ တစ်မေးတည်းမေးနေတော့တာ။ ခုလည်း သူက အဖေဖုးန်ခေါက ဆရာ့ဆီ ခြေချ



www.burmeseclassic.com

www.burmeseclassic.com



ပါဦးလို့ ဖွတ်ချည်း နသားပါရလုပ်နေလို့ ပြေးလာခဲ့ရတာ။ ဖုံးနံ့ခေါ် မိန်းမဖယ်နောကတော့ သူတို့တဲနောက်ဖက် ဝါးရုံရိပ်နဲ့ ဖရုံစင်နားမှာပဲ မျက်ရည်နဲ့မျက်ခွက် ဖြစ်ကျန်ရစ်ခဲ့လေရဲ့”

“ဒီကလေးဖျားနေတာတောင် တော်တော်ကြာပြီနော်”

“အေး . . . ကြာလှပေါ့။ သူ့အောက်က အငယ်မနှစ်ကောင်ပဲ ဒဘတ်ယန်မှာ ကျောင်းတက်နေရာက သူတို့အစ်မမမာလို့ ပြုစုရအောင် ပြန်ခေါ်ထားရင်း ဒီတစ်နှစ် ကျောင်းနားလိုက်ရပကော။ မရှိဘူးဆို နှစ်လ, သုံးလပဲလေ။ ကဲ . . .”

စကားစတွေ တအောင့်တဖြုတ် ပြတ်သွားကြရပြန်သည်။

ကျင့်သားရနေသည့်ခြေတို့က ရေစိမ်ကွဲများနှယ် ခြေအနူတ် အသိမ်းမှန်မှန် ရှန်း၍ကန်၍ လျှောက်နေရင်းကပင် ထိုကလေးမငယ်အား စတင်တွေ့ခဲ့ရသည့် နေ့ကလေးတစ်နေ့ကို ပြေး၍ သတိရနေမိသေး၏။

အမှန်မှာ ထိုနေ့က သူတို့လယ်တဲစုဆီသွားဖို့ ရည်ရွယ်ခဲ့ရင်းကားမဟုတ်။ ထောင်မှူးကြီး ဆရာဦးဇော်မြင့်နှင့်အတူ မြစ်ကြီးနားအကျဉ်းထောင်မှ ဒဘတ်ယန်ကေ ၂၀၀ စိုက်ကွင်းအတွက် လုပ်အားပေးရဲဘက် လူသစ် ၂၀ ကို သွားထုတ်လာခဲ့ကြပြီး အပြန်လမ်းမှာ ဖြစ်သည်။

ဒဘတ်ချောင်းကိုကျော်၍ ကျွန်းတောကလေးကိုဖြတ်၊ မော့တက်ကုန်းကမူကလေးကို လွန်လေလျှင် လေးမိုင်ပတ်လည်ခန့် ကျယ်ဝန်းသည့် အင်းကြင်းတောတစ်ခွင်တစ်ပြင်ကြီးကို မျက်နှာချင်းဆိုင်လိုက်ကြရ၏။ ပန်းပွင့်နီနီတွေ ရဲနေဝေနေအောင်ပန်ထားသည့် အင်ကြင်းတောကြီးက ချစ်စရာ။ သည်အင်ကြင်းတောကိုဖြတ်ပြီးမှ ဟိုမှာဘက်





တောင်ရိုးကလေးအခြေ၌ သူတို့စခန်းကလေးက ရှိနေလေသည်။

အင်ကြင်းတောကြီး၏အစပ်မှာ သူတို့ ခဏအမောအပန်းဖြေနားနေကြခိုက် နော်အောင်နှင့် ကလေးမလေး၏အဖေ ဖုံးနံ့ခေါ်တို့နှစ်ဦးသား မောကြီးပန်းဟိုက်ဖြင့် ရောက်လာခဲ့ကြခြင်းဖြစ်၏။ ထောင်မှူးကြီးဦးဇော်မြင့်နှင့် အလောတကြီး တရွတ်သီထိုး ပြောကြဆိုကြ၊ ခြေပြလက်ပြ။

“ကဲ . . . ဆေးမှူးလေးရေ၊ ကျော်မြတ်သူကို အဖော်လုပ်ပြီး သူတို့တောင်ယာတဲစုကလေးဆီ လိုက်ကြည့်ပေးလိုက်ကြစမ်းပါဦး။ ကလေးမလေးတစ်ယောက် တော်တော်ကလေး ဖျားနေလို့တဲ့။ အေးအေးဆေးဆေးသာကြည့်ရှုပြီး လိုသလို ကုသပေးခဲ့ကြပေါ့။ လိုအပ်မယ်ထင်တဲ့ ဆေးဝါးတွေလည်း အစုံအလင်ထည့်သွားကြဦး။ တို့တော့ သွားနှင့်လိုက်တော့မယ်။ စခန်းကလည်း သိပ်ဝေးတော့တာမှ မဟုတ်တာ”

ထောင်မှူးကြီးဖြစ်လာဖို့ထက် ကျောင်းဆရာတစ်ဦးသာဖြစ်ဖို့ကောင်းနေတော့သည့် သဘောမနော ညင်သာလွန်းသူ ဆရာဦးဇော်မြင့်၏ စကားခွန်းကြောင့် သည်တောစခန်း၊ တောင်စခန်း၊ တောရိပ်မြိုင်ခြေတွင် အဖြစ်များတတ်သည့် ငှက်ဖျားဆေး၊ ဝမ်းကိုက်ဝမ်းလျှောကုသဆေးများနှင့် စုံစီနဖာ လိုအပ်ရာရာကလေးတွေကို ပတ္တူအိတ်ကလေးထဲ စုပြုံထည့်ရင်း တပ်သားကျော်မြတ်သူနှင့်အတူ ကချင်တောင်သူနှစ်ဦး လားရာနောက်သို့ တကောက်ကောက် လိုက်ခဲ့ကြရပြန်၏။

“ဖုံးနံ့ခေါ်ရေ . . . နော်အောင်ရေ . . .။ အားမနာကြနဲ့နော်။ လိုအပ်တာကို ဆေးမှူးကလေးက ကြည့်ပြီး ကုသပေးလိမ့်မယ်။ မကြာခင် လက်သာသွားမှာပါ။ တို့ကေ ၂၀၀ လယ်ကွင်းဘက်ဆီလည်း ကြုံရင် ဝင်ခဲ့ကြဦးပေါ့။ မိတ်ဖြစ်ဆွေဖြစ် ခေါင်ရည်ပိုင်းတစ်ပွဲလောက် ကြိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရအောင်''

ဆရာဦးဇော်မြင့်၏ အသံသြသြချိုကြည်ကြည်ကို ကြားမိအောင် ကြားလိုက်ရသေးသည်။ သည်နှယ် တောကြိုအုံကြား တောင်ဖျားချောင်းဖျား၌ ဒေသခံတိုင်းရင်းသားတွေနှင့် တွေးလုံးရစ်ပတ် အလွမ်းသင့် လွန်းလှသည်မှာ သည်လို လောကဝတ်တွေကြောင့်ဖြစ်မည်။ စိုက်စိုက်စိုက်စိုက်နှင့် ရှေ့မှ ခပ်သွက်သွက် လှမ်းသွားနေကြသည့် ဖုံးနံ်ခေါ်နှင့် နော်အောင်တို့က နောက်ကြောင်းသို့ ပြန်လှည့်ကြည့်လျက် သူတို့လက်တွေကို ပြုတ်ကျလုခမန်း လက်ပြန်ပြရင်း . . .

''အေး . . . ဆရာရေ့၊ အေး . . . အေး . . .''

ဟု နှုတ်ဆက်နေလိုက်ကြသေး၏။

ဟိုးအနောက်ဘက်တောတန်း မှောင်ရီညို့အပေါ်တွင် မေးတင်နေခဲ့သည့် နေလုံးနီရဲရဲကြီးက ပြုတ်ဆို မိုးကုပ်စက်ဝိုင်းအော်ကဆီ စုပ်ခနဲ ငုပ်ချသွားလိုက်သည်မှာ မြန်ပဲမြန်နိုင်လွန်းစွ။

ဖုံးနံ်ခေါ်တို့၏ ကချင်တောင်သူ ခြေလှမ်းခပ်ကျဲကျဲ၊ ခပ်သွက်သွက်တို့အတိုင်း ဖဝါးခြေထပ် သုတ်ခြေတင်လိုက်လာခဲ့ကြသည့်တိုင် သူတို့လယ်တဲစုကလေးဆီ ရောက်ခင်အောင် အတော်ကြာကြာကြီးကို ကြဲခဲ့ကြရသည်။ မိုးမှုန်မိုးစက်တွေ တဖျောဖျောထဲကပင် ဟောဟဲလိုက်နေအောင် သွားခဲ့ကြရ၏။ ကြွက်စုပ်ရေနစ် ဖြစ်နေကြသည့် သူတို့ကိုယ်ပေါ်၌ တုတ်တုတ်ကျ ရွှဲစိုနေသည်များမှာ မိုးရေတွေလား၊ ချွေးစက်တွေလားပင် ခွဲခြားမသိတတ်နိုင်။

ကချင်တောင်ယာ စပါးခင်းကလေးတွေကို တစ်ခုပြီးတစ်ခု ဖြတ်ခဲ့ရသည်။ တောင်ကျရေဖြင့် တင်းကြမ်းပြည့်လျှံနေသည့် ချောင်းရိုးကလေး သုံးလေးခုကို ကူးခဲ့ရသည်။ ဒဘတ်ချောင်းမကြီးထဲသို့စီးဝင်သည့် သည်ချောင်းမြှောကလေးတစ်ခုတည်းကပင် ကွေ့ကာလိန်ကောက်ဝေ့ဝေ့ဝိုက်ဝိုက်စီးဆင်းနေသဖြင့် သူ့ကိုချည်း အကြိမ်ကြိမ်ဖြတ်နေရခြင်းဖြစ်ကြောင်း ဖုံးနံ်ခေါ်က ရှင်းပြခဲ့သေးသည်။

တောင်ငွေ့တွေဝေနေသည့် ခင်တန်းကလေးများကိုလည်း တိုးခဲ့ရပြန်၏။ ရေတွေဗောင်းလန်နေသည့် ခြေသွားလမ်းရာကလေးအတိုင်း တစ်ယောက်စီ ရှေ့နောက်ဆင့်ကာ ချုံနွယ်ပင်ယောင်တွေကြားထဲသို့လည်း ဝင်ခဲ့ရ၏။ တစ်ကုန်းတက် တစ်မြောင်ကျော် တစ်မော်ကိုလျှိုး တစ်တောတိုး . . . တဲ့။

ရောက်မယ့်ရောက်တော့ နီနီရဲရဲ မြေစေးတွေ စေ့စေ့သိပ်သိပ်ဖြင့် လမ်းလျှောက်၍ကောင်းလွန်းလှသည့် တောခြေမြေလမ်းကလေးသည် တောနဘဲပင် စွင့်စွင့်လွင့်လွင့်ကြီးကို ကွေ့ပတ်၍ တစ်ဆစ်ချိုး, ချိုးချလိုက်ရာ ဒိုးနွယ်ချုံများအလွန်တွင် ဝါးရုံပင် အုပ်အုပ်စိမ်းစိမ်းကလေးတွေနောက်ခံ၌ ခြေတံရှည် ကချင်တောင်ယာတဲအိမ်ကလေး သုံးလေးလုံးကို ဘွားခနဲ တွေ့လိုက်ကြရခြင်းဖြစ်သည်။

မိုးမှုန်တွေသည်းသည်း တောင်နှိုးမြူငွေ့တွေ ပြာဝေနေသည့် နောက်ခံအခင်းအကျင်းမှာ ဟိုဟိုသည်သည် ယိမ်းနွဲ့နေသည့် ဝါးရုံပင်အုပ် စိမ်းစိမ်းဖားဖားတွေ၊ ပကာသနမပါ အရိုးခံသက်သက် အကြမ်းထည် ကချင်တောင်ယာအိမ်ကလေးတွေက ချက်ချင်းပင် သူတို့၏အာရုံကို ငြိစေသည်။

''ဟော . . . လာကြပြီ''

သောကဝန်ဖြင့် နွမ်းကြေနေသည့် မျက်နှာပြင်ပေါ်မှာ မျှော်လင့်ခိုးတွေဖြင့်ဝေလျက် ဝင်းဝင်းလဲ့သွားပုံမှာ ကြည့်နေရင်းကပင် သံယောဇဉ်တွယ်ငင်ချင်စရာ ဖြစ်ခဲ့မိရတော့၏။







www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ခဲ့သမျှ ချောင်း၊ ရောက်ခဲ့လေသမျှ နေရာတို့၏ ရေမြေ သဘာဝသည် အစစသန့်သစ်ကြည်လွှင်နေဘိသို့ သောကဝန်ဖြင့် နွမ်း နယ်နေသည့်တိုင် သည်မျက်နှာများသည် ကြည်စင်လွန်းလှသည်။

"ဖယ်နော . . . ကလေး ဘယ့်နှယ်နေသေးသလဲ"

"အေး . . . ကိုယ်ပူတော့ အရမ်းတက်နေတာပဲကိုး . . . နော့။ စကားမပြောဘူးပဲ။ အိပ်နေတာချည်းပဲ . . . နော"

ဝန်းကျင်သည် တစ်စတစ်စ သိသိသာသာ မှောင်၍လာချင် ပြီ။

တောင်ယာအိမ်ကလေးများပေါ်မှ မီးရောင်လက်လက်ကို မြင် နေရ၏။ ထွက်၍ကြိုလာသူ ကချင်အမျိုးသမီးရွယ်ရွယ် တစ်ယောက် နှင့် အသက်ဆယ့်သုံး,ဆယ့်လေး၊ ဆယ်ကျော်သက်မလေးတစ်ယောက် တို့ကို တွေ့သည်။ သောကရိပ်တို့ဖြင့် မှိုင်းမှိုင်းညို့ညို့။

"ဒီမှာ ဆေးမှူးဆရာကလေးပါလာတယ် ဖယ်နော့။ ဟိုးဘက် ရဲဘက်ကုန်းအထိ မရောက်လိုက်ရဘူး။ ကဂျိကွင်းထိပ် အင်ကြင်းတော အစပ်မှာပဲ ထောင်မှူးကြီးတို့နဲ့ တိုးခဲ့တာ။ ဟောဒီမှာ . . . ဆေးမှူး ဆရာကလေးကို တစ်ပါတည်း ထည့်ပေးလိုက်တယ် . . . သိလား"

"ကျေးဇူးကဘာဲဆိုင်နော့"

ဖုံးနှ်ခေါစကားကို တွဲပြန်ရင်း သူ့မျက်နှာကို အားကိုးတကြီး အကြည့်ရွှေ့လာ၏။

"သမီးကလေးကို ကယ်ပါဦးဆရာရယ်"

ပြောပြောဆိုဆို 'အင့်'ခနဲ ရှိုက်သံတစ်ချက်နှင့်အတူ မျက်ရည် စတွေက တာရိုးကျိုးသည်။

"သိပ်လည်း စိုးရိမ်မနေပါနဲ့ဦးလေ။ လူမမာက ဘယ်မှာလဲ။





ရောဂါဘယဆိုတာ သူ့ဆေးနဲ့သူ့ဟာ စနစ်တကျ အပ်ချမတ်ချ ကုသ လိုက်ရင် သက်သာပျောက်ကင်း သွားတတ်တာမျိုးချည်းပါ။

ရှိုက်သံမစင်ချင်သေး။ သူ့စကားကိုမူ အရေးတယူနားထောင် ရှာ၏။ ဖုံးနှ်ခေါနှင့် နော်အောင်တို့က ဝါးဘိုးဝါးကို အဆစ်တိုင်းမှာ ခြေ ချစရာထစ်ကလေးတွေ ထွင်းထားသည့် တစ်လုံးတည်းသော ဝါးဘိုးဝါး လှေကားအတိုင်း လျှောလျှောရှူရှူ နင်းတက်သွားကြသည်။ သူတို့က လည်း သည်ဒေသတွင် အနေကြာ၊ အတွေ့အကြုံများပြီးဖြစ်၍ မဆိုင်း မတွ နင်း၍နင်း၍ တက်နိုင်ခဲ့ကြ၏။

"ကြွပါဆရာ။ လူမမာက ဒီအခန်းထဲမှာပါ"

သမန်းသက်ကယ်ကို အစည်းလိုက် ဝါးညှပ်၍ မိုးထားသည့် တဲအိမ်အမိုးမှ သက်ကယ်အနံ့၊ ဝါးကြောစိမ်းစိမ်းကလေးတွေပင် အစိမ်း ရောင်မပြယ်မလွင့်သေးသည့် ဝါးဘိုးကြမ်းခင်းမှ ဝါးစိမ်းနံ့ ကချင်ဓလေ့ မီးဖို၏ သစ်သစ်လွင်လွင် အနေအထားတို့က သည်တောင်ယာအိမ် ကလေး ဆောက်ပြီးခဲ့သည်မှာ မကြာလှသေးကြောင်း သိသာစေသည်။

အခန်းကလေးက သပ်သပ်ရပ်ရပ်ကလေး။ အခန်းထောင့်၌ ဟယ်ရီကိန်း မီးအိမ်ကလေးတစ်လုံး ထွန်းထား၏။ ဝါးပိုးစိမ်းခုတင် ပုပုလေးပေါ်တွင် မိန်းကလေးတစ်ယောက် ပက်လက်ကလေးလဲနေ သည်။ အသက် နှစ်ဆယ်ဝန်းကျင် ရှိပေဦးမည်။

သတိမရ။ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလျက်ရှိ၏။ အသက် ရှူသည်ကလည်း မြန်လွန်းလှသည်။ အပြင်းဖျားနေခြင်းဖြစ်သည်။

သူ့ခုတင်ဘောင်နှုတ်ခမ်းစွန်း၌ သူ့ကို စိုးရိမ်တကြီး ငုံ့ကိုင်း၍ ကြည့်ရင်း မျက်ရည်တွေ တွေတွေကျနေသည့် သူညီမထွေးလေးကို လည်း တွေ့ရသည်။ သူကလေးကပင် သူ့အစ်မဖြစ်သူသည် သည်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်းချည်း မှိန်းနေခဲ့သည်မှာ နေ့တစ်ပိုင်းသာသာမျှ ရှိခဲ့ပြီဖြစ်ကြောင်း ပြောပြရှာသည်။ တကယ်ကမူ အဖျားရှိတက်လျက် သတိလစ်နေခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

"မစိုးရိမ်ကြပါနဲ့လေ။ ဆေးမှ မတွေ့ရသေးတာကိုး"

သူတို့အား ဖြေပြောကလေး တဖွဖွ ပြောနေမိသော်လည်း ရင်ထဲကမူ စိုးရိမ်ပူပင်စိတ်တွေဖြင့် တဒိတ်ဒိတ်ခုန်လျှက်။ ကလေးမလေးကို အပူတပြင်း ပြုစုကုသပေးရသည်။ သူတတ်ကျွမ်းနားလည်ထားသမျှ ဆေးပညာဆိုသည်များကို တစ်စမကျန် အိပ်သွန်ဖာမှောက် သူထုတ်သုံးသည်။

မိခင်ဖြစ်သူအား သူကလေး၏တစ်ကိုယ်လုံးကို ရေအေးအေးဖြင့် ရေပတ်တိုက်ချခိုင်းလိုက်ပြီး အဝတ်သန့်သန့်တွေကို လဲလှယ်ဝတ်ဆင်စေသည်။ လိုအပ်သည့် ကုထုံးနှင့် ဆိုင်ရာထိုးဆေးများကိုလည်း ခပ်သွက်သွက် ခပ်လောလောကလေး ထိုးနှံပေးလိုက်ပြီး အကြောဆေးတွေကို သွင်းပေးထားလိုက်သည်။

စက္ကန့်၊ မိနစ်ကလေးများက တဖြုတ်ဖြုတ်ကြွေလျက်။

တဲအိမ်အပြင်၌လည်း မိုးတွေက တဝုန်းဝုန်း တဒိုင်းဒိုင်း သွန်ချနေလျှက်။ ဝန်းကျင်သည် မိုးဖြူသည်းသည်းကြီးထဲမှာ။

"အင် ... အင် ..."

"ဟော ... အစ်မ ခေါင်ညွှယ် သတိရလာပြီ"

ပန်းကလေးတစ်ပွင့် ညိုးမလို နွမ်းမယောင်ပြုနေရာမှ ရေငွေ့ဖြင့် ပြန်၍ လန်းရှင်လာသလိုမျိုး။ လူမမာကလေးမလေး၏ အဖျားရှိန်ဖြင့် ရဲနေခဲ့သော မျက်နှာကလေး၌ ပန်းသွေးနုနုသာ တင်ကျန်ရစ်ခဲ့လျှက် ဝါဝါနုထွေးလာခဲ့ပြီ။ သည်တော့မှပင် ပင့်သက်လေကို ဟူးခနဲ





ချ့ဖြစ်ရတော့၏။

"ကျေးဇူးပဆရာ။ ငါတို့ခေါင်ညွှယ် သတိလည်လာခဲ့ပြီနော။ ဘုရားသခင် ကျေးဇူးတော်ပေပဲ ... နော ... ဆရာ"

ဖုံနံ့ခေါနှင့် ဇယ်နောတို့၏အပြုံးတွေက ပြန်၍ လင်းပွင့်လာကြပြန်၏။ သူကမူ စကားမပြောနိုင်အားသေး။ အသိ၊ သတိတွေ လည်လာသည့်တိုင် အားနည်းဖျော့တော့စွာဖြင့် မှိန်းနေရှာသေးသည့် မိန်းမငယ် ခေါင်ညွှယ်ကိုသာ ငေးကြည့်နေမိဆဲ။

လှလိုက်သည့် မျက်နှာကလေး။ သူ့တစ်သက် သည်မျှလှလွန်းသည့် မျက်နှာကလေးကို တစ်ခါဘူးမျှ မတွေ့ခဲ့စဖူး၊ မမြင်ခဲ့စဖူး။ သူ့ရင်ထဲသို့ သနားကြင်နာမှု လှိုင်းငယ်ကလေးများ တဖျတ်ဖျတ် တသိမ့်သိမ့် လှုပ်ရမ်းတုန်ယင်လာသည်ကို ဘာသာသိနေမိ၏။

ချွေးကလေးတွေ ဥလာနိုလာလျှက် မီးအိမ်အလင်းရောင်ဝင်းဝါဝါ၌ မျက်တောင်ကလေးတွေ မှေးစင်း၊ မျက်လုံးကလေးတွေမှိတ်၊ သူ့မျက်နှာပေါ် လက်ကလေးတင်ထားကာ ပြုံးယောင်ယောင်ကလေး အိပ်ပျော်နေပုံမှာ လှလှချည့်။

ပိန်းကြာရွက်ပေါ်၌ တွဲရရွဲတင်နေသည့် ရေစက်ရေပေါက်လုံးကလေး တစ်စက်တစ်ပေါက် နေရောင်ဝင်းဝင်းမှာ လင်းလက်နေသည်သို့ဖြစ်သည်။ ကြာရွက်ဖျား အနားသားကလေးမှ ဖျိုးခနဲ ဖျတ်ခနဲ လိမ့်လူး၍ ပြုတ်ကျသွားမည်ကို ရင်တဖိုဖိုဖြင့် စောင့်ကြည့်နေရသလို သူကလေးကို အသာစောင့်ကြည့်နေမိခဲ့သည့် တမေ့တမောအဖြစ်ကိုပင် ဘာသာသတိမထားမိ။

"ကဲ ... ကဲ ... လူနာလည်း သူ့ဘာသာ အိပ်ပါစေတော့။ ဒါမှ အားကလေးအင်ကလေး ပြည့်လာနိုင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



သူကဦးဆောင်၍ အခန်းအပြင် ထွက်လာခဲ့၏။

"ကျေးဇူးပ . . . ကျုပ်ဆရာ။ ပြောစရာစကားတောင် ရှာမရတော့ဘူးပ . . . နော။ ဆရာလေးပေးတဲ့အသက်ဆို ရရှိတာပဲ။ အဲဒီကဆရာလေးနဲ့ ထောင်မှူးကြီးတို့ကိုလည်း ကျေးဂျူးကဘာဘဲနော"

မိန်းမသူတွေတစ်သိုက်နှင့် သူတို့ အခန်းအပြင်ထွက်လာသည့်အခါ ဖုံးနံ့ခါက စပ်ပီဘူး၊ ခေါင်ရေဘူးတွေနှင့် ဝါးခွက်ကလေးတွေ စီစီရီရီအဆင်သင့်။ ကျွဲသားခြောက် မီးဖုတ်ဆီဆမ်း၊ အမဲသားဖက်ထုပ်၊ ထမင်းပေါင်း ပူပူနွေးနွေးတို့ အဆင်သင့်ဖြင့် ကြိုလင့်သည်။ မီးခိုးနံ့လေးသင်းသင်းဖြင့် မွှေးနေမြဲ။ ဖခါးရည်နီညိုရင့်က ဖိုခွင်ပေါ်မှာ ပွက်သံပေးနေ၏။

"ဆရာလေးတို့ ညအိပ်လိုက်ကြပါလား။ မိုးကလည်း သည်းကြီးမည်းကြီး ရွာနိုင်ရန်ကော။ ဒီညတော့ စဲမယ့်ပုံမမြင်တော့ဘူး နော။ ဒီလမ်းဒီခရီးက နေ့ခင်း မြင်သာထင်သာတောင် သွားရလာရခက်လှတာ။ ညရေးညတာများဆို မလွယ်ဘူးပ။ ပိုးကောင်မွှားကောင်နဲ့ တောကောင်ရန်က ရှိသေး။ အေး . . . ဒီမှာပဲ ညအိပ်လိုက်တာ စိတ်အေးရမယ်ထင်ပ နော၊ ဆရာ"

နော်အောင်က တွေးတွေးဆဆ ခပ်လေးလေးပြောသည်။ သူတို့လည်း ကိုယ်ရောစိတ်ပါ ပင်ပန်းရှာ၍ဖြစ်မည်။ ကချင်ပြည်နယ်၏ နာမည်ကျော် ကဝါးခကောက်ညှင်း အရက်နံ့မွှေးမွှေး တစ်ငုံတစ်ပေါက်ဖြင့် သွေးနွေးထားကြလေသည့်ဟန်။ သောက်လက်စပုလင်းက တစ်ဝက်ကျိုးလုလုနီးပါ။ စကားပြောကား မူမပျက်။

သူက ဆရာကျော်မြတ်သူ၏ မျက်နှာကို ကွက်ခနဲ ကြည့်ဖြစ်လိုက်သည်။ အဆုံးအဖြတ်ပေးနိုင်သူက သူမဟုတ်။ တပ်သားဆရာ





ကျော်မြတ်သူ။ သည်ဆရာလည်း အမြည်းကလေးကောင်းကောင်း၊ ဝမ်းဟာဟာနှင့်မို့ 'အာသွက်ခယစျာန်' ရထားပြီးပြီထင်၏။ ခါတိုင်း မျက်နှာ တည်တည်တင်းတင်းက ပြုံးကျဲကျဲ၊ ရီဝေဝေ။ မျက်နှာပေါ်မှာ သွေးရောင်လျှမ်းလို့။

"ဟုတ်တယ် ဆေးမှူးကလေး။ မိုးက များလွန်းတယ်။ ဒီအချိန် ဒီအခြေအနေမှာ အရဲကိုးပြီး ပြန်သွားဖို့ဆိုတာက ဒုက္ခများဖို့ပဲရှိတာ။ ထောင်မှူးကြီးကလည်း အေးအေးဆေးဆေးကုလို့ ပြောခဲ့သားပဲဟာ။ ဒီမှာပဲ တစ်ညတစ်လေ အိပ်လိုက်ကြတာပေါ့"

သူကမူ သူတို့ဒုက္ခထက် လူမမာ မိန်းကလေးကိုသာ ထည့်၍ တွေးနေမိသည်။ လူနာ၏အခြေအနေက စောင့်ကြည့်ပေးပြီး လိုအပ်သလို ကြပ်မတ်ကုသပေးဖို့ လိုသေးသည်ကောန်။

"ဆရာ့သဘောပေါ့လေ။ လူနာအခြေအနေကလည်း တစ်ညတစ်လေတော့ စောင့်ကြည့်ဖို့ လိုနေသေးတာ အမှန်ပဲ"

"အေး . . . ကျေးဇူးတွေ အထပ်ထပ်တင်ရပကော ဆရာနော"

"ရော့ . . . ဆရာလေး လာထိုင်။ တစ်ခွက်တစ်ဖလား လုပ်ထားဦး။ အေးကအေးသနဲ့။ တို့ ခေါင်ညွယ်လည်း တောင်ကျော်ခဲ့ပ မဟုတ်လား . . . အေး"

မီးဖိုက မီးညွှန့်မီးတောက် မီးလျှံတွေ တရဲရဲ။ အပြင်မှ မိုးသံတဝေါဝေါတွေနှင့်အပြိုင်။ မီးလျှံအလင်း၌ ဝင်းခနဲ ဝင်းခနဲ ကွက်၍ကွက်၍ လင်းလက်လင်းလက်လာနေသည့် ရုပ်သွင်တွေထက် ဆရာကျော်မြတ်သူ၏ မျက်နှာကိုသာ သူက စိုက်၍ ကြည့်နေမိ၏။

"ရော့လေ . . . ဆရာလေး . . . လုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူး . . . ဆရာ"

ဆရာကျော်မြတ်သူ ကမ်းပေးလာသည့် ဝါးခွက်ကလေးကို ဖျတ်ခနဲယူထည့်လျှက် 'ကွပ် . . . ကွပ်' ဟု ကသောကမျော ကုလားမျို မျိုချလိုက်မိလေရာ 'ကဝါးခ'က အာခေါင်ခံတွင်းတွေကို မီးမြှိုက်မီးကင်လိုက်သလို လောင်သည်။

"အား . . ."

လည်ချောင်းဝမှာ စူးခနဲပူသည်။ သို့ထက် သူ့ရင်ထဲက ပို၍ ပြင်းပြင်းပျပျ ပူလှချည့်။ သနားစဖွယ် ကချင်မိန်းမငယ်လေး၏ ရောဂါ အဆောက်အအုံက ကြီးလွန်းလှသည်ဟု သူက ခန့်မှန်းထားမိပြီးဖြစ်လေရာ 'ဒီတောင်ကို တကယ်ကျော်နိုင်ပါတော့မလား' ဟု သူက စိုးရိမ်မကင်း ဖြစ်လာမိ၏။

ဆရာနှင့် လူနာဆိုသည့် အနေအထားထက် ကဲသာသော သမုဒယနွယ်တစ်မျှင်က မချည်သာမနှောင်သာ လွန့်လူးလာနေပြီကို တမင် မသိဟန်ပြုနေခဲ့မိသည့်တိုင် သေချာအုံ့မှုးမှုး ဖြစ်နေတော့သည်။

"ခေါင်ညွှယ် သက်သာပြီပ . . . နော . . . ဆရာလေး"

"အင်း . . ."

သူ့နှုတ်က ဆွံ့ဆွံ့အအ။ သူ့ရင်နှလုံးနှင့် သူ့'အင်း'က စည်းမကိုက်ဝါးမညီ၊ ခက်သည်။ ခက်လွန်းလွန်းတော့သည်။

## ၂

❑

"ကလေးက ဒီတောင်က ကျော်ပါတော့မလား . . . ဟင် . . ဆရာလေး"

တိုက်တိုက်ဆိုင်ဆိုင်။ ခေါင်ညွှယ်ကလေးမလေးကို ဆေးကုပေးဖို့ (စစ္စာဦးကြုံကြိုက်ဖြစ်ခဲ့သည့် ကဂျီကွင်းအစ အင်ကြင်းတောကြီးထိပ် ကျွန်းသုံးပင်) ညီနောင်အရိပ်က ဘဲစားမြက်စိမ်းစိမ်းတွေ တောထိနေသည့် မြေအပြင်မှာ 'ဟူး'ခနဲ သက်ပြင်းမောတစ်ရှိုက်ကို မှုတ်ထုတ်လိုက်ရင်း ဖင်ချထိုင်မိစဉ်အခိုက် နော်အောင်က ပြောလာခဲ့ခြင်းဖြစ်သည်။

"နော . . . ဆရာလေး၊ ရောဂါက ကျွမ်းနေပြီပ။ ဟုတ်ရဲ့လား . . . အေး"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်ဖြင့် သေွ့ခြောက်ကျုမ်းခြစ်နေပြီဖြစ်သည့် နော်အောင့် အပူသံကို ကြားရပြန်သောအခါ သူစကားတုံ့တင်မဆိုမိ။ မိုးစက်တွေဖြင့် မှုန်နေသည့် ခေါင်ညွှယ်ကလေးမတို့၏ ဝါးတဲအိမ်စုကလေးဆီသို့သာ မှန်းဆမျှော်ကြည့်နေဆဲ။ မြင်ကွင်းက ပို၍ မှုန်မှိုင်းလာနေသယောင်။ မိုးတွေ တအားသည်းလာနေ၏။

သူတွေးနေသည်။

နော်အောင်ပြောသလို 'ခေါင်ညွှယ်ကလေးမလေးက သည်ရောဂါအထုအထည်ကြီးကို ကြံ့ကြံ့ခိုင်ခိုင် ရင်စည်းခံ၍ တွန်းလှန်နိုင်ပါ့မလား' အတွေးတွေက စိတ်တံခါးကိုဖိ၍ ပိတ်ထားသည့်အကြားကပင် ဖွတ်တရွတ်တွန်းနှဲ့၍ ဝင်ဝင်လာချင်သေးသည်။ ခေါင်ညွှယ်လေး နေပြန်ကောင်းပါဦးတော့မလား။ သူ့ကိုယ်သူအခါခါ မေးမိခဲ့၍ မေးပြီးတိုင်းလည်း အဖြေစကားကို မကြားဝံ့ဝံ့။ မရှုံ့မရဲ တွန့်ဆုတ်တွေဝေနေမိစေသည့် အက္ခရာစကားလုံးတွေ။

တစ်ရက်ထက်တစ်ရက်၊ တစ်နေ့ထက်တစ်နေ့ ကျွမ်းဝင်ရင်းနှီးမှုအသက်အနေ ကြာရှည်လာလေလေ တစ်စစ တွားလာနေသည့် မရဏတရား၏ အရိပ်မည်းလက်တံရှည်ကြီးတွေက တလှုပ်လှုပ် တယိမ်းယိမ်း ရွေ့လျားတွန်းထိုး၍ နီးနီးလာလေလေဖြစ်သည်။ သမုဒယဖြင့် အထုံးအဖွဲ့ မပြုသာသေးမီကလေးမှာပင် ပုရစ်ဖူးနုတွေ နွမ်းရိကြွေလွင့်ချိန်က စောလွန်းစွာ ရောက်လာခဲ့ပြီထင့်။

မှတ်မိသေးသည်။

သည်သို့မှတ်သိစိတ်ကလေး ဖျတ်ခနဲ ပူးဝင်ခိုငြိမိစဉ်အခိုက်မှာပင် သူ့ရင်က လှိုက်ခနဲ ခုန်လာလိုက်ချင်သေးသည်။ တဒိတ်ဒိတ်။ ပြီး . . . တဒိတ်ဒိတ်။





ခေါင်ညွှယ်တို့ တောင်ယာဝါးတဲအိမ်ကလေးမှာ ညအိပ်ညဉ့်နေနေဖြစ်ခဲ့သည့်ထိုည။ တစ်ညသားက ဖြစ်၏။

တစ်နေကုန် ပင်ပန်းကြီးစွာ ကူးခဲ့သည့်လျှောက်ခဲ့ရသည့် ခန္ဓာဝန် တောက်လျှောက်ကြီး ပန်းဖိလာသည့် သောကဝန်တို့ကြောင့် နွမ်းချိလျက် 'ကဝါးခ' ကို အဖော်လုပ်၍ အိပ်ဖြစ်လိုက်ကြသည်မှာ တမေ့တမော။ ရုတ်တရက် သူနိုးလာသည့်အခါ မိုးတွေ တဝုန်းဝုန်းရွာချနေသည်။ မိုးရွာနေသည်မှ ဟုတ်ရဲ့လား။ မိုးစိုင်မိုးသားတွေကပင် အတုံးလိုက် အတစ်လိုက် ပဲ့ကြွေပြိုဆင်းလာနေတော့သည်လား။ မိုးက ကြောက်ခမန်းလန့်ခမန်း ရွာချနေတော့သည်။

လှူသံလိုလို ကြားရ၏။

လူမမာကလေးမလေး၏ အခန်းထဲကလား။

တစ်ခုခုကို အာရုံစူးမိလျှင် မနှုတ်ရက်မပယ်ရက် စွဲစွဲနစ်နစ်ရှိတတ်လွန်းသည့် သူ့စိတ်အခံကြောင့်များ ဖဝေဖဝါအတွေးတွေက ဝင်ဝင်လာမိခြင်းလည်း ဖြစ်မည်ထင်သည်။

မိုးက ဝေါရှည်ကြီး ဆက်လက် သည်းသည်းထန်ရွာနေဆဲ။

သူဆက်အိပ်၍မရ။ တရှူးရှူး ဟောက်သံပေးနေကြသည့် သည်လူစုတွေထဲမှာ သူလိုအိပ်မပျော်ပဲ အာရုံနိုးနေသေးသူတစ်ယောက်ဖြင့် ရှိနေသေးသည်။ ခေါင်ညွှယ်များလား၊ ကလေးမလေးနိုးနေလေသလား၊ အဖျားတက်နေပြန်ပြီလား။

မည်သို့မျှ သည်းမခံနိုင်တော့။

သူ အိပ်ရာမှ ရုတ်တရက် ထလိုက်သည်။

"လူနာအခြေအနေ ဘယ်လိုရှိသေးသလဲ"

သိချင်စိတ်တွေ၏ စေ့ဆော်မှုဖြင့် တံခါးမရှိ၊ ကချင်ရိုး[illegible] ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းတစ်ထည်ဖြင့်သာ ဖြစ်ကတတ်ဆန်းလွှားကာထားသည့် ဝါးစိမ်းကြောထုထရံဆီးကာထားသည့် အခန်းကလေးထဲကို ယုံယုံရဲရဲ လှမ်းကြည့်လိုက်၏။

ကာလအတန်ကြာ ပူပန်ညစ်နွမ်းစိတ်ဖြင့် အအိပ်အနေ ပါးရှားခဲ့ကြရသူ ခေါင်ညွှယ်၏ ညီမကလေးတွေက ဝါးခုတင်ပုကလေးနံဘေးမှာ စိတ်ချလက်ချ ကွေးကွေးကလေးတွေ အိပ်မောကျနေကြသည်။ ပေါက်သံများပင်ပေးလို့။ ပါးစပ်ကလေးတွေ ဟောင်းလောင်းနှင့်။

"ဟင် ..."

မျက်ဝန်းလက်လက်ကလေးတစ်စုံ။ အလင်းရိပ်တွေ ယိမ်းထိုးလှုပ်ယမ်းနေသည့်အထဲမှာ သူမြင်သည်။ မိုးသက်လေကြောင့် ဟာရီကိန်းမီးအိမ်ကလေးက ဟိုသည်လွှဲလျက် ရီးလေးခိုလို့။ ခန်းစီးစ ပုဆိုးအဟောင်းကလေးကမူ လေနှင့်အတူ လူးပျံရင်း ဝင့်ဝင့်ဝဲဝဲ။ ဖျော့တော့တော့ ဝါကျင်ကျင်မျက်နှာလေးက အားကိုးရာမဲ့နေသလို တိမ်းတိမ်းမွေမွေ။

"ဘယ်သူလဲ ... ဘယ်သူလဲ ... ဟင်"

သူက စိုးရိမ်စိတ်တွေတစ်ကိုယ်လုံး မြွေဆိပ်ပျံ့သလို ပျံ့တက်လာလျက် သူ ဝါးစိမ်းခုတင်ကလေးနံဘေးကို လျှောခနဲ ရောက်သွားသည့်အခါ သူကလေး၏မျက်စိတွေက သူ့ကိုစူးစိုက်ကြည့်နေပြီး တိုးတိုးတိမ်တိမ် မေးရှာသည်။

"မကြောက်ပါနဲ့။ ခေါင်ညွှယ်ကို ဆေးကုပေးနေတဲ့ ဆေးမှူးပါ။ ဘယ့်နှယ်နေသေးသလဲဟင်။ နေသာရဲ့လား"

"ဩော် ... အင်း ... ဆေးမှူးလား။ ဟိုး ... ရဲဘက်ကုန်းက ..."





"အင်း ... အင်း ... ဟုတ်တယ်"

"အေး ... အေး ... ဆရာ၊ ခေါင်ညွှယ်သေမှာလားဟင်"

"ဟာ ... မဟုတ်တာ။ အခုပဲ သက်သာလို့ စကားတောင်ပြောနိုင်နေပြီပဲ။ မကြာခင် နေကောင်းသွားမှာပါ"

"ခေါင်ညွှယ် မသေချင်သေးဘူးဆရာ။ ခေါင်ညွှယ် လုပ်ချင်တာတွေ အများကြီးရှိသေးတယ်။ ခေါင်ညွှယ်သေလို့ မဖြစ်သေးဘူး"

"ဘယ်လိုမှ မသေနိုင်ပါဘူးကွယ်"

"ခေါင်ညွှယ် ... ခေါင်ညွှယ် မသေပါရစေနဲ့နော်"

သူကလေး အဖျားတက်နေပြန်ပြီဟု သူ့စိတ်မှာထင်လာသည်။ ဖျတ်ခနဲ သူကလေး၏ လက်ကောက်ဝတ်ကလေးကို ကောက်ကိုင်စမ်းကြည့်လိုက်မိ၏။ သေချာသည်။ မိန်းကလေး အဖျားတက်နေပြန်ပြီ။

သူမမျက်နှာကလေးက ဖျားသွေးတို့ဖြင့် ရဲတွတ်နေ၏။ သူမသွေးကြောကလေးတွေထဲက တဒိတ်ဒိတ် သွေးတွေ ဆောင့်တိုးနေသည်ကို သူမလက်ကောက်ဝတ် ပူပူနွေးနွေးနုနု အိအိကလေးမှတစ်ဆင့် သူ့ ရင်မှာ ဒက်ထိသိနေရသည်။

စိတ်ချင်းဆက်မနေကြသည့်တိုင် အထိအတွေ့မှတစ်ဆင့် အာရုံချင်းဖြင့်ဆက်လျက်။ ညှိသက်လိုက်သည့် အသားအရေ။ အဖျားရှိန်တွေဖြင့် ပူခြစ်နေသည့်တိုင် နူထွေးပျောင်းအိမှုက သိသာနေပြန်သေးတော့သည်။

"မိုးတွေကလည်း သည်းလိုက်တာနော်"

နှစ်ချက်သုံးချက် ဝေါခနဲ ဝေါခနဲ ဖိတိုက်လိုက်သည့် မိုးသည်လေရမ်းကြောင့် တောင်ယာတဲအိမ်ကလေးက သိမ့်ခနဲလှုပ်၍ ယိမ်းချင်ယိုင်ချင်သည်။ သည်မိုးသည်လေကိုဖြင့် တစ်အောင့်တစ်ဖြုတ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



မျှ တန်းစေ့နားစေချင်မိတော့၏။

သူက မိန်းကလေး၏လက်ကို မလွှတ်။ လက်ကောက်ဝတ်သွေးကြောလေးတွေကို ခပ်ဖွဖွ ဖိကိုင်ထားရင်း ဝါးစိမ်းခုတင်ဘေးဘောင်အပေါ် တင်ပုလ္လင်အသာဝင်ထိုင်ကာ သူမမျက်နှာနွမ်းနွမ်းကလေးကိုသာ စေ့စေ့ကြည့်နေမိသည်။ သူကလေးကိုဖြင့် ကဒက်ဖြစ်စေ စိုးထိတ်စိတ်ငယ်မှုမဖြစ်စေပဲ ကာကွယ်ပေးထားချင်မိသည်ကိုးလေ။

"အေး ... ခေါင်ညွှယ် ဘာလို့ မသေချင်သေးတာလဲဆိုတာ ပြောပြရမလားဆရာ ... ဟင်"

ဖျားသွေးဖြင့် တုန်ယင်နေရင်း မျက်လွှာကလေးကို စေ့စေ့ပိတ်၍ သူကလေးက သဲ့သဲ့ပြောသည်။ သူ့စကားမဆိုမီ၊ သူ့လက်အထိအတွေ့၌ အဖျားရှိန်အားကြီးလွန်းလှကြောင်း စိတ်မကောင်းစွာ သိနေရသည်ကပင် သည်ညအဖို့ စိတ်ဆင်းရဲစေခဲ့ပြီ။

"ခေါင်ညွှယ်ပြောမယ်။ တဆိတ်ကျေးဇူးပြုပြီး ဘယ်သူ့ကိုမှ ပြန်မပြောပါနဲ့နော်။ နော ... ဆရာ"

နှစ်ကိုယ်နှစ်နား ကြားသာရုံမျှ သူ့အသံကလေးက ယဲ့ယဲ့တိုးတိမ်တိမ်။ သူက ကိုယ်ကိုကိုင်း၍ အသာငုံ့ပြီး နားထောင်ရ၏။ သူမ၏နှုတ်ခမ်းလွှာလေးများက သူ့နားဆီအထိ ကပ်၍ကပ်၍လာသည်။ သူမ၏ ဆံနွယ်မျှင်ကလေးတွေကလည်း သူ့ပါးကို မထိတထိ ပုတ်ခတ်လျက်။ သူမက မရပ်မနား တိုးတိုးကလေးပြောနေ၏။

သူမ ဘာတွေပြောနေမှန်းလည်း သူမသိ။ စကားသံက ဝဲလွန်းလှသည့်အပြင် သိပ်မြန်လွန်းနေသည်။ တစ်ခါတစ်ခါ ကချင်လိုချည်း တသီတတန်းကြီး ပြောချင်ပြောနေပြန်သည်။ အဖျားတက်ပြီး ကယောင်ကတမ်းတွေပြောနေတာ ဖြစ်မည်။

---





"မှတ်ထားနော် ဆရာ။ ဘယ်သူ့ကိုမှ ပြန်မပြောရဘူး ... နော်"

နောက်ဆုံးတော့ စကားဆုံးသွားဟန်တူသည်။ သူမ ခေါင်းကလေးက တဆတ်ဆတ် တုန်နေရှာတော့၏။ မျက်ဝန်းကလေးများကား ထက်သန်မှုတွေဖြင့် တလက်လက်။ သူမ၏ ခေါင်းအုံးကလေးပေါ်မှာ နွမ်းနွမ်းအိအိကလေးလှဲ၍ ကတုန်ကယင် ဖြစ်နေရှာသည်။

နည်းနည်းငြိမ်သွားအောင် ဆေးတစ်ခွက်တိုက်လိုက်ရသည်။

နဖူးပေါ် လက်ကလေးတင်လျက်၊ အပြုံးယဲ့ယဲ့ကလေး ပြုံးလျက်၊ မျက်လွှာကလေး ပိတ်လျက် မှေးစင်းနေသည်။ အိပ်ပျော်သွားသည်လည်း ဖြစ်မည်။

မည်သို့ပင်ဖြစ်စေ သူကလေးနှင့် သူ၏ရင်းနှီးမှုသည် အဆင့်သစ်တစ်ခုသို့ ရောက်ခဲ့ပြီဖြစ်သည်။ အားကိုးခြင်း၊ ယုံကြည်ခြင်း၊ လေးနက်ခြင်းတို့သည် မိုးသည်သည်းမှာ။ သူကသည်သို့သာ ထင်ခဲ့သည်။ ယခုတိုင်လည်း ထင်နေမိဆဲ။

"ဆရာလေးကုပေးနေတာပဲ ကြာပြီရော။ ဟိုးတလောကလေး တုန်းကလည်း ရဲဘက်ကုန်းကို ခဏလာတဲ့ ဆရာဝန်ကြီး ဦးတန်ဂွမ်းက ဝင်ကြည့်၊ ဝင်ကုပေးသွားခဲ့သေးတာပဲ ... နော။ ပျောက်မဲ့ရောဂါဆို ပျောက်တာကြာပေါ့ ... နော ဆရာ"

နော်အောင်က သူ့တစ်ကိုတည်းပြောသလို ပြောနေသည်။ နော်အောင့်ကို တစ်ခုခုပြန်ပြောလိုက်မှ ကောင်းမည်။ သူတစ်ယောက်တည်း သူ့အတွေးတွေထဲမှာ ဝဲလည်ခတ်နေရသည်ကို သူ ငြီးငွေ့စိတ်ပျက်လာပြီ။ သူ့နှုတ်က တစ်ခုခုအသံထွက်ကာ ပြောနေခြင်းဖြင့် သူ့ရင်ထဲက စိုးရိမ်ပူပန်မှုတွေ မှေးမှိန်လျော့ပါးသွားလေမလား သူတွေးသည်။

---



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်းပြောရရင် ဒီမိသားစုကို သံယောဇဉ်တွယ်ချင်ချင်ပဲဗျ။ မဟုတ်သေးပါဘူးလေ။ သံယောဇဉ်ကို ဖြစ်နေမိခဲ့တာ ကြာလှပြီပဲ။ ဒီတော့ ခေါင်းညွှယ်ကလေးရဲ့ တကယ်စိုးရိမ်ရတဲ့ အခြေအနေကို ပွင့်ပွင့်လင်းလင်း ပြောချင်နေခဲ့တာလည်း အမှန်ဗျ။ ပြောလည်းမပြောရက်။ ပါးစပ်က စကားလုံးတွေကလည်းမထွက်"

"ဟင် . . . ဒါ . . . ဒါဆို ဆရာလေး။ ခေါင် . . . ခေါင်ညွှယ်က . . ."

"ဟုတ်တယ် . . . နော်အောင်။ ကလေးမရဲ့ရောဂါက ကျုပ်တာဝန်ယူနိုင်တာ အထက်ကို ရောက်သွားခဲ့ပြီ"

သူ့ကိုယ်သူပင် အံ့ဩမိရသေး၏။ သူ့ရင်ဝယ်မြုံနေခဲ့သော အက္ခရာသေတွေက အခုလို ဝေါခနဲ အန်ကျလာဖြစ်လိမ့်မည်ဟု သူ ဘယ်တုန်းကမျှ မထင်ဖူးခဲ့။

"ဟုတ်တယ်။ ကိုယ့်အပေါ်မှာပုံပြီး ယုံထားကြတဲ့အချိန်မှာ အဲဒီလို ယုံကြည်ကိုးစားနိုင်တဲ့ အခြေအနေ ကိုယ့်မှာမရှိတော့တဲ့ အဖြစ်မျိုးကို တွေ့တွေ့တင်တင်ကြုံလာရရင် ဘယ်လိုရှိလိမ့်မလဲ။ ကျုပ်ကြုံနေရတာ အဲဒီလိုမျိုးကြီးဗျ။

အေးလေ . . . ခင်ဗျားတို့စိတ်ထဲမှာ အဲဒီကလေးမလေးရဲ့ အသက်အန္တရာယ်ဆိုတာကြီးကို တွေးတောစိုးရိမ်မနေရလောက်အောင် ကျုပ်အပေါ် စိတ်ချလက်ချ ပုံအပ်ထားကြပြီးပြီဆိုတော့ ဘယ်ထင်ကြလိမ့်မလဲ။ ကျုပ်လျှာဖျားကလည်း 'ဘာမှမစိုးရိမ်နဲ့၊ ခေါင်ညွှယ်ကလေး ကောင်းသွားမှာပဲ။ တဖြည်းဖြည်း အားလုံးကောင်းသွားမယ်။ မကြာခင် ပြန်ကျန်းမာလာတော့မှာ' ဆိုတာမျိုးတွေချည်း ကြားကြားနေရတော့ အဲလိုပဲ ယုံနေကြမှာ . . . ဟုတ်တယ်နော်"





ဘာလို့များ သည်စကားလုံးတွေက ရေစီးသလို ဒရောသောပါး သွန်ကျလာပါလိမ့်။ သူ့ကိုယ်ကိုသူပင် မယုံချင်။ ရင်၌ သိုခဲ့ဝှက်ခဲ့ ထုပ်ပိုက်ထားမိခဲ့သမျှတွေမဟုတ်လား။ ပြောနေရင်းက ရင်တွေပူလာပြန်သည်။

"ဒါပေမဲ့ တကယ့်အမှန်တရားတွေက ကျုပ်ကို ခြောက်လှန့်နေပြီဗျ . . . နော်အောင်၊ ခင်ဗျားသိလား။ ဆေးသမားတစ်ယောက်အနေနဲ့ ကိုယ်တာဝန်ယူကုသနေတဲ့ လူနာကို ဝေဒနာ ရောဂါဆိုးကြီးက အနိုင်ယူသွားပြီ။ ကိုယ်ဘာလုပ်လုပ် မထူးတော့ဘူးလို့ ရှင်းခနဲ သိလိုက်ရတဲ့အချိန်မျိုးမှာ ဘယ်လောက်ခံစားရချက်ဆိုးသလဲ။ သိလား . . နော်အောင်၊ ခင်ဗျားသိသလား"

ရုတ်တရက်ကြီး ရူးသွပ်သွားလေပြီလားဟု သူ့ကိုယ်သူထင်ချင်လာသည်။ သူ့စကားတွေကြောင့် သူ့ကို ငေးစိုက်၍ ကြောင်ကြည့်နေသည့် နော်အောင့်မျက်နှာကြီးက နီးလိုက်ဝေးလိုက်၊ ကြီးလိုက်သေးလိုက်။

"ဆရာလေး . . . ဘာတွေပြောနေတာလဲ . . . ဟင်။ တို့ခေါင်ညွှယ်က တကယ်ကို . . ."

နော်အောင့်စကားက ရှေ့သို့မတိုး။ မလိုအပ်တော့ပါ။ ပူပန်သောကကြီးစွာ ရှေ့သို့ ပြူးထွက်လာနေသည့် သူ့မျက်ဝန်းထဲက ပါးပါးလွှာလွှာ မျက်ရည်ကြည်ငွေ့ငွေ့တွေ၌ သူပြောချင်သည့်စကားတွ . . . စကားတွေ။ သူ့ရင်ကို တဘုန်းဘုန်း ထုနှက်မည့်အမေးတွေ။

"ဆရာဝန်ကြီး ဦးတန်ဂွမ်းပဲဖြစ်ဖြစ်၊ ဒဘတ်ယန်က ခေါင်န်ကျီးရဲ့ဆရာ ဒေါက်တာအောင်ကျော်ဦးပဲဖြစ်ဖြစ်၊ နောက်ထပ်ဆရာဝန်တစ်ဦးဦးကို ထပ်ပြကြည့်ရင် ကယ်ကောင်း ကယ်နိုင်လိမ့်ဦးမယ်ထင်



www.burmeseclassic.com

တယ်။ ကျုပ်တတ်ထားသမျှကတော့ ဒါအကုန်ပဲ။ ကံရှိရင် ကောင်းလာလိမ့်မယ်ဆိုတာကလွဲပြီး ပြောစရာစကားလည်း မရှိတော့ဘူး။ ကျုပ်ကိုကျုပ်လည်း ဒီအခြေအနေကြီးကို ဘယ်လိုမှ ပြောင်းလဲမပေးနိုင်ဘူးလို့ ရှို့လွန်းလှသဗျာ''

သူ့နောက်ဆုံးစကားတွေ ဖြစ်ပါလိမ့်မည်။ သည်အကွရာစုတွေကို မောကြီးပန်းဟိုက် သွန်ချထားခဲ့ပြီးနောက် သူတစ်ယောက်တည်း ခေါင်းကြီးငိုက်စိုက်ဖြင့် ရှေ့က စိုက်စိုက်စိုက်စိုက် ထွက်ချသွားတော့၏။ ခေါင်ညွှယ်ကလေး သူ့ကို မျှော်တလင့်လင့် မျှော်နေရှာမည့်သူကလေးတို့ ယာတဲအိမ်ကလေးဆီ။

ဝါးရုံပင် စိမ်းစိမ်းအုပ်အုပ်ကလေးတွေ ဘယ်ညာယိမ်းနွဲ့၊ ဖရုံနွယ်တွေ၊ ပိန်းရိုင်းပင် ရွက်အုပ်အုပ်ဖားဖား စိမ်းညို့မှောင်တွေ ဖရိုဖရဲဝန်းရံနေသည့် ဝါးတဲအိမ်ကလေးဆီ။ ပြောင်းဖူးပင် တစ်အုပ်တစ်သင်း၊ ငရုတ်ခင်းနှင့် သီးပင်စားပင်တွေ ပတ်ခြာပိုင်းနေသည့် အိမ်ကလေးဆီ။

''ဆရာလေးရာ ... ဒီလို မိုးသည်းသည်းကြီးထဲမှာလားဗျာ ဟင် ... ဆရာလေး။ နော ...''

နော်အောင့်ညည်းသံက မိုးနှင့်ရောစနေသည်။ သူ့ပါးပြင်ထက်မှ ပူပူနွေးနွေး စီးကြောင်းငယ်လေးတွေကကော မျက်ရည်လား၊ မိုးစက်လား။

သည်းကြီးမည်းကြီး နိုင်လွန်းလှသည့်မိုး။

[ ၃ ]

မီးအိမ်က အခန်းထောင့်က ခရစ်တော်ရုပ်တုကလေးရှေ့မှာ ထွန်းထားသည်။ လေတဖြူးဖြူးမှာ မီးအိမ်ကလေး၏ ရောင်လျှံတွေက အခန်းထဲ၌ တွန့်လိမ်ကွေးကောက် ကခုန်မြူးလျက်။ ရိုးအီနေသည့် ဝါးတဲအိမ်ကလေး၏ ရနံ့ထဲတွင် မနှစ်မြို့ချင့်ဖွယ် အနံ့အသက်တစ်ခုက ရစ်ဝဲရစ်ဝဲ စီးမျောနေသလိုလို။

ခါတိုင်းအိပ်နေကျ ဝါးခုတင်စိမ်းကလေးထက်မှာပင် သူကလေးက ပက်လက်ကလေးရှိနေသည်။ သို့နှင့်တိုင် ခါတိုင်းထက်ပို၍ ငြိမ်သက်လွန်းနေသည်ထင့်။ ဟင့်အင်း ... လှုပ်ကိုမလှုပ်တော့တာ။ ခါ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တိုင်းလို ရင်ကလေး ဖိုလှိုက်ဖိုလှိုက်ဖြင့် မောကြီးပန်းဟိုက် ဝင်သက်လေကိုပင် ကြိုးစားပမ်းစား မရှူတော့တာ။ လုံးဝပင် မလှုပ်မယှက်ကြီး ငြိမ်သက်နေတော့တာဖြစ်သည်။

"ဆရာလေး ..."

သူတို့ခြေသံတွေကြောင့် ဖုံနီခေါ်၊ ဖယ်နောနှင့် ခေါင်ညွယ်၏ ညီမကလေးတွေ၏ မျက်နှာများက စိုက်ခနဲ သူတို့ဖက်ဆီလှည့်လာကြ၏။ သူ့ကိုမြင်ကာမှပင် အငယ်နှစ်ယောက်က အီခနဲ မအောင့်နိုင် မအည်းနိုင် ငိုချလိုက်ကြတော့သည်။ ဖုံနီခေါ်နှင့် ဖယ်နောကား ကြောင်တောင်။

"အေး ... ယောက်ဖ ... ငါတို့ ခေါင်ညွယ် ... ငါတို့ ခေါ် ညွယ် ..."

နော်အောင်က သူ့ကိုဖြတ်ကျော်လျှက် တဒိုင်းဒိုင်း ပြေးချ သွားပြီး ဝါးခုတင်ထက်မှ ပက်လက်ကလေးကို ငုံ့ကြည့်နေ၏။ အကြိမ် ကြိမ်ကြုံဖူးခဲ့သည့် သည်ဇာတ်သိမ်းခန်းမျိုးက သူ့ရင်ကို သည်မျှ ဖိညှစ် ကြိတ်ချေပစ်နိုင်လိမ့်မည်ဟု သူကြိုမတွေးထားခဲ့။ ရင်တစ်ပြင်လုံ ဆို့နစ်လေးလံလှချည့်။

"ဆ ... ဆရာလေး ... သူ ... သူလေ ..."

မိခင်ဖြစ်သူ၏ အဆုံးမသတ်ဖြစ်ခဲ့သည့် စကားတွေကို ဆက် စပ်တွေးကြည့်ဖို့ မလိုအပ်လေတော့။ တစ်နေ့နေ့မှာ ရောက်ကိုရောက် လာမည်ဟု ကြိုတွေးထားခဲ့သည့် ထိုတစ်နေ့က ဖြုတ်ချည်းပင် အလျ စလိုနိုင်လွန်းစွာ ရောက်လာခဲ့ပြီ။

သူသည် ဝါးစိမ်းခုတင်ကလေးထက်မှ ဂျက်ခုပ်ထည်နှစ်နံစ စောင်ပါးကလေးလွှမ်းထားသည့် သက်ငြိမ်ပန်းချီကား ပုံပုံ့ကလေးဆီ





ကိုသာ ငေးငေးစိုက်စိုက်။

မိုးတွေ တဝေါဝေါ တဝုန်းဝုန်း သည်းသည်းမည်းမည်း ရွာချနေသည်မှတစ်ပါး တောင်ယာဝါးတဲအိမ်ကလေး၏ ဝန်းကျင်ပတ်လည်သည် ဝိညာဉ်ကင်းမဲ့နေတော့သလို အရာရာတိုင်း ငြိမ်ဆိတ်။ အသက်ရှူသံတွေရပ်လို့။

မိုးကဖြင့် အညှိုးတကြီး ရွာပဲ ရွာနိုင်လွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

မိုးသည်းသည်းမှာ ...။

မိုးရေစီးကြောင်းကြီးက ထူပိန်းစေးပျစ်နေအောင် ရေးဆွဲထား သည့် မီးခိုးဖြူရောင် နံရံချပ်ကြီးတစ်ခုလို ဆိုင်းဆို့ပိတ်ဆီးထား၏။ အရာရာသည် မှိုင်းမှိုင်းမှုန်မှုန်။ မျက်စိတစ်ဖက်ကမ်းစာမျှပင်လျှင် ထင် ထင်လင်းလင်း မမြင်ရနိုင်တော့။

ဝေါသံတွေပေးလျက် ဝေါချင်းဆက်မတတ်ပင် သည်းသည် ကြီးရွာစွေနေတော့၏။

ကျွန်တော်သည် ကျွန်တော့်ရှေ့က စိတ်ညစ်ညူး ကြေကွဲစရာ မြင်ကွင်းကြီးကို မရှုနိုင်မကယ်နိုင် ထိုင်ကြည့်နေရသည်။ တားချင်စိတ် ဆီးချင်စိတ်တို့လည်း တစ်စေ့မရှိ။ နှုတ်ခမ်းနှစ်လွှာကို တွန်းဖွင့်ရမည် ပင် ဝန်လေးလွန်း တွန့်တိုမိလှ၏။





ကျောပြင်ကြီးတွေ တလိမ့်လိမ့်၊ ပခုံးလက်ရုံးသားတွေ တသိမ့် သိမ့် လှိုင်းပွက်သလိုလွန့်လျက် ချုံးမည်းချကာ ရှိုက်ကြီးတငင်ငိုကြွေး နေသည့် အသက်အရွယ် သုံးဆယ်သာသာ လူငယ်ရုပ်မပျောက်တတ် သေးသော ဖြူဖျော့ဖျော့၊ ရှည်ကိုင်းကိုင်း ယောက်ျားရင့်မာကြီးတစ် ယောက်ကို သည်အတိုင်းတိုင်းချည်း မလှုပ်မယှက် ငုတ်တုပ်သား ထိုင် ကြည့်နေရသည်မှာလည်း ပင်ပန်းစွ။

ကျွန်တော်ဦးစီးလုပ်ကိုင်နေသည့် ဧက ၂၀၀ လယ်မြေဖော် ထုတ်ရေး ရှေ့တန်းစခန်းခွဲကလေးမှ လုပ်အားပေး ရဲဘက်(အကျဉ်း သား)များအား ပင်တိုင်ဆေးဝါးကုသပေးရသည့် ဆေးမှူးလုပ်အားပေး ကလေး။ သူကိုယ်တိုင်လည်း ရဲဘက်ကြီးတစ်ယောက်ပင် ဖြစ်သည်။ နှစ်ကြီးကျဘဝမှ ထောင်နေသားရ၍ ရှေ့တန်းစခန်းကို ထွက်လာခဲ့ခြင်း ဖြစ်၏။ အင်း ... ကျွန်တော်က ဖွတ်အတင်း နသားပါရဆွဲခေါ်ခဲ့သည် ကြောင့်လည်း ပါသည်။ လင်းအောင်လွင် ... တဲ့။ သူ၏နာမည်။

ယခုဖြင့်မူ သူငိုနေလေသည်။

မိုးတွေသည်းသည်းနှင့်အပြိုင် ဝမ်းနည်းပက်လက် သူငိုနေ သည်။

"ဟုတ်တယ်ဆရာ ... သူဆုံးသွားပြီ။ ကျွန်တော်ရောက်သွား တော့ အသက်တောင် မမီလိုက်တော့ဘူး။ ကျွန်တော့်ကို အားကိုးတကြီး ကုပ်ကပ်ခင်တွယ်လွန်းတဲ့ လူမမာ ကချင်မလေးခမျာ ကူမရကယ်မရ နဲ့ ဆုံးပါးသွားခဲ့ပြီလေ ဆရာ။ ဟိုး ... အင်ကြင်းတောကွင်းစပ်က ကချင်တောင်ယာတဲစုကလေး ... လေ"

ကျွန်တော်သိသည်။ သည်လိုပဲ မိုးတွေဖြိုင်ဖြိုင်သည်းသည်း ရွာနေသည့် နေ့တစ်နေ့က ကဂျီကွင်းတောစပ်မှာ အရေးတကြီး အကူ



www.burmeseclassic.com

www.burmeseclassic.com



အညီတောင်းခံလာခဲ့သည့် နော်အောင်နှင့် ဖုံးနံ့ခေါ်ဆိုသည့် ဒေသခံ တောင်ယာသမားနှစ်ဦးနှင့် ထိုအဖြစ်ကို အမှတ်ရသည်။ ဆုံးပါးသွားရ ရှာသည်က ဖုံးနံ့ခေါ်၏သမီး . . . တဲ့။

ရှိုက်သံ မစင့်တစင် ငိုဟန်ပါကြီးနှင့် သူက ကျွန်တော့်ကိုမော့ ကြည့်ရင်း ဝမ်းပမ်းတနည်း ပြောရှာသည်။ ဖြစ်ရလေ . . . လင်းအောင် လွင်ရယ်။

"သုံးလေးလကြာတာတောင် ကုမရနိုင်ရလောက်အောင် ဘာ ရောဂါ၊ ဘာဝေဒနာမို့လဲ ကိုလင်းရဲ့။ နာတာရှည်လား၊ ငှက်ဖျားလား"

သူ့ကိုကျွန်တော်က ကိုလင်းဟုပဲ ခေါ်လေ့ရှိစမြဲ။ သူ့ကို စကား မျှင်မပြတ်အောင် ပြောနေခြင်းဖြင့်သာ သူ့စိတ်ဖြေရာကို ဖန်တီးပေး နိုင်လိမ့်မည်ဟု ကျွန်တော်ထင်သည်။

"အဲ . . . အဲ . . . ဒါက . . ."

တော်တော်နှင့် စကားကိုမဆက်။

ရှိုက်သံတစ်ဝက်တစ်ပျက်ကို အခန်းဆက်ဖို့ အားယူနေလေ ဟန် ဖွတ်ညှစ်၍ မျိုချလိုက်သေး၏။ ရှိပါစေလေ။ ယောကျ်ားရင့်မကြီး တစ်ယောက်၏ မျက်ရည်ဆိုသည့် ကြုံရခဲ့မှု ဒုလ္လဘတစ်ခုပင် မဟုတ် ပေလား။

"ကိုယ်ဝန်ဖျက်ချရင်းက မသန့်မရှင်းတွေနဲ့မို့ သွေးအဆိပ် သင့်တာတဲ့လေ ဆရာ။ အမျိုးသမီးရောဂါပဲ ဆိုပါတော့"

"ဟင် . . . ဘယ် . . . ဘယ်လို . . .။ အဲဒီကလေးမလေး က . . ."

"ဟုတ် . . ."

သူ့အသံက တိမ်ဝင်သွားသည်။ ရွာမဆုံးအောင် မာန်ဟုန်





ပြင်းနေသည့် မိုးသည်းသည်းကို မျက်ရည်တောင်ကြည်လည်နှင့် ငေး ကြည့်နေရင်း . . .

"အဲဒါပြောတာပေါ့ ဆရာ။ သတ်တဲ့လူနဲ့ သေတဲ့လူ။ သေဆုံး သွားပြီးတဲ့လူနဲ့ အသက်ရှင်ကျန်ရစ်ခဲ့တဲ့သူ ဘယ်သူက တကယ်သေ တာလဲ။ အသက်ဝိညာဉ် ချုပ်မသွားသေးရုံနဲ့ ရှင်နေတယ်လို့ထင်ရင် မှန်ပါ့မလား။ ကိုယ့်ကိုမခင်တွယ်လို့ စွန့်ခွာချင်သူကိုတော့ အဲဒီစွန့်ခွာ မှုကြောင့်လို့ အကြောင်းပြပြီး သတ်ခဲ့မိတယ်။

ဟော . . . ကိုယ့်ကိုခင်တွယ်သူနဲ့ ကြုံပြန်တော့ကော . . . တဲ့။ ခင်တွယ်မိတဲ့ သမုဒ္ဒယက ကိုယ့်ကိုပြန်သတ်လို့ ရှင်လျက်နဲ့ သေ ခဲ့ရပြန်ပြီ။ လောကက ထူးဆန်းတယ်နော် ဆရာ။ ချစ်ခြင်းနဲ့ အချစ် ခံရခြင်းဆိုတာ လူ့ဘဝရဲ့ သေခြင်းနဲ့ ရှင်ခြင်းကို ဖန်တီးစီရင်နိုင်တတ် တဲ့ အရာတွေလား။ ဟုတ်လား ဆရာ"

နာကြည်းရိပ်ဖြင့် တွတ်တွတ်နီရဲနေသည့် သူ့မျက်ဝန်းတွေ ကို ရင်မဆိုင်ချင်။ သည်းမည်းနေသောမိုးကိုသာ ရိုးမယ်ဖွဲ့လျက် အတွေ သားကြည့်ပြီးရင်းကြည့်။

"ခေါင်ညွှယ်ကလေ သူမချစ်မနှစ်သက်တဲ့သူနဲ့ အဓမ္မရခဲ့ရ တဲ့ သွေးမို့စွန့်တာ . . . တဲ့"

" . . . . . "

"ကျွန်တော့်ကို . . . ကျွန်တော့်ကိုတော့ သံယောဇဉ်ရှိတယ်။ ခင်တယ်။ အဲ . . . ပြီးတော့ ချစ်တယ် . . . တဲ့"

" . . . . . "

"ကျွန်တော့်အကြောင်းကို သိချင်တယ်ဆိုလို့ ခရေစေ့တွင်းကျ ပြောပြမိခဲ့တယ်လေ။ ဒီလောက် မိုးတွေထဲမှာ စကားပြောရတာထက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ ရောဂါကုထုံးမျိုး ဘယ်မှာရှိဦးတော့မှာလဲ ဆရာရယ် ... နော။ ဒါပေမဲ့ ...''

''.....''

''အဲဒီအကြောင်းကိုပြောပြပြီးတဲ့ ညနေကတည်းက သူ့ရောဂါ ပြန်သည်း ပြန်ဖောက်လာခဲ့တာတဲ့ ဆရာ။ စကားမေးတောင် မရတော့ဘူး။ ပြီးတော့ ... သူဆုံးရှာရော''

''.....''

''ဒါပေမဲ့ ခေါင်ညွှယ်နဲ့ကျွန်တော်တို့ ကတိတစ်ခုတော့ ထားဖြစ်ခဲ့ကြသေးတယ် ဆရာ။ သူနေကောင်းလာလို့ ကျွန်တော် ထောင်ကလွတ်တဲ့ တစ်နေ့ကျရင် သူနဲ့ကျွန်တော် လက်ထပ်ပြီး သူတို့တောင်ယာကလေးမှာပဲ ရိုးမြေကျ ခေါင်းချကြမယ်လို့ ကျွန်တော်တို့ ကလေးတွေ ...''

သူ့ထံမှ နာနာကျင်ကျင်ရှိုက်သံတွေကိုသာ နောက်ဆုံး ကြားလိုက်ရတော့သည်။

BURMESE CLASSIC .com

| ၅ |

မည်သို့ဖြစ်စေ ...။

လင်းအောင်လွင်၏ဆန္ဒအရ သူ့ကို မြစ်ကြီးနားထောင်ထဲသို့ ပြန်လည်ပို့အပ်ပေးခဲ့ရသည်။

ပြီးလျှင် ... ပြောဖို့ မေ့ကျန်နေရစ်ခဲ့သေးသည်။ လင်းအောင်လွင်သည် သူ၏လက်ထပ်ပြီးစ ဇနီးသည်ကိုသတ်မှုကြောင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျလာခဲ့သည့် အကျဉ်းသားတစ်ဦး။ နိုင်ငံတော်အစိုးရ၏အမိန့်ကြော်ငြာစာအမှတ် – ၂/၈၉ 'လွတ်ငြိမ်းချမ်းသာခွင့်အမိန့်' အရ ထောင်ဒဏ် ၁၀ နှစ်သို့ ပြောင်းလကျခံနေရသူ နှစ်ကြီးအကျဉ်းသားတစ်ဦးဖြစ်၏ ဆိုသည့်အကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑


သွားရှာလေသူ ခေါင်ညွှယ်ကလေးသည်လည်း သူ့ဇနီးသည်နှင့် ချွတ်စွပ်တူလှချည့်ဆိုသည့်အကြောင်း။

ယခုတော့ဖြင့် ကဂျီကွင်းကြီးထဲမှာ မိုးတွေဖွေးနေအောင်သည်းနေပြန်တော့သည်ပင်။

မိုး . . . သည်းသည်း . . . မှာ . . . ။ ။

ဇေယျမင်းသျှင်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

BURMESE CLASSIC .com

❑

"ကိုကြီးရေ . . . ဒီမှာ လာကြည့်ပါဦး"

ညီမငယ် မိသူ၏အသံကြောင့် ကျွန်တော် စာရေးနေရာမှ ခြံထဲသို့ လှမ်းကြည့်လိုက်မိသည်။

မိသူတစ်ယောက် ဂမုန်းပင်များကြား၌ ငုတ်တုတ်ကလေးထိုင်နေသည်ကို မြင်လိုက်ရ၏။

"ကိုကြီးရေ . . . လာကြည့်ပါဦး"

မိသူ၏ အသံတစာစာကလေးက ပေါ်လာပြန်သဖြင့် ကျွန်တော် ခြံထဲသို့ ဆင်းလာခဲ့သည်။

"ဘာဖြစ်နေတာလဲ မိသူ"





"ဒီမှာလေ . . . ကြည့်ပါဦး ကိုကြီးရယ်။ မိသူဖြင့် အံ့ရော"

ညီမငယ်မိသူက ပြောရင်း ဂမုန်းပင်များကြားသို့ လက်ညှိုးထိုးပြ၏။

"ဘာလဲဟ နင့်ဥစ္စာက အလန့်တကြားမဲ"

"ကိုကြီး ကြည့်လိုက်ပါဦးလေ။ ကိုကြီးကြည့်ပြီး လန့်မသွားနဲ့"

ကျွန်တော်က မိသူနံဘေးတွင် ငုတ်တုတ်ဝင်ထိုင်ရင်း ဂမုန်းပင်တွေကြားထဲ ကြည့်လိုက်၏။

"ဟာ . . ."

ကျွန်တော် အံ့ဩထိတ်လန့်သွားသည်။ မယုံနိုင်အောင်လည်း ဖြစ်သွားမိ၏။ ကျွန်တော်တို့ မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ ဘယ်လိုလဲဆိုသည့်သဘော။

"ညီမလေး . . . အခုမှ တွေ့တာလား"

"ဟုတ်တယ် . . . အခုမှတွေ့တာ။ ညီမလေး ဂမုန်းပင်တွေကို ရေလောင်းရင်း တွေ့တာ"

"အင်း . . . ထူးတော့ တော်တော်ထူးဆန်းတယ်၊ ကိုကြီးလည်း ဒါမျိုး တစ်ခါမှမတွေ့ဖူးဘူး"

ကျွန်တော်သည် ပြောရင်းမှ ဂမုန်းပင်များကြားထဲသို့ ကြည့်လိုက်မိပြန်၏။

ကျွန်တော်တို့ခြံမှာ အတော်အသင့်ကြီးသော ခြံကြီးတစ်ခြံဖြစ်သည်။ ခြံကြီးမှာ သစ်ပင်ကြီး၊ သစ်ပင်ငယ်များဖြင့် အုပ်ဆိုင်းနေပါသည်။ ခြံခေါင်းရင်းပိုင်းတွင်တော့ ဂမုန်းပင်များကို ပန်းအိုးများနှင့် စနစ်တကျ စိုက်ပျိုးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေက ဂမုန်းစိုက်တာ ဝါသနာပါသည်။ ထိုဂမုန်းပင်များ အားလုံးမှာ အဖေစိုက်ပျိုးထားသော ဂမုန်းပင်များဖြစ်သည်။

အခု ဂမုန်းပင်များကြားထဲတွင် သဘာဝလွန်ဖြစ်ရပ်တစ်ခု ကို တွေ့လိုက်ရလေပြီ။ ကျွန်တော်က မယုံနိုင်သလို ရှေ့သို့တိုးပြီး အနီး ကပ် ကြည့်ရှုလိုက်မိသည်။ ဟုတ်ပါသည်။ ကျွန်တော် အမြင်မှားခြင်း မဟုတ်ပါ။

ဂမုန်းပင်တစ်ပင်၏ အရွက်ရိုးတံနှစ်ခုအကြားရှိ ပင်စည်တွင်း မှ ဖားတစ်ကောင်၏ ဦးခေါင်းပိုင်းကလေးတစ်ခု ထွက်ပြူနေခြင်းဖြစ် သည်။

ကျွန်တော်က ပထမတော့ ဖားကလေးတစ်ကောင် ဂမုန်းပင် ကြားထဲ ဝင်နေသည်ဟုပင် ထင်လိုက်မိပါသည်။ သေသေချာချာကြည့် လိုက်တော့မှ ဖားကလေးမှာ ခေါင်းပိုင်းသာရှိသေးပြီး ကိုယ်လုံးအပါ အဝင် အောက်ပိုင်းက မရှိသေးပါ။ ထူးဆန်းလှပါသည်။

"ဒါဟာ ဂမုန်းပင်စည်ထဲကထွက်လာတဲ့ ဖားခေါင်းကလေး ပဲ"

"ဟုတ်တယ် ကိုကြီး။ မိသူလည်း အဲဒါ ထူးဆန်းပါတယ်ဆို ပြီး ကြည့်နေတာ"

ဖားကလေးမှာ နံ့သာရောင်အဆင်းရှိပြီး မျက်လုံးပြူးပြူး ကလေးဖြင့် သူ့ခန္ဓာကိုယ်အောက်ပိုင်းကတော့ ဂမုန်းပင်စည်ကြီးသာ ဖြစ်နေ၏။ အံ့သြစရာတော့ အတော်ကောင်း၏။ ဒါမျိုး ကျွန်တော့်တစ် သက်နှင့်တစ်ကိုယ် ဒီတစ်ခါပဲ မြင်ဖူးတော့၏။

"ကိုကြီးရယ် ... ဖားကလေးသနားပါတယ်။ ဆွဲထုတ်ပေး လိုက်ပါလား"





မိသူက ဖားကလေးကိုကြည့်ပြီး ဂရုဏာသက်ဟန်ဖြင့်ပြော၏။

"ဘာကို ဆွဲထုတ်ပေးရမှာလဲ မိသူရဲ့"

"ပင်စည်ထဲနစ်ဝင်နေတဲ့ ဖားကလေးရဲ့ ကိုယ်လုံးကလေးကို ဆွဲထုတ်ပေးဖို့ပြောတာပေါ့ ကိုကြီးရယ်"

"ဘယ်လိုလုပ် ဆွဲထုတ်လို့ရမှာလဲဟ။ ငါထင်တာတော့ ပင် စည်ထဲကနေပြီး သူ့ကိုယ်လုံးကလေးက တဖြည်းဖြည်း ထွက်လာလိမ့် မယ်ထင်တာပဲ"

ကျွန်တော်နှင့် ညီမလေးမိသူတို့ စကားပြောနေစဉ် ဖေဖေ ရောက်လာပါသည်။ ကျွန်တော်တို့က ဖားကလေးကို ပြလိုက်သောအခါ ဖေဖေက ကြည့်ရှုလိုက်ပြီး တအံ့တသြဖြစ်သွားပါသည်။

"အဲဒါဘာဖြစ်တာလဲ ဖေဖေ"

မိသူက ဖေဖေ့ကို မေးလိုက်ပါသည်။ မိသူမျက်နှာက အလွန် တရာ စိတ်ဝင်စားနေဟန်ရှိပါသည်။

"သမီးထင်တာကတော့ ဒါဟာ သဘာဝလွန် ဖြစ်ရစ်တစ်ခုပဲ ဖေဖေ"

ဖေဖေက အတန်ငယ်စဉ်းစားပြီးနောက် ...

"အမှတ်တမဲ့ကြည့်ရင်တော့ သဘာဝလွန် ဖြစ်ရပ်တစ်ခုလို့ ထင်စရာပါပဲ။ ဒါပေမဲ့ သဘာဝလွန်ဖြစ်ရပ်တစ်ခုတော့ မဟုတ်ပါဘူး။ သဘာဝအတိုင်းဖြစ်နေတဲ့ ဖြစ်ရပ်တစ်ခုပါ"

"ဟင် ..."

ဖေဖေ့စကားကြောင့် ညီမလေး အံ့သြသွားပါသည်။

"ဖေဖေကလည်း မဟုတ်တာ။ ဖားဆိုတဲ့သတ္တဝါဟာ ဖားမ ကြီးက မွေးလာရမယ့် သတ္တဝါမဟုတ်လား ဖေဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်လေ သမီးရဲ့''

''ဒါဆို ဖားကလေးကို ဖားမကြီးကမွေးမှ သဘာဝကျတော့မှာပေါ့။ အခုဖားကလေးက ဖေဖေမြင်တဲ့အတိုင်း ဖားမကြီးကမမွေးပဲ ဂမုန်းပင်စည်ထဲက ထွက်လာတော့ ဂမုန်းပင်ကမွေးသလို ဖြစ်နေပြီ။ ဂမုန်းပင်က ဖားကလေးတွေမွေးတယ်လို့ ဖေဖေကြားဖူးလို့လား''

''မကြားဖူးဘူး သမီး''

ဖေဖေက သူ့သမီးကို ပြုံးပြီးကြည့်နေ၏။

''အဲဒီတော့ ဒီဖြစ်ရပ်ဟာ သဘာဝလွန် ဖြစ်ရပ်တစ်ခု ဖြစ်မနေဘူးလား ဖေဖေ''

''မဖြစ်ဘူးသမီး''

''ဘာလို့မဖြစ်တာလဲ ဖေဖေ''

''ဘာလို့မဖြစ်တာလဲဆိုတော့ သဘာဝတရားအရကိုက ဂမုန်းပင်ကနေပြီး ဖားကလေးတွေ မွေးလာနိုင်လို့ပဲ။ ဖားကလေးမှ မဟုတ်ပါဘူး။ ဒီပြင်သတ္တဝါလေးတွေကိုလည်း မွေးလာနိုင်တာပဲ''

''ဖေဖေပြောတာကို သမီး နားမလည်ဘူးဖေဖေ''

''အေးလေ . . . ရုတ်တရက်ဆိုတော့ နားမလည်နိုင်စရာပဲပေါ့''

ကျွန်တော်က ငြိမ်၍ နားထောင်နေမိ၏။

''ဖေဖေရှင်းပြမယ်။ လောကမှာ ပဋိသန္ဓေဖြစ်ခြင်း လေးမျိုးရှိတယ်။ အဲဒါတွေက ဘာတွေလဲဆိုတော့ ဩပပါတိကပဋိသန္ဓေ၊ သံသေဒဇပဋိသန္ဓေ၊ အဏ္ဍဇပဋိသန္ဓေနဲ့ ဇလာဗုဇပဋိသန္ဓေ ဆိုပြီး လေးမျိုးရှိတယ်။

ဩပပါတိကပဋိသန္ဓေဆိုတာက အမိဝမ်းတွင်းမှာ အောင်းစရာမလိုပဲ အလိုလို ဘွားခနဲ ဖြစ်ပေါ်လာတဲ့ ပဋိသန္ဓေပဲ။ ဥပမာ နတ်၊





ပြိတ္တာတွေ၊ ငရဲသားတွေ၊ ဗြဟ္မာ၊ အသူရကာယ်တွေဟာ ခန္ဓာကိုယ်အထင်အရှား ချက်ချင်းကြီး ဘွားခနဲဖြစ်လာကြတဲ့ သတ္တဝါတွေပေါ့ သမီး။

သံသေဒဇပဋိသန္ဓေဆိုတာကတော့ စိုစွတ်တဲ့အရာ . . အညှိ၊ ရေညှိလို ဥစ္စာမျိုးတွေကို မှီတွယ်ပြီး ဖြစ်လာတဲ့ သတ္တဝါတွေပေါ့။ ဥပမာ ပိုးလောက်လန်းလို မျိုးတွေပေါ့။ ဒီသဘောမျိုး တစ်ခုခုကို မှီတွက်ပြီး ဖြစ်လာတာဟာ လူတွေထဲမှာလည်းရှိတယ်။ ဥပမာ ပဒုမဝတီမိဖုရားဟာ ပဒုမ္မာကြာပန်းထဲမှာ ပဋိသန္ဓေနေပြီး ဖြစ်ရတယ်။

ပြီးတော့ ဝေဠုဝတီမိဖုရားဆိုရင်လည်း ဝါးပင်မှာ ပဋိသန္ဓေတည်ပြီးမှ လူဖြစ်လာရတာ။ စိဥ္စမာနဝိကာလည်း ဒီလိုပဲ။ မန်ကျည်းပင်မှာ ပဋိသန္ဓေနေလာပြီးမှ မွေးဖွားလာတာ။

သူတို့ဟာ လူသားတွေဆိုပေမဲ့ လူသားမိခင်ဝမ်းက မွေးဖွားလာတဲ့သူတွေ မဟုတ်ပဲ သံသေဒဇပဋိသန္ဓေအရ မွေးဖွားလာတဲ့သူတွေပဲ။

နောက် အဏ္ဍဇပဋိသန္ဓေဆိုတာကတော့ ဥကဖြစ်တဲ့ ကြက်၊ ဘဲ၊ ငှက်စတဲ့ သတ္တဝါမျိုးတွေပေါ့။ အခု ဖားဆိုရင်လည်း ဥကပေါက်တဲ့ သတ္တဝါဆိုတဲ့အတိုင်း ဥကပဲပေါက်ရမယ်၊ မွေးရမယ်။ ဒါပေမဲ့ အဏ္ဍဇပဋိသန္ဓေအရ မွေးလာရမယ့်သတ္တဝါက အဲဒီလိုမမွေးပဲ ဂမုန်းပင်မှာသွားပြီး ပဋိသန္ဓေတည်တယ်။

ဒါကြောင့် သူ့ပဋိသန္ဓေကို သံသေဒဇပဋိသန္ဓေလို့ ခေါ်ရမယ်။ ဇာတ်နိပါတ်တွေထဲမှာ တချို့လူတွေဟာ ဥငါးမနဲ့ အကြောင်းပါပြီး အဏ္ဍဇပဋိသန္ဓေတည်နေပြီး ဥကနေ လူကလေးတွေမွေးတဲ့အကြောင်းတွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက် ပဋိသန္ဓေတစ်မျိုးကတော့ ဇလာဗုဇပဋိသန္ဓေလို့ ခေါ်တယ်။ အဲဒီ ပဋိသန္ဓေကတော့ အမိဝမ်းထဲက အချင်းမှာနေတဲ့ ပဋိသန္ဓေပေါ့။ လူ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားစတဲ့ သတ္တဝါတွေကို ပဋိသန္ဓေမျိုးပေါ့သမီး။

တချို့ ဘုမ္မစိုး၊ ရုက္ခစိုးလို့ခေါ်တဲ့ အောက်နတ်တချို့ဟာ လူတွေလို ဇလာဗုဇပဋိသန္ဓေနေကြတယ်လို့ ဖေဖေ လေ့လာခဲ့ဖူးတယ်။ ဒီတော့ သတ္တဝါတွေ ပဋိသန္ဓေနေခြင်းဟာ အဲဒီလေးမျိုးပဲရှိတယ်။

အဲဒီလေးမျိုးထက်ကျော်ပြီး ပဋိသန္ဓေ နေလို့မရဘူး။

ဩပပါတိက ပဋိသန္ဓေ သတ္တဝါတွေအားလုံးဟာ ဩပပါတိက ပဋိသန္ဓေအတိုင်း သန္ဓေတည်ကြတယ်။ ဒါပေမဲ့ တစ်ခါတစ်လေ ကံတရားအရ ဩပပါတိကပဋိသန္ဓေတည်ရမယ့် သတ္တဝါဖြစ်ပေမယ့် တခြား ပဋိသန္ဓေမျိုးနဲ့ ဥပမာ ဇလာဗုဇပဋိသန္ဓေမျိုးနဲ့ ပဋိသန္ဓေတည်ကြတာမျိုးလည်း ရှိတယ်။

ပြီးတော့ လူဆိုတာ ဇလာဗုဇပဋိသန္ဓေမျိုးဖြစ်ပေမဲ့ ဖေဖေ စောစောကပြောခဲ့တဲ့အတိုင်း ပဒုမဝတီမိဖုရား၊ ဝေဠုဝတီမိဖုရား၊ စိဥ္စမာနတို့လို သံသေဒဇပဋိသန္ဓေတည်ပြီး မွေးဖွားလာတဲ့ လူသားတွေလည်းရှိတယ်။ အဲဒါ ကံတရားအရ မွေးဖွားလာကြရတာတွေချည်းပဲ။

အခု ဂမုန်းပင်က မွေးဖွားလာတော့မဲ့ ဖားကလေးဆိုပါစို့။ လူ့ ပဋိသန္ဓေအရ အဏ္ဍဇပဋိသန္ဓေဆိုတဲ့ ဥ မှသာပေါက်ရမယ့် အမျိုးဖြစ်ပေမယ့် သံသေသဇဆိုတဲ့ အညှိ၊ ရေညှိ၊ အစိုဓာတ်ရှိတဲ့နေရာမှာ မွေးဖွားလာရတယ်။ ဒါလည်း ကံတရားအရ မွေးဖွားလာရတာပဲ။

ဒါကြောင့် ဒီလိုမွေးဖွားလာတာမျိုးတွေဟာ သဘာဝလွန်မဟုတ်ဘူး။ သဘာဝတရားအတိုင်း မွေးဖွားလာကြတာလို့ပဲ ပြောရမယ်။





ဒါပေမဲ့ ဩပပါတိက ပဋိသန္ဓေနေရမယ့် သတ္တဝါတွေဟာ ဇလာဗုဇပဋိသန္ဓေပုံစံမျိုးနဲ့လည်း မွေးဖွားလာနိုင်တယ်။

အဏ္ဍဇပဋိသန္ဓေနေရမယ့် သတ္တဝါမျိုးကလည်း သံသေဒဇပဋိသန္ဓေပုံစံမျိုးနဲ့ မွေးဖွားလာနိုင်တယ်။

ဒီလိုပဲ ဇလာဗုဇပဋိသန္ဓေနေရမယ့် သတ္တဝါမျိုးကလည်း သံသေဒဇပဋိသန္ဓေပုံစံမျိုးနဲ့ မွေးဖွားလာနိုင်တယ်။

ဒါတွေဟာ သူ့ကံတရားအရ မွေးဖွားလာကြတာတွေချည်းပဲ။ အဲဒီတော့ ဂမုန်းပင်က ဖားကလေးမွေးလာတယ်ဆိုတာလည်း အဲဒီသဘောပဲ။ ဖားကလေးဟာ ဂမုန်းပင်မှာ သံသေဒဇတည်ပြီး မွေးဖွားလာတာပေါ့။

အခု ဖားကလေးဟာ ဂမုန်းပင်စည်ထဲကနေပြီး ခေါင်းကလေးပေါ်လာနေပြီး နောက် တဖြည်းဖြည်းနဲ့ ကိုယ်လုံး၊ လက်၊ ခြေ၊ အောက်ပိုင်းတွေပေါ်လာပြီး ပင်စည်ထဲကနေ လွတ်လွတ်ကျွတ်ကျွတ် ခုန်ထွက်လာလိမ့်မယ်။

အဲဒီအခါကျရင် အဲဒီဖားကလေးနဲ့ တခြားဖားကလေးတွေ အတူတူဖြစ်သွားပြီပေါ့။ ပဋိသန္ဓေတည်လာခဲ့ပုံခြင်းကတော့ ကွာခြားတာပေါ့လေ''

''သမီး နားလည်ပါပြီ ဖေဖေ။ ဒီတော့ ဖားကလေးဟာ သံသေဒဇဖားကလေးပေါ့''

''ဟုတ်တာပေါ့ သမီးရယ်။ လောကကြီးမှာ အဲဒီလို သံသေဒဇပဋိသန္ဓေကနေ မွေးဖွားလာရမယ့် သတ္တဝါမျိုးမဟုတ်ပဲ မွေးဖွားလာကြရတဲ့ သတ္တဝါတွေ အများကြီးရှိတယ် သမီး''

ညီမငယ်မိသူဇာ အဖေပြောပြနေသော အကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



လွှန်စွာ စိတ်ဝင်စားနေ၏။

"အဖေက ငယ်ငယ်ကတောထဲမှ အမဲလိုက်ဖူးတယ်။ အဲဒီလို အမဲလိုက်ရင်း တောထဲမှာ တစ်နေ့ ရေအိုင်ကြီးတစ်အိုင်ကို တွေ့ရတယ်။ အဲဒီအချိန်မှာ နေကလည်း အရမ်းပူနေတော့ ရေအိုင်နားက ဝါးရုံပင်ရိပ်မှာ ခဏနားကြတယ်။

အဲဒီလိုနားနေတုန်း အဖေတို့အဖွဲ့မှာပါလာတဲ့ ကိုသာမောင်ဆိုတဲ့သူက ရေအိုင်စပ်ကိုသွားပြီး ငါးဖမ်းတယ်။ ငါးဖမ်းရင်း အဖေတို့နားနေတဲ့ဘက်ကို အလန့်တကြား လှမ်းအော်လိုက်တယ်။

'လာကြပါဦး ... လာကြပါဦး'နဲ့ လှမ်းခေါ်တော့ အဖေတို့လူစုလည်း ဘာဖြစ်တာများလဲဆိုပြီး အပြေးအလွှား သွားကြည့်ကြတယ်။ ကိုသာမောင်က ရေအိုင်စပ်မှာ ငါးဖမ်းနေတာကိုး။

သူ့လက်ထဲမှာ ငါးကလေးသုံးကောင်တောင် မိထားတယ်။ အဖေတို့ သူ့အနားရောက်သွားတော့ အဲဒီငါးကလေးသုံးကောင်ကို အဖေတို့ကိုပြတယ်။

ကြည့်လိုက်တော့ ဒေါတ်လုံးလောက်ရှိတဲ့ ငါးသလဲထိုးကလေးတွေဖြစ်တယ်။ ရှေ့ပိုင်းက ငါး၊ နောက်ပိုင်းက သစ်ကိုင်းအခြောက် ဖြစ်နေတယ်။ ငါးကတော့ အရှင်ပေါ့။ ဒါနဲ့ အဖေက သစ်ကိုင်းအခြောက်ကို ဖဲ့ကြည့်လိုက်တော့ ပဲ့သွားတယ်။

အဖေတို့ ရေအိုင်ထဲကို လှမ်းကြည့်လိုက်တော့ အဲဒီလို ငါးတစ်ပိုင်း၊ သစ်ကိုင်းအခြောက်တစ်ပိုင်း ငါးသလဲထိုးငါးတွေကို အများကြီးတွေ့ရတယ်။ သိပ်မကြာခင်မှာဲ အဲဒီနောက်က သစ်ကိုင်းအခြောက်တွေဟာ ငါးဖြစ်သွားလိမ့်မယ်ထင်တာပဲ။ ပြောရရင်တော့ သမီးရယ် သစ်ကိုင်းအခြောက်တွေကနေပြီး ငါးဖြစ်လာကြတဲ့ သံသေဒဇငါးတွေပဲ





ပေါ့။ ကဲ ... ဘယ်လောက် အံ့ဩဖို့ကောင်းသလဲ"

ကျွန်တော်သည်ပင် ဖေဖေပြောသမျှတို့ကို စိတ်ဝင်တစား နားထောင်နေမိ၏။

"နောက် ပုစွန်ပဲကြားပင်ဆိုတာရှိတယ်။ ပုစွန်ပဲပင်ကိုစိုက်ရင် သုံးနှစ်ထက် ပိုမစိုက်ရဘူး။ ပိုစိုက်မိရင် ပုစွန်ပဲကြားပင်တွေဟာ မြွေတွေဖြစ်ကုန်တယ်"

"ဟင် ... ဘယ်လိုဖြစ်ကုန်ကြတာလဲ ဖေဖေ"

"ဘယ်လိုဖြစ်ကုန်ကြသလဲဆိုတော့ သံသေဒဇလို့ပဲ ပြောရတော့မှာပေါ့သမီးရယ်။ ပုစွန်ပဲပြားပင်တွေမှာ မြွေဖြစ်မယ့် သတ္တဝါတွေဟာ သံသေဒဇအဖြစ် စွဲမှီလာကြတယ်လို့ပဲ ပြောရမှာပေါ့"

"ဒါပေမဲ့ အဲဒီပုစွန်ပဲပင်ကြားပင်မှာမှ မြွေဖြစ်လာမယ့် သတ္တဝါတွေ သံသေဒဇဖြစ်တာကတော့ အံ့ဩစရာပဲနော်။ ကြာတော့ အဲဒီအပင်ကိုစိုက်လို့ သုံးနှစ်ကျော်ရင် မြွေဖြစ်သွားတယ်ဆိုတာကလည်း တော်တော် အံ့ဩစရာပါပဲ"

"ဒါတွေဟာ ကံတရားတွေပဲပေါ့ သမီးရယ်။ ကံစီမံရာတွေပဲပေါ့။ ကံရဲ့အရာဆိုတာ တွေးအပ်ကြံစည်တဲ့ အရာမှမဟုတ်ပဲသမီးရယ်"

ထို့နောက် ကျွန်တော်က ...

"အဖေ ဒီဖားသတ္တဝါကလေးကို ကျွန်တော်တို့ စောင့်ကြည့်လိုက်ကြရအောင်လား"

ဟု ပြောလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

သံသေဒဖဖားကလေးမှာ တဖြည်းဖြည်းဖြင့် ဂမုန်းပင်စည်ထဲမှ ထိုးထွက်လာပါသည်။ ကျွန်တော်တို့စတွေ့သည့်နေ့မှ (၄) ရက်မြောက်သောနေ့တွင် ကိုယ်တစ်ပိုင်းပေါ်နေပြီဖြစ်ပါသည်။ (၅)ရက်မြောက်သောနေ့တွင် ရှေ့လက်နှစ်ချောင်းပင် ပေါ်လာပါပြီ။

ဂမုန်းပင်တွေကို ရေမလောင်းလျှင် ဖားကလေးကပါ တကွပ်ကွပ် အသံမြည်လေ့ရှိပါသည်။ နောက်ထပ် (၃)ရက်ကြာသောအခါ ဖားကလေးမှာ တစ်ကိုယ်လုံးထွက်ပေါ်လာပြီး ဂမုန်းရိုးတံနှစ်ခုအကြားမှ မြေပြင်သို့ ခုန်ဆင်းလာပါတော့သည်။





ကျွန်တော်တို့အားလုံးမှာ ဖားကလေးကို တအံ့တဩ ငေးကြည့်နေမိပါသည်။ ဖားကလေး၏အရောင်မှာ နံ့သာရောင်အဆင်းနှင့်ဖြစ်ပြီး အနံ့သင်းသင်းကလေး မွှေးနေပါသည်။

ဖားကလေးမှာ ပင်စည်အတွင်းမှ လွတ်လွတ်ကျွတ်ကျွတ်ထွက်လာပြီဖြစ်သော်လည်း တခြားနေရာသို့ ထွက်ခွာမသွားပဲ ဂမုန်းပင်များကြားတွင်သာ ခုန်ဆွခုန်ဆွ သွားလာနေပါသည်။

"ဖားကလေးက ချစ်စရာကလေးနော်။ ကိုကြီး မိသူ့အခန်းထဲ ခေါ်ထားချင်တယ်။ ဖားကလေးရေ ငါ့အခန်းထဲမှာနေမလား"

မိသူက အသံကျယ်ကျယ်ဖြင့် လှမ်းအော်လိုက်ရာ ဖားကလေးက မိသူရှိရာဘက်သို့ ခုန်ဆွခုန်ဆွဖြင့်ရောက်လာပြီး မိသူ့ရှေ့တွင် ငြိမ်ဝပ်နေပါသည်။

"ကိုကြီးရေ . . . ဖားကလေးက လူစကားနားလည်တယ်လား။ ကြည့်ပါဦး။ ညီမလေးရှေ့ကိုရောက်လာပြီး ငြိမ်နေတယ်"

"ဟာ . . . အရူးမလေး။ ဖားက လူစကား နားလည်မှာလား ဟာ မဟုတ်တာ"

"ဒီမှာကြည့် . . . ညီမလေး မေးကြည့်မယ်။ ဖားကလေးရေ နင်ငါ့အခန်းထဲကို လိုက်နေမှာလား"

"ကွပ် . . . ကွပ် . . . ကွပ် . . ."

ဖားကလေးက တကွပ်ကွပ် အသံပြုပါသည်။

"ဟဲ . . . နေမယ်တဲ့ ကိုကြီးရေ"

"ဖားဆိုတာ ဒီလိုပဲ တကွပ်ကွပ်မြည်တတ်တဲ့ဥစ္စာ။ နင်ကလည်း လိုရာဆွဲတွေးနေပြန်ပြီ"

"မဟုတ်ဘူး ကိုကြီး။ ဒီဖားကလေးကို ကြည့်ဦး။ မိသူ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တစ်မျိုးကြီးပဲ''

''ဘာတစ်မျိုးကြီးလဲ''

''ဘယ်လိုတစ်မျိုးကြီးလဲ မသိဘူး''

''မိသူမပြောတတ်ဘူး''

''ဘာလဲ အဖေက ဒီဖားကလေးက သံသေဒဇဖားကလေး လို့ပြောပြထားလို့ နှင့်စိတ်ထဲ တစ်မျိုးကြီးဖြစ်နေတာလား''

''ဟုတ်မယ်ထင်တာပဲ ကိုကြီးရယ်''

ကျွန်တော်က ဖားကလေးကို ကြည့်လိုက်သောအခါ ညီမလေး ရှေ့နားတွင် ငြိမ်ဝပ်နေပါသည်။

| ၃ |

❑

ကျွန်တော် အိပ်မက်ထဲမှပင် မထရသေးပါ။ မိသူ၏အသံစာစာ လေးကို ကြားလိုက်ရပါသည်။

''ကိုကြီးရေ ဒီမှာလာကြည့်ပါဦး''

မိုးပင် စင်စင်မလင်းသေးပါ။ ကျွန်တော် အိပ်ရာမထကာ မိသူအခန်းထဲသို့ လှမ်းဝင်သွားလိုက်ပါသည်။

''ဘာဖြစ်နေတာလဲ။ မိုးမလင်းသေးဘူး''

''ဒီမှာလေ ... အစ်ကိုကြီးရဲ့ မိတ်ဆွေ။ ညီမလေးအခန်းထဲ ရောက်နေတယ်''



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးမိသူ ပြရာဆီကို ကျွန်တော် ငုံ့ကြည့်လိုက်တော့ နံ့သာရောင်ဖားကလေးတစ်ကောင် မျက်လုံးအပြူးသားနှင့် ကျွန်တော်တို့ကို ကြည့်နေသကဲ့သို့ရှိသည်ကို တွေ့လိုက်ရသည်။

"ညီမလေးက မနေ့က သူ့ကို ညီမလေးအခန်းထဲလာနေဖို့ ခေါ်ခဲ့တယ်မဟုတ်လား။ အဲဒါကြောင့် သူလာနေတာပေါ့"

"ငါမသိအောင် နင့်ဘာသာနင် လက်နဲ့အသာမ,ပြီး ခေါ်လာခဲ့တာမဟုတ်လား မိသူ"

"အို . . . မဟုတ်ပါဘူး ကိုကြီးရဲ့။ သူ့ဘာသာသူ ညီမလေးအခန်းထဲ ရောက်လာတာပါ"

"ငါမယုံဘူး"

"မယုံရင် ခေါ်ကြည့်ပါလား။ သူ အစ်ကိုကြီးအခန်းထဲ ရောက်လာလိမ့်မယ်။ ကဲ . . . ညီမလေး သူ့ကိုပြောလိုက်မယ်။ ကဲ . . . ဖားကလေးရေ မနက်ဖြန်ကျရင် နင် ငါ့အစ်ကိုကြီးအခန်းထဲကို သွားလိုက်ပါဦး"

မိသူစကားဆုံးတော့ ဖားကလေးက တကွပ်ကွပ် အသံမြည်ပါတော့သည်။

"တွေ့လား ကိုကြီး။ ဖားကလေးက စကားပြောနေတယ်"

"မိသူ နင်တော့ ဖားရူးရူးနေပြီ"

[ ၄ ]

ကျွန်တော် တစ်ရေးနိုး အပေါ့ထသွားတော့ ကျွန်တော့်ခုတင်ခြေရင်းတွင် ဖားကလေးကို တွေ့လိုက်ရပါသည်။

ညီမလေးပြောလိုက်လို့များ ဒီဖားကလေး ငါ့အခန်းထဲဝင်လာတာလားဟု တွေးလိုက်မိသည်။ သို့ပေမယ့် ကျွန်တော်သည် ဘာမှထွေထွေထူးထူး ဆက်ပြီးမတွေးတော့ပဲ အိပ်ရာထဲ ပြန်ဝင်အိပ်လိုက်ပါသည်။

အဘွားအိုကြီးတစ်ယောက် ရုတ်တရက် ကျွန်တော့်အခန်းထဲ ဝင်လာသဖြင့် ကျွန်တော် လန့်သွားပါသည်။ ဘယ်က အဘွားအိုကြီးပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"မြေးလေး . . . အဘွားလေ"

ကျွန်တော်ကြည့်လိုက်တော့ . . .

"ဟင်"

ကျွန်တော့်အဘွားဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ အဘွားမှာ လွန်ခဲ့သောသုံးနှစ်ခန့်က နလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။

အဘွားကို မမျှော်လင့်ပဲ တွေ့လိုက်ရသဖြင့် ကျွန်တော့်စိတ်ထဲ ဝမ်းသာပျော်ရွှင်သွားမိပါသည်။ အဘွားသည် ကျွန်တော့်အား ပြုံးပြုံးကြီး ကြည့်နေပါ၏။

"အဘွား . . . ထိုင်လေ"

"မထိုင်တော့ပါဘူး ငါ့မြေးရယ်"

"အဘွား ဘယ်ကလာတာလဲဟင်"

"ဂမုန်းပင်ထဲက လာတာလေ"

"အို . . ."

ကျွန်တော် အံ့ဩတုန်လှုပ်သွားပါသည်။

"ဘယ်လိုလုပ်ပြီး ဂမုန်းပင်ထဲက လာလို့ရမှာလဲ အဘွားရယ်"

"ရတာပေါ့ မြေးလေးရဲ့"

"ဟင် . . . ဘယ်လိုလုပ်ပြီး ရမှာလဲ"

"ရတာပေါ့ကွယ်။ အဘွားက ဂမုန်းပင်ထဲက ထွက်လာတာ"

"ဟင် . . ."

"ကဲ . . . ကဲ . . . ငါ့မြေးအိပ်တော့။ အဘွားကြောင့် ငါ့မြေးအိပ်ရေးပျက်နေဦးမယ်"





အဘွားကြီးတစ်ယောက်က ကျွန်တော့်နားနားကပ်ပြီး ပြောနေသကဲ့သို့ ကြားနေရပါသည်။

"အဘွား . . . မပြန်နဲ့ဦးလေ။ နေပါဦး။ အဘွား ကျွန်တော်တို့ကို ခွဲခွာသွားခဲ့တာ သုံးနှစ်နီးပါးလောက်တောင်ရှိပြီပဲ"

ကျွန်တော့်စကားကြောင့် အဘွားမျက်နှာ ညှိုးရော်သွားပါသည်။ အဘွား ဘာမှတော့ပြန်မပြောပါ။ အဘွားမှာ ကျွန်တော့်အမေဘက်မှဖြစ်ပြီး ကျွန်တော့်အမေ၏ အမေဖြစ်ပါသည်။ ကျွန်တော်က အဘွားကို သိပ်ချစ်ပါသည်။ အဘွားကလည်း ကျွန်တော်တို့ဆိုလျှင် အလွန်အလိုလိုက်ပါသည်။ ချစ်ပါသည်။

"အဘွား . . . ဘာစားမလဲ ပြော။ ကျွန်တော် သွားဝယ်ပေးမယ်"

အရင်ကလည်း ဒီလိုပင် အဘွားစားချင်တာ ကျွန်တော်သွားဝယ်ပေးနေကျဖြစ်သည်။

"အင်း . . . အဘွား ဘာမျှမစားရတာ ကြာပြီ"

အဘွားစကားကြောင့် ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။

"ဒါဆိုရင်လည်း ကျွန်တော် အခုချက်ချင်း သွားဝယ်ပေးမယ်"

"နေပါစေ မြေးလေးရယ်။ အဘွား မစားတော့ပါဘူး"

"စားပါ အဘွားရဲ့"

အဘွားက ကျွန်တော့်လက်ကို လှမ်းဆွဲလိုက်ရာ ကျွန်တော် ဖျတ်ခနဲ လန့်နိုးသွားပါတော့သည်။ ကျွန်တော် အိပ်မက်မက်နေခြင်းပင်။

ကျွန်တော် ဆက်အိပ်လို့မရတော့။ စာအုပ်ဖတ်ရန် စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်ကို လှမ်းယူလိုက်စဉ် တကွပ်ကွပ်မြည်သံကြားသဖြင့် ခုတင်အောက်သို့ ငုံ့ကြည့်လိုက်ရာ နှံ့သာရောင်ဖားကလေးကို တွေ့လိုက်ရလေသည်။

ကြည့်စမ်း . . .။ ဒီဖားကလေး ငါ့အခန်းထဲမှာ ရှိနေတုန်းပါလား။ ဖားကလေးက မျက်လုံးပြူးပြူးကလေးနှင့် ကျွန်တော့်ကို ကြည့်နေသယောင်ယောင်။

အိပ်မက်ထဲမှာ ပြောသွားတယ်။ အဘွားက သူဟာ ဂမုန်းပင်ထဲကလာတာတဲ့။ အခု ဒီဖားကလေးကလည်း ဂမုန်းပင်ထဲကထွက်လာတဲ့ သံသေဒဖဖားကလေးပဲ။

တိုက်တိုက်ဆိုင်ဆိုင် ဒီဖားကလေး ငါ့အခန်းထဲကို ဝင်လာတဲ့ညကျမှ ငါ အဘွားကို အိပ်မက်မက်တယ်။ ထူးဆန်းလိုက်တာ။

ကျွန်တော် မိုးလင်းခါနီးကျမှ မေ့ခနဲ အိပ်ပျော်သွားပါသည်။ မနက်မိုးလင်းတော့ ကျွန်တော့်အခန်းထဲမှာ နှံ့သာရောင်ဖားကလေး မရှိတော့ပါ။

[ ၅ ]

❑

ကျွန်တော်နှင့်မိသူ ဂမုန်းပင်တွေနား ရောက်သွားတော့မှ ဖားကလေးမှာ ဂမုန်းပင့်အိုးတစ်အိုးထဲ ရောက်နေပါသည်။ ကျွန်တော်တို့ကိုမြင်တော့ တကွပ်ကွပ် အသံပြု၏။

"ညကဖားကလေး ညီမလေးအခန်းထဲ လာမအိပ်ဘူးကိုကြီး"

"ဘယ်လာပါ့မလဲ။ သူက ငါ့အခန်းလာအိပ်သွားပြီး ငါမနိုးခင် ဒီကိုပြန်ရောက်နေတာ"

"ဟယ် . . . ဟုတ်လား ကိုကြီး"

"ဟုတ်တယ်"

"အဲဒါ ညီမလေးက သူ့ကိုသွားခိုင်းလို့ သွားတာနေမှာပေါ့"

ဒီတစ်ခါတော့ ကျွန်တော် ညီမလေးကို ဘာမျှမပြောဖြစ်တော့ပါ။ ထိုစဉ် . . .

---



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး အိပ်မက် မမက်ဘူးလား"

မိသူက ရုတ်တရက်မေးလာသဖြင့် ကျွန်တော် အံ့အားသင့်သွားပါသည်။

"ဘာလို့ငါက အိပ်မက်မက်ရမှာလဲ"

"အဘွားကိုလေ"

"ဟာ . . ."

"အဘွားကို အိပ်မက် မမက်ဘူးလားလို့။ ညီမလေးကတော့ အဘွားကို အိပ်မက်မက်တယ်"

ဟုဆိုကာ သူ့အိပ်မက်အကြောင်းကို ပြောပြပါသည်။

ညီမလေး၏အိပ်မက်မှာ ကျွန်တော့်အိပ်မက်နှင့် တူနေပါသည်။ ကျွန်တော်ကလည်း ညကမက်ခဲ့တော့ ကျွန်တော့်အိပ်မက်အကြောင်းကို ပြန်ပြောပြလိုက်ပါသည်။

"ဟင် . . . ကိုကြီးအိပ်မက်နဲ့ ညီမလေးအိပ်မက်က တစ်ထပ်တည်းပဲ။ ပြီးတော့ နှံ့သာရောင်ဖားကလေး အိပ်ခန်းထဲကိုဝင်လာတဲ့ညမှာ အိပ်မက်မက်တာချင်းလည်း တူနေတယ်။

မနေ့ညက ဖားကလေးက ညီမလေးအခန်းထဲကို ဝင်လာတယ်။ ညီမလေး အိပ်မက်မက်တယ်။ ဒီကနေ့ညကျတော့ ကိုကြီးအခန်းထဲ ဝင်သွားတယ်။ ကိုကြီးအိပ်မက်မက်တယ်။

ပြီးတော့ အိပ်မက်ထဲမှာ အဘွားက ဂမုန်းပင်ထဲကလာတာလို့ပြောသွားတယ်။ ဖားကလေးကလည်း ဂမုန်းပင်ထဲက ထွက်လာတာပဲ။ အဲဒီတော့ အဘွားနဲ့ အဲဒီဖားကလေးဟာ ဆက်စပ်မှုတစ်ခုခုများရှိနေမလားပဲ"

ကျွန်တော်က ညီမလေးကို ပြန်မပြောမိပါ။ နှံ့သာရောင်ဖား





ကလေးကို လာလာကြည့်နေမိပါသည်။

ထို့နောက်ပိုင်းတွင် ဖားကလေးမှာ ဂမုန်းပင်များကြားတွင်သွားလာနေတတ်ပါသည်။ တစ်ခါတရံ ညီမလေးအခန်းထဲနှင့် တစ်ခါတရံ ကျွန်တော့်အခန်းထဲသို့ ဝင်အိပ်တတ်ပါသည်။

ဖားကလေးဝင်အိပ်သော ညဆိုလျှင် ကျွန်တော်ရော၊ ညီမလေးပါ အဘွားကို အိပ်မက်မက်ပါတော့မည်။ ဖားကလေး ဝင်မအိပ်သောညတွင်တော့ ဘာအိပ်မက်မှမမက်ပါ။

တစ်နေ့နံနက်စောစော မေမေ့အိပ်ခန်းမှ မေမေ့အသံကို ဖျတ်ခနဲကြားလိုက်ရပါသည်။ ကျွန်တော်နှင့်ညီမလေးတို့ ဖေဖေတို့အခန်းသို့ရောက်သွားသောအခါ ဖေဖေနှင့်မေမေတို့ စကားပြောနေကြသည်ကိုတွေ့ရပါသည်။ တိုးတိုးတိုးတိုးနှင့် ဘာတွေပြောနေမှန်းတော့ မသိပါ။

ခုတင်ခြေရင်းတွင်တော့ နှံ့သာရောင်ဖားကလေးက ငုတ်တုတ်။ မေမေတို့ပြောနေတဲ့ စကားတွေကို နားထောင်နေသည့်အလား ကျွန်တော်တို့ အခန်းထဲကိုဝင်သွားတော့ မေမေနှင့်ဖေဖေက စကားရပ်လိုက်ကြသည်။ ပြီး ကျွန်တော်တို့မောင်နှမကို လှမ်းကြည့်သည်။

အမေ့မျက်နှာ မကောင်းလှ။

"မေမေညက အဘွားကို အိပ်မက်မက်တယ်မဟုတ်လား"

ညီမလေးက လှမ်းပြောလိုက်တော့ မေမေရော၊ ဖေဖေပါ အံ့အားသင့်သွားသည်။

"ဘယ်လို အိပ်မက်မက်တယ်ဆိုတာကိုပါ ပြောပြရမလား"

ဟု ပြောလိုက်ပါသည်။ ဖေဖေနှင့်မေမေက ညီမလေးကို ငေးကြည့်နေပါသည်။

ညီမလေးက သူနှင့်ကျွန်တော်မက်သည့် အိပ်မက်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြလိုက်သောအခါ မေမေရော ဖေဖေပါ အံ့အားသင့်သွားပါတော့သည်။

"သမီး မေမေမက်တဲ့အိပ်မက်ကို ဘယ်လိုလုပ်ပြီး သိနေတာလဲ"

"ဟောဒီ နံ့သာရောင်ဖားကလေးအကြောင့် သိနေတာပေါ့ မေမေ"

ဟုဆိုကာ ခုတင်ခြေရင်းမှ ဖားကလေးကို လက်ညှိုးထိုးပြလိုက်သည်။

"ဒီဖားကလေး ဖေဖေတို့အခန်းထဲဝင်အိပ်လို့ မေမေအဘွားကို အိပ်မက်မက်တာပဲ"

"ဟုတ်ပါရဲ့ သမီးရယ်။ သမီးဘွားဘွားဆုံးတာ သုံးနှစ်နီးပါးတောင်ရှိတော့မယ်။ မေမေဖြင့် သမီးဘွားဘွားကို တစ်ခါမှ အိပ်မက်မမက်ဘူး။ ညကျမှ ထူးထူးခြားခြားမက်တာ"

"ဟုတ်တယ် မေမေ။ ဒီအိပ်မက်ကို သမီးရော ကိုကြီးပါ မက်ပြီးကြပါပြီ။ မေမေက တတိယမြောက်မက်တဲ့သူပါ"

ညီမလေးက ရှင်းပြလိုက်သောအခါ မေမေရော ဖေဖေပါ အံ့အားသင့်သွားကြပြန်သည်။ ဖေဖေက ဖားကလေးကို ငေးကြည့်နေ၏။ ပြီးမှ ...

"ဒီဖားကလေးဟာ သမီးတို့ဘွားဘွားနဲ့ ဆက်စပ်မှုရှိနေနိုင်တယ်"

ဟုပြော၏။ မေမေကတော့ မျက်နှာမကောင်းလှပေ။

| ၆ |

❑

တစ်နေ့ မေမေ၏ အစ်မဝမ်းကွဲဖြစ်သူ ဒေါ်သီတာ ကျွန်တော်တို့အိမ်သို့ အလည်ရောက်လာပါသည်။ ဒေါ်သီတာမှာ ဘွားဘွား၏ အစ်မဖြစ်သူ ဒေါ်မြရင်၏ သမီးအကြီးဖြစ်ပါသည်။

ကျွန်တော်တို့က သူ့ကို ကြီးကြီးဟုခေါ်ပါသည်။ သူက မေမေ့ထက်လည်း အသက်ကြီးပါသည်။ ဒေါ်သီတာက ကျွန်တော်တို့ဘွားဘွားကို ဒေါ်လေးခင်ဟု ခေါ်ပါသည်။ ဘွားဘွား၏နာမည်မှာ ဒေါ်မြခင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဒေါ်သီတာရောက်လာခြင်းမှာ ဒေါ်သီတာ၏သားအကြီး မင်္ဂလာကိစ္စအတွက် မေမေ့အား လာရောက်ဖိတ်ကြားခြင်းဖြစ်ပါသည်။

ဒေါ်သီတာရောက်ခိုက် မေမေနှင့်စကားလက်ဆုံကျပြီး မေမေက ဘွားဘွားကို အိပ်မက်မက်သည့်အကြောင်းနှင့် ကျွန်တော်တို့ပါ မက်သည့် အကြောင်းအပြင် ဂမုန်းပင်ထဲကထွက်လာသည့် နို့သာရောင်ဖားကလေး အကြောင်းကိုပါ ပြောပြလိုက်ပါတော့သည်။

မေမေ့စကားဆုံးသောအခါ ဒေါ်သီတာက ...

''ဘယ်မှာလဲ အဲဒီဖားကလေး''

ဟုမေးပါတော့၏။ ဒေါ်သီတာကား စိတ်မြန်လက်မြန်ရှိသူ ဖြစ်သည်။

ထိုအချိန်တွင် တိုက်တိုက်ဆိုင်ဆိုင်ပင် နို့သာရောင်ဖားကလေးမှာ ညေ့ခန်းထဲတွင် ရောက်နေပါသည်။ ဒေါ်သီတာသည် ဖားကလေးကို လှမ်းကြည့်လိုက်ပါသည်။ ဖားကလေးက သူ့ရှေ့ခပ်လှမ်းလှမ်းရှိ စားပွဲခုံအောက်မှာ ရှိနေပါသည်။

ထို့နောက် ဒေါ်သီတာက ...

''ဖားကလေးရေ ... မင်းဟာ ငါ့ရဲ့ဒေါ်ဒေါ် ဒေါ်လေးခင်ဆိုရင် ငါ့ဆီ လှမ်းလာခဲ့ပါဦးကွယ်''

ဟု လှမ်းပြောလိုက်ပါတော့သည်။

ကြီးကြီးဒေါ်သီတာပြောပုံက တဲ့တိုးကြီးဆန်လှသဖြင့် ကျွန်တော်ပင် အံ့သြတုန်လှုပ်သွားမိပါသည်။ မေမေကတော့ မျက်နှာမကောင်းလှပါ။

ကြီးကြီးဒေါ်သီတာ နောက်ထပ်တစ်ကြိမ် ထပ်မံပြောဆိုလိုက်ရာ ဖားကလေးမှာ စားပွဲခုံအောက်မှ ခုန်ဆွခုန်ဆွနှင့် ထွက်လာပြီး





ကြီးကြီး ဒေါ်သီတာ၏ခြေထောက်နားတွင် ရပ်တန့်နေပါတော့သည်။ မျက်လုံးကလေးက အပြုံးသားရှိနေပါသည်။ ဘယ်ကိုမျှ မသွားတော့ပါ။

''ကဲ ... ဒေါ်ဒေါ် ဒေါ်လေးခင်ရေ။ ဒေါ်လေးခင်ရဲ့သမီးဆီ သွားလိုက်ပါဦး''

ကြီးကြီးဒေါ်သီတာ၏ စကားအဆုံးတွင် ဖားကလေးသည် မေမေ၏ရှေ့ဆီသို့ ခုန်ဆွခုန်ဆွနှင့် ရောက်လာပြီး ရပ်တန့်နေပါတော့သည်။ မေမေ့ကို မျက်လုံးကလေးအပြုံးသားနှင့် ကြည့်နေသယောင်ရှိနေပါသည်။

''ကဲ ... ဒေါ်ဒေါ်လေးခင်ရေ၊ မြေးကလေး မောင်မျိုးရှေ့ကိုလည်း သွားလိုက်ပါဦး''

ကြီးကြီးဒေါ်သီတာ ပြောလိုက်သောအခါ မေမေ့ရှေ့မှ ဖားကလေးသည် ခုန်ဆွခုန်ဆွနှင့် ကျွန်တော့်ရှေ့သို့ လှမ်းလာပြီး ရပ်တန့်နေပါတော့သည်။ ပြီးတော့ မျက်လုံးကလေး အပြုံးသားနှင့် ကျွန်တော့်ကို ကြည့်နေပါသည်။

''ကဲ ... ဒေါ်ဒေါ်လေးခင်ရေ၊ မြေးမလေး မိသူရှေ့ကိုလည်း သွားလိုက်ပါဦး''

ဖားကလေးမှာ နားလည်နေသည့်အလား ကျွန်တော့်ရှေ့မှ ခုန်ဆွခုန်ဆွနှင့် လှမ်းထွက်သွားပြန်ကာ ညီမလေးမိသူရှေ့တွင် ရပ်တန့်နေပြန်ပါသည်။

ပြီးတော့ မျက်လုံးလေးအပြုံးသားနှင့် မိသူကို ကြည့်နေပါသည်။

ထိုအချိန်တွင် ကြီးကြီးဒေါ်သီတာသည် ထိုင်နေရာမှ ထကာ



www.burmeseclassic.com

www.burmeseclassic.com



နံရံတွင်ချိတ်ဆွဲထားသော ဘွားဘွား၏ဓာတ်ပုံကို ထိုင်ခုံပေါ်တက်ကာ လက်အုပ်ချီကန်တော့ပြီး ဖြုတ်ယူလိုက်ပါသည်။ ကျွန်တော်တို့မှာ ကြီးကြီးဒေါ်သီတာ ဘာလုပ်မလဲ ငေးကြည့်နေမိကြပါသည်။

ဒေါ်သီတာသည် သူ့ရှေ့ခပ်လှမ်းလှမ်းရှိ ဆိုဖာခုံခပ်နိမ့်နိမ့်တစ်လုံးပေါ်တွင် ဘွားဘွားဓာတ်ပုံကို ဆိုဖာနောက်မှီ၌ ကပ်၍ ထောင်လိုက်ပါသည်။

ပြီးနောက် ...

"ဒေါ်လေးခင်ရေ ... ဒေါ်ဒေါ်ရဲ့ဓာတ်ပုံကလေးကို အလွမ်းပြေသွားကြည့်လိုက်ပါဦး။ ဒါဆိုရင် ဒေါ်ဒေါ်ဆိုကာ သမီးယုံပါပြီ"

ဟု ပြောလိုက်လေရာ နှံ့သာရောင် ဖမန်းဖားကလေးသည် ညီမလေးမိသူရှေ့တွင် ရပ်တန့်နေရာမှ ခုန်ဆွခုန်ဆွနှင့် ဆိုဖာရှေ့သို့ လှမ်းသွားပါတော့သည်။ ဆိုဖာရှေ့သို့ ရောက်လာသောအခါ အတန်ကြာ မှုပ်ကန့်နေပြီးနောက် ဆိုဖာပေါ်သို့ ခုန်တက်သွားပါတော့သည်။

ကျွန်တော်ပဲ့အားလုံး ဖားကလေးကို မျက်တောင်မခတ်ပဲ ကြည့်နေမိကြပါသည်။ ဖားကလေးသည် ဘွားဘွား၏ဓာတ်ပုံ မှန်ဘောင်ကြီးရှေ့သို့ရောက်အောင် ခုန်ဆွခုန်ဆွနှင့်လှမ်းသွားပြီး မှန်ဘောင်ကြီးနှင့်သူ ဦးခေါင်းထိသွားသောအချိန်တွင်မှ ရပ်တန့်သွားပါတော့သည်။

ကျွန်တော်တို့အားလုံး ငြိမ်သက်နေမိကြပါသည်။ ထိုအချိန်မှာပင် နောက်ဖေးဘက်မှထွက်လာသော ကြောင်တစ်ကောင်သည် ဆိုဖာပေါ်သို့ ရုတ်တရက်လှမ်းခုန်လိုက်ပါသည်။ ကြောင်ခုန်လိုက်သည့်အရှိန်ကြောင့် ထောင်ထားသော ဓာတ်ပုံမှန်ဘောင်ကြီးမှာ ဖားကလေးပေါ်သို့ အရှိန်ဖြင့် ပြုတ်ကျသွားပါတော့သည်။

"ဟာ ..."





"ဟင် ..."

"ဟင် ..."

ကျွန်တော်တို့အားလုံး အလန့်တကြား ဖြစ်သွားကြပါသည်။ ကြောင်က အိမ်ရှေ့သို့ ပြေးထွက်သွားပါသည်။ ကျွန်တော်က နေရာမှ လျှင်မြန်စွာထသွားပြီး ဘွားဘွား၏ ဓာတ်ပုံမှန်ဘောင်ကြီးကို မ,ယူလိုက်သောအခါ အောက်တွင် ပိသွားရရှာသော နှံ့သာရောင်ဖားကလေးမှာ အသက်မရှိတော့ပါချေ။

မြဘုန်းထက်

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

ရွှေရောင်လင်းလက်နေသော လက်ဝါးကလေး။

ကိုင်ကြည့်တော့ ပေါ့သည်။ ရွှေမဟုတ်တာ သေချာသည်။ အခြားသတ္တုတစ်ခုခုဖြင့်လုပ်ပြီး ရွှေရည်စိမ်ထားတာဖြစ်မည်။ လက်ခုံပေါ်တွင် အကြောတွေ၊ လက်ဆစ်ပေါ်က အရေပြား တွန့်နေတာတွေ၊ လက်သည်းခွံတွေကို ပီပီသသ ပုံဖော်ထားသည်။ လက်ဝါးပြင်ပေါ်တွင်လည်း လက္ခဏာအရေးကြောင်းလေးတွေ အနုစိတ်မြင်ရ၏။

တကာယ့်သေးသေး ငယ်ငယ်ကလေး။ အလျားတစ်လက်မခွဲနှင့် ဗျက်တစ်လက်မ,သာသာထက် မပို။ ဘယ်သူက ဘာရည်ရွယ်ချက်ဖြင့် သည်လောက်သေးငယ်သည့် လက်ဖဝါးလေးကို အသေးစိတ်လက်ရာမြောက်စွာ ထုဆစ်ထားခဲ့လေသလဲဆိုတာကိုတော့ ဦးဘရွှေအောင်းတွေး၍မရ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျုပ် တိဗက်ကရခဲ့တဲ့ ပစ္စည်းကလေးပဲ"

ဟု ရသေ့ကြီးဦးဒေဝက ပြောသည်။

ဦးဒေဝသည် လွန်ခဲ့သောဆယ်နှစ်ခန့်က အိန္ဒိယပြည် ဟိမဝန္တာ တောင်ခြေဒေသများနှင့် တိဗက်ပြည်သို့ ဂန္ဓာရီခရီး ထွက်သွားခဲ့သည်။ ပြန်ရောက်လာသည်မှာ မကြာသေးပေ။

ဦးဘကောင်းသည် ရွှေရောင်လက်ဖဝါးလေးကို သူ၏လက်ဝါး ပြင်ပေါ်တင်လျက် စေ့စေ့စပ်စပ် ငုံ့ကြည့်နေရာမှ ခေါင်းမော့လာ၏။

"ဒီပစ္စည်းလေးကို ဘယ်လိုလူတွေကများ ဘာရည်ရွယ်ချက်နဲ့ လုပ်ထားခဲ့ပါလိမ့်ဆိုတာ ကျွန်တော် စဉ်းစားလို့မရဘူး ဦးရသေ့ရယ်"

ရသေ့ကြီးက ခေါင်းကို သုံးလေးကြိမ် ဆက်၍ညိတ်သည်။

"ဒီလက်ဖဝါးလေးဟာ တိဗက်တောမှီ ယောဂီကြီးတွေ လုပ်ထားခဲ့တဲ့ ဂမ္ဘီရအစီအရင်တစ်ခုပဲ မောင်ဘကောင်း။ ဘာရည်ရွယ်ချက်လဲဆိုတာကို သိချင်ရင် လက်ဝါးလေးရဲ့ ပုံသဏ္ဍာန်အနေအထားကို လေ့လာလိုက်ဦး"

ရသေ့ကြီးဦးဒေဝသည် ဦးဘကောင်း၏မျက်နှာကို တစ်ချက် စိုက်ကြည့်၏။ ထို့နောက် ဦးဘကောင်း၏ လက်ဝါးပြင်မှ ရွှေရောင်လက်ဖဝါးလေးဆီသို့ အကြည့်ရွှေ့သွားသည်။

ဦးဘကောင်းကား ရွှေလက်ဝါးလေးကို ငြိမ်သက်တိတ်ဆိတ်စွာ မျက်တောင်မခတ် စိုက်ကြည့်နေ၏။ အတန်ကြာတော့မှ ခေါင်းမော့လာသည်။

"လက်ဝါးဖြန့်ထားပေမဲ့ လက်ချောင်းတွေက ပြန့်ကားမနေဘူး။ တစ်ချောင်းနဲ့တစ်ချောင်း ပူးကပ်စေ့ပိတ်နေတယ်"





"အင်း . . . ဟုတ်ပြီ"

ရသေ့ကြီးက ထောက်ခံစကားတစ်ခွန်းဆိုပြီး ခေါင်းညိတ်သည်။

"ဖြန့်ထားတဲ့လက်ဖဝါးဟာ စန့်စန့်ရန့်ရန့်မဟုတ်ဘူး။ ခပ်ခွက်ခွက်ရှိနေတယ်။ လက်ခုံဘက်ကကြည့်ရင် ခပ်ခုံးခုံးပေါ့"

"ဟုတ်တယ် မောင်ဘကောင်း။ ပုံပန်းသဏ္ဍာန်ကိုတော့ လေ့လာပြီးပြီ အဓိပ္ပာယ်ကောက်ဖို့ပဲ လိုတော့တယ်"

"ရသေ့ကြီး ဘာကိုဆိုလိုတာပါလိမ့်"

"ဒီလိုလေ . . . မောင်ဘကောင်းရဲ့။ ပုံပန်းသဏ္ဍာန်တိုင်းမှာ အဓိပ္ပာယ်တစ်ခုစီတော့ ရှိတတ်ကြတယ်။ အထူးသဖြင့် လက်ရဲ့ပုံပန်းသဏ္ဍာန်ပေါ့။ လက်ဟန်ပေါ့။ ပါဠိစကားကတော့ 'မုဒြာ' လို့ဆိုတယ်။ လူတွေဟာ အသံမထွက်ပဲ လက်နဲ့စကားပြောလို့ရတယ်ကွယ်။

ဘာသာစကားချင်း မတူတဲ့လူတွေ၊ ပြီးတော့ အသံအင်္ဂါချွတ်ယွင်းလို့ စကားမပြောနိုင်တဲ့လူတွေ၊ တချို့ ဟိတ်ဟန်မာန်ကြီးပြီး တစ်ဖက်လူကို အဖက်မတန်တဲ့အနေနဲ့ ပါးစပ်မဖွင့်ချင်တဲ့လူတွေဟာ သူတို့ ပြောချင်တာတွေကို လှုပ်ရှားပြပြီး စကားပြောကြတယ်မဟုတ်လား။

လက်ဖဝါးကို မှောက်ချေလှန်ချေလုပ်ပြရင် အဓိပ္ပာယ်တစ်မျိုး၊ လက်သီးဆုပ်ပြရင် အဓိပ္ပာယ်တစ်မျိုး၊ လက်သီးဆုပ်ပြီး လက်မကိုသာ ထောင်ပြရင် အဓိပ္ပာယ်တစ်မျိုး။ အို . . . အများကြီးပေါ့ မောင်ဘကောင်းရယ်။ ကဲ . . . ခု ဒီလက်ဖဝါးကလေးကို ကြည့်ကြရအောင်"

ရသေ့ကြီး ဦးဒေဝသည် ဦးဘကောင်း၏ လက်ဝါးပြင်ပေါ်မှ ရွှေရောင်လက်ဖဝါးလေးကို အသာအယာ လက်ညှိုးနှင့်လက်မဖြင့် ညှပ်၍ ယူလိုက်၏။ ထို့နောက် တိတိပပ ပြတ်တောက်နေသည့် လက်မျိုး



www.burmeseclassic.com

www.burmeseclassic.com



နေရာမှကိုင်ကာ . . .

''ခုတင်က မောင်ဘကောင်းပြောသလို လက်ဝါးဖြန့်ထားပေမယ့် လက်ချောင်းတွေ ပြန့်ကားမနေဘူး။ တစ်ချောင်းနဲ့တစ်ချောင်း ပူးကပ်စေ့ပိတ်နေတယ်။ တကယ်လို့သာ ဒီပုံစံလက်ဖဝါးဟာ စန့်စန့်ရန့်ရန့် ရှိနေမယ်ဆိုရင် ငြင်းပယ်တဲ့အဓိပ္ပာယ်၊ ကန့်ကွက်တဲ့ တားမြစ်တဲ့လက္ခဏာ၊ ပြီးတော့ ဆန့်ကျင်ပိတ်ပင်တဲ့သဘောကိုလည်း ဆောင်တာပေ့ါ။ ဟုတ်ရဲ့လား''

''မှန်ပါတယ် ရသေ့ကြီး''

''အိမ်း . . . ခုတော့ လက်ဖဝါးလေးက စန့်စန့်ရန့်ရန့်မရှိဘူး။ လက်ဝါးပြင်ဘက်ကကြည့်ရင် ခပ်ချိုင့်ချိုင့်လေး ခွက်နေတယ်။ လက်ခုံဘက်ကဆိုတော့ ခပ်ခုံးခုံးပေ့ါ။ လူတွေဟာ ဘယ်လိုအမူအရာတွေမှာ လက်ကို အဲဒီလိုပုံစံမျိုး ထားတတ်ကြသလဲ။ မောင်ဘကောင်း စဉ်းစားကြည့်ပါဦး''

ဦးဘကောင်းသည် မိမိအိမ်ရှေ့သို့ မကြာခဏ ရောက်လာတောင်းရမ်းတတ်လေ့ရှိသည့် လူတချို့၏ လက်ဖဝါးများကို မြင်ယောင်လိုက်မိသည်။ တစ်ဆက်တည်းပင် ကျောင်းသွားခါနီးပြီဆိုလျှင် 'အမေမုန့်ဖိုး' ဟုဆိုကာ မိခင်ရှေ့တွင် လက်ဝါးဖြန့်၍ ပိုက်ဆံတောင်းတတ်သည့် သား မောင်မိုးကောင်း၏ အမူအရာကိုလည်း သတိရသည်။

ဦးဒေဝ၏ နှုတ်ခမ်းပေါ်တွင် အပြုံးရိပ်သန်းသွားသည်။

''ဟုတ်တယ် မောင်ဘကောင်း။ ဒီလက်ဖဝါးလေးဟာ တောင်းခံတဲ့အမူအရာ လက်ဟန်ပါပဲ။ တိဗက်ယောဂီကြီးတွေက 'လို-တ-ရ' လက်ဖဝါးလို့ နာမည်ပေးထားကြတယ်။ ဒီလက်ဖဝါးလေးကို မိမိရဲ့ ညာလက်မှာ တင်းတင်းဆုပ်၊ အဲဒီလက်သီးဆုပ်ကို နဖူးပြင်ပေါ်တင်ပြီး





လိုရာဆုကိုတောင်း မလွဲမသွေ တောင်းတဲ့အတိုင်း ပြည့်စုံတယ် . . . မောင်ဘကောင်း''

ရသေ့ကြီးသည် စကားကိုရပ်နားပြီး ဦးဘကောင်း၏မျက်နှာကို စိုက်ကြည့်နေ၏။ ဦးဘကောင်းက ရသေ့ကြီး ဦးဒေဝ၏စကားဆက်ကို စိတ်ဝင်စားစွာဖြင့် ငံ့လင့်နေသည်။

''တောင်းတဲ့ဆုနဲ့ ပြည့်စုံတာတော့ တကယ်အမှန်ပဲ မောင်ဘကောင်း''

ဦးဒေဝသည် သူ့စကားကို အလေးအနက်ဖြစ်စေလိုဟန်ဖြင့် ထပ်၍ ပြောနေပြန်သည်။

''ရသေ့ကြီး ကိုယ်တွေ့ပဲလား''

ဟု ဦးဘကောင်းက ထောက်၍မေးလိုက်၏။

ဦးဒေဝ ခေါင်းခါသည်။

''ကိုယ်တွေ့မဟုတ်ပေမဲ့ ကိုယ်တွေ့သမားတွေနဲ့ ကျုပ် တွေ့ဆုံစကားပြောခဲ့ရဖူးတယ်။ ဒီလက်ဝါးကလေးကို ကျုပ်ရခဲ့ပုံက ဒီလို မောင်ဘကောင်းရဲ့။ ကျုပ် တိဗက်ယောဂီကြီးတွေနဲ့အတူ တောနက်ကြီးထဲမှာ တရားကျင့်နေခိုက် လူတစ်ယောက်က သူ့ရဲ့ဆရာသမားတွေဆီ ဒီပစ္စည်းကလေး ပြန်လာအပ်တာပါ''

''လို-တ-ရတဲ့ ပစ္စည်းဆို ဦးရသေ့ရဲ့။ ဘာလို့ ပြန်အပ်တာလဲ။ လို-တ မရတော့လို့လား''

ရသေ့ကြီးသည် ဦးခေါင်းကို အတန်ကြာမှုယမ်းနေပြီးနောက်--

''မဟုတ်ဘူး မောင်ဘကောင်း။ ဒီလက်ဖဝါးလေးက လူတစ်ယောက်၊ ဒါမှမဟုတ် မိသားတစ်စုကို သုံးကြိမ်ပဲ အကျိုးဆောင်ပေးတယ်။ အဲဒီလူ သို့မဟုတ် အဲဒီမိသားစုက သုံးကြိမ်ဆုတောင်းပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီပစ္စည်းလေးဟာ စွမ်းအင် ပျက်ပြယ်သွားတယ်။ ဘာမှအသုံးမကျတော့ဘူး။ ဒါကြောင့် ပြန်လာအပ်တာပါ။ ဒါပေမဲ့ နောက်လူတစ်ယောက်လက်ထဲ ရောက်သွားရင်တော့ မူလစွမ်းအင်အတိုင်းပါပဲ''

ဦးဘကောင်းသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

ရသေ့ကြီး ဦးဒေဝက စကားဆက်သည်။

''တိဗက်ယောဂီကြီးတွေက ဒီပစ္စည်းလေးကို ပေးသင့်ပေးထိုက်တဲ့လူကိုမှ ပေးတာပါ။ လူတိုင်းကို မပေးပါဘူး။ တောင်းယူလို့လည်း မရပါဘူး။ ဘယ်လိုလူဟာ ရထိုက်တယ်၊ ပေးထိုက်တယ်၊ သူတို့ဘယ်လို ဆုံးဖြတ်ရွေးချယ်သလဲဆိုတာတော့ ကျုပ်မသိဘူး။ အဲ ... ကျုပ်လည်း မြန်မာပြည်ကို ပြန်တော့မယ်ဆိုတော့ သူတို့က ဒီလက်ဖဝါးလေးကို လက်ဆောင်အဖြစ် ကျုပ်ကိုပေးလိုက်တာပါပဲ''

''ဦးရသေ့ တစ်ခုခုဆုတောင်းပြီး စပ်သပ်မကြည့်ဘူးလား''

ဟု ဦးဘကောင်းမေးသည်။

''ဟင့်အင်း ... စမ်းမကြည့်ပါဘူး။ ဘာဖြစ်လို့ စမ်းမကြည့်တာလဲလို့ မောင်ဘကောင်း ဆက်မေးဦးမယ်ဆိုတာ ကျုပ်သိတယ်။ ကျုပ်ဘာကြောင့် တစ်ခုခုဆုတောင်းပြီး စမ်းသပ်မကြည့်တာလဲဆိုတော့ ကျုပ်က လောဘသတ်နေတဲ့လူ။ ကျုပ်မှာ ဘာမှ လိုလေသေးမရှိတော့ဘူး။ အဲ ... ရှိသမျှနဲ့လည်း ကျုပ်က ရောင့်ရဲနေနိုင်ပြီ။ ကျုပ် ဘာကိုမှ မလိုချင်တော့ဘူး။ ဒါကြောင့် ကျုပ်ဘာမှလည်း တောင်းနေစရာမလိုတော့ဘူး''

ဦးဘကောင်းသည် လေးလေးနက်နက် ခေါင်းညိတ်လိုက်၏။ မှန်သည်။ သူသည် ဦးဒေဝကို ဟိုနှစ်ပေါင်း များစွာကတည်းက သိနေ





ခဲ့သည်။ အလွန် လိုချင်လောဘနည်းသူဖြစ်သည်။ 'မေတ္တာသုတ်' တွင်ရှိသည့် ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ခြင်း၊ အမှုကိစ္စနည်းပါးခြင်း၊ မွေးမြူရလွယ်ကူခြင်း၊ ဝန်ကျဉ်းပေါ့ပါးသော အသက်မွေးမှုရှိခြင်း ... စသော 'မေတ္တာပုဗ္ဗပဋိဘာဂ' တရားနှင့်အညီ ကျင့်သုံးနေထိုင်သူဖြစ်သည်။

''ပြီးတော့ အကြောင်းတစ်ခုကလည်း ရှိသေးတယ် မောင်ဘကောင်း။ ဒီလက်ဝါးကလေးက တောင်းတဲ့ဆုနဲ့ ပြည့်စေတယ်ဆိုပေမဲ့ တစ်ခုခုတော့ ထိုက်ရာတန်ရာ ပြန်ပေးရတယ်ကွယ့်''

''ဗျာ ... ဘယ်လို ဦးရသေ့''

''ဒီလိုလေကွယ် ...။ လောကနိယာမတရား အတိုင်းပေါ့။ လောကမှာ လေကလွဲလို့ အလကားရတဲ့အရာ ဘာမှမရှိဘူးမဟုတ်လား။ ဘာပဲလိုချင်လိုချင်၊ ဘာပဲရချင်ရချင် ... အလုပ်လုပ်ရင်လုပ်၊ မလုပ်ရင် တန်ရာတန်ဖိုးပေးပြီး ဝယ်ယူရတယ်။ ဒါမှမဟုတ် ပစ္စည်းချင်း အလဲအလှယ်လုပ်ရတယ် မဟုတ်လား။

ဆိုပါစို့ကွာ ...။ မြေကြီးလက်တစ်ဆုပ် လိုချင်ရင်တောင်မှ ဒူးညွတ်ရမယ်၊ ခါးကုန်းရမယ်၊ လက်နဲ့တူးဆွရမယ်။ လက်ဝါးဖြန့်ထားရုံနဲ့တော့ မြေကြီးလက်တစ်ဆုပ် မရ နိုင်ဘူး။ ဒီသဘောပါပဲ။ ဆန်ပေးမှ ဆေးရတယ် ... ဆိုတဲ့ မြန်မာ့ဆိုရိုးစကားလည်း ရှိလေရဲ့။

ဒီလက်ဝါးကလေးကို ညာဘက်လက်မှာ တင်းတင်းဆုပ်၊ နဖူးပြင်မှာတင်ပြီး လိုရာဆုတောင်းရင် ပြည့်စုံတာမှန်ပေမဲ့ တစ်ခုခုတော့ ပြန်ပေးလိုက်ရတာလည်း အမှန်ပဲ။ ကိုယ်တောင်းတဲ့ဆု အကြီးအသေး၊ အနည်းအများအလိုက် ထိုက်ရာလျော်ရာတော့ ပြန်ပေးရတယ် မောင်ဘကောင်း။ အဲဒါ ဒီလက်ဖဝါးလေးကို စီရင်တဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ ရည်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ချက်ပဲ''

''ခင်ဗျာ ...''

ဦးဘကောင်း နားမရှင်းသလို ဖြစ်သွားသည်။

ရသေ့ကြီးက သဘောပေါက်၏။ မျက်နှာပင် ပြုံးယောင်ယောင် ဖြစ်လာသည်။

''ဒီလို မောင်ဘကောင်းရဲ့။ လောကမှာ အလကားရတာ ဘာမှမရှိဘူး။ ဘာကိုမှ အလကားမလိုချင်နဲ့။ ရယူတာမှန်သမျှအတွက် ပေးဆပ်ကြရမယ်။ လောဘငြိမ်းရင် သောကပါငြိမ်းတယ်။ လောဘကို သတ်နိုင်သမျှ သတ်ကြရမယ်ဆိုတဲ့ အဆုံးအမတရားတွေကို မျက်ပါး ထင်ထင် သိမြင်လာစေဖို့ ဒီပစ္စည်းလေးကို စီရင်ခဲ့ကြတာပဲကွယ့်''

''ဒီပစ္စည်းကို ဘယ်လိုလုပ်မယ်လို့ စိတ်ကူးပါသလဲ ဦးရသေ့''

''မောင်ဘကောင်းပဲ ယူလိုက်ပါတော့။ ကျုပ်အတွက် အသုံး မတည့်ပါဘူး။ မောင်ဘကောင်းအနေနဲ့လည်း ရယူခြင်းနဲ့ပေးဆပ်ခြင်း သဘောတရားကို နှိုင်းချိန်စဉ်းစားပြီး မလိုအပ်ရင် အသုံးမချပါနဲ့လို့ပဲ ကျုပ် မှာခဲ့ပါရစေ''

[ ၂ ]

❑

ယခုဆိုလျှင် ရသေ့ကြီးဦးဒေဝလည်း ကွယ်လွန်သွားခဲ့လေပြီ။ ဦးဒေဝပေးခဲ့သည့် 'ရွှေလက်ဝါး' ကလေးသည် ဦးဘကောင်းထံတွင် ရှိနေခဲ့သည်မှာ ငါးနှစ်မကတော့ပြီ။ ဦးဘကောင်းသည် လက်ဝါးကလေးကို ပလပ်စတစ်ကျုတ်ကလေးဖြင့်ထည့်ကာ သေတ္တာထဲတွင် တရိုတသေ သိမ်းထားခဲ့လေသည်။

လက်ဦးအစကမူ ဤလက်ဝါးကလေးအကြောင်းကို ဇနီးသည် ဒေါ်မြမှုအားပင် ပြည့်ပြည့်စုံစုံ ဖွင့်မပြောပဲထားခဲ့သည်။ သာမန်အဆောင် တစ်ခုအနေဖြင့်သာ အသိပေးခဲ့၏။ နောက်တော့ နှစ်တွေလည်း ကြာလာခဲ့ပြီ။ ဦးဘကောင်း၏စိတ်တွင် ဦးဒေဝအပေါ်မှာရော၊ ရွှေရောင်လက်ဝါး လေးအပေါ်မှာပါ လေးနက်မှု တစ်စတစ်စ လျော့ပါးလာခဲ့လေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဦးဘကောင်းသည် 'လို–တ–ရ' လက်ဖဝါးလေး အကြောင်းကို ဇနီးသည်ဒေါ်မြမူအား အပြည့်အစုံ ဖွင့်ဟပြောပြလိုက်လေ၏။

ဒေါ်မြမူကား မိန်းမသားပီပီ လိုချင်မျက်စိရှိသည်။ အလယ်အလတ်အဆင့် အရာရှိဘဝမှ ပင်စင်ယူခဲ့ရသော ဦးဘကောင်း၏ နည်းပါးလှသည့် ပင်စင်လစာကလေးဖြင့် ချို့ချို့ငဲ့ငဲ့ ရပ်တည်နေခဲ့ရသည်မှာ ကာလကြာခဲ့ပြီ။ ဦးဘကောင်း ပင်စင်မယူမီ နိုင်ငံတော်ကချပေးသော မြေကွက်ကလေးတွင် အိမ်ငယ်လေးတစ်ဆောင် ဆောက်ဖြစ်လိုက်သည့်အတွက် တော်ပေသေးသည်။

မဟုတ်လျှင် စာရေးဝတ်ရေးသာမက နေရေးပါ ဒုက္ခရောက်မည်။ ယခုဆိုလျှင် တစ်ဦးတည်းသောသားကလေး မောင်မိုးကောင်းသည် ကျောင်းတက်ဆဲဖြစ်သည်။ ဘွဲ့ရရန် နှစ်နှစ်လိုသေးသည်။ သားအတွက်လိုအပ်လာတိုင်း ဒေါ်မြမူ၏ လက်ဝတ်လက်စားများကို တတိတတိ ထုတ်ရောင်းလာခဲ့သည်မှာ ကုန်လုလုဖြစ်နေပေပြီ။

တစ်ဖက်တွင် ဦးဘကောင်း၏ ကျန်းမာရေးသည် တစ်စတစ်စ ယိုယွင်းလာနေ၏။ အသက်ကလည်း ၇၀ နားနီးပေပြီ။ သွားလာလှုပ်ရှားမှု သိပ်မပြုနိုင်တော့။ မောသည်။ မူးသည်။ အနီးအနားက ဆေးခန်းကလေးမှာသွားပြတော့ သွေးတိုးရော၊ ဆီးချိုပါ ရှိနေသည်ဟုဆိုသည်။ နှလုံးကိုပါ စိတ်မချရ။ အထူးကုဆရာဝန်ကြီးနှင့် ပြသအစစ်ဆေးခံရန် လမ်းညွှန်သည်။

လမ်းညွှန်သည့်အတိုင်း သွားရသည်။ မသွားလျှင် ကျန်းမာရေးအသိမဲ့ရာကျမည်။ အထူးကုပါရဂူကြီးဆီရောက်တော့ ဘာကုသမှုမျှမခံရသေးမီ ငွေက နှစ်သိန်းကျော်ကုန်သွားခဲ့၏။ ဆီး၊ ဝမ်း၊ သွေး၊ သလိပ်





စစ်ဆေးခြင်း၊ ကိုယ်တွင်းအင်္ဂါများကို ဓာတ်မှန်ရိုက်ခြင်း၊ အာလ်ထရာဆောင်း၊ အီးစီဂျီ စသည်စသည်တို့အတွက် ကုန်ကျခြင်းဖြစ်သည်။

ကုသစရိတ်က ဘယ်မျှတောင်းလိမ့်ဦးမည်နည်းဟု ဒေါ်မြမူ တွေးပူနေစဉ်မှာပင် ဆရာဝန်ကြီးက ဆေးရုံတက်နိုင်းသည်။ တက်ရမည့်ဆေးရုံက ပုဂ္ဂလိကဆေးရုံ။ ဒေါ်မြမူ တွေးရုံဖြင့်ပင် မျက်ဖြူလန်ချင်သည်။

သားဖြစ်သူ မောင်မိုးကောင်းမှာလည်း မိဘတို့၏အခြေအနေကိုသိတော့ ပညာသင်မဖြောင့်။

တစ်နေ့တွင် သားက မိဘများကို အသိပေးလာသည်။

"အဖေ ... ကျွန်တော် ကျောင်းထွက်လိုက်တော့မယ်။ ကျန်တဲ့နှစ်နှစ်ကို စာပေးစာယူပဲ ဖြေတော့မယ်။ နော် ... အမေ နော်"

"ကျောင်းထွက်ပြီး သားက ဘာလုပ်မှာလဲ"

"ကျွန်တော် အလုပ်ရခဲ့ပြီအမေ။ ကျွန်တော့်သူငယ်ချင်းရဲ့အဖေတို့ ကုမ္ပဏီကစက်ရုံမှာ အလုပ်ဆင်းရမယ်"

"စက်ရုံမှာဆိုတော့ သားက စက်မှုပညာ ဘာမှလည်းမတတ်ပဲနဲ့ ဖြစ်ပါ့မလား။ ဘာလဲသား ... အလုပ်ကြမ်းဝင်လုပ်မှာလား"

"မဟုတ်ဘူးအမေ။ သားက စာရင်းအင်းဌာနမှာ လုပ်ရမှာပါ"

"ဪ ... အင်း ... အင်း ..."

လုပ်သင့်သည်ဟု ကိုယ်တိုင်ဆုံးဖြတ်၍ သားဖြစ်သူက လုပ်လာခဲ့ပြီပဲ။ မိဘများအနေဖြင့် ပညာလေးမှမစုံခင် အလုပ်ဝင်သည်ကို မနှစ်မြို့ကြသော်လည်း ကိုယ့်အပူနှင့်ကိုယ်မို့ ဘာမျှမပြောသာတော့။ အလိုက်သင့် ခေါင်းညိတ်ရုံသာရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမှုသည် ခင်ပွန်းသည်ဦးဘကောင်း ဆေးရုံတက်နိုင်ရေးအတွက် လက်လှမ်းမီသလောက် ကြိုးစားကြည့်သည်။ အသိအကျွမ်းအဆက်အသွယ်များထံ ချဉ်းကပ်သည်။ အတွေ့အကြုံရှိသူများထံ အကြံဉာဏ်တောင်းသည်။ နောက်ဆုံးတော့ အဖြေထုတ်၍ရသည်။ သည်လိုဆေးရုံမျိုးတက်လျှင် ဆေးကုသမှုခံယူဖို့က အနည်းဆုံး ငွေ ၁၀ သိန်းမရှိလျှင်မဖြစ်။ ဤကိန်းဂဏန်းထက် ပိုလာဖွယ်ရာသာရှိသည်။ လျော့ရန်ကားမရှိ။

ဦးဘကောင်းကမူ ခပ်အေးအေးဖြစ်သည်။

ဒေါ်မြမှုတစ်ယောက်သာ ပူလောင်နေသည်။ တစ်သက်လုံးအားလုံးအားထားပြုလာခဲ့ရသော ခင်ပွန်းသည်ကို သည်အခြေအနေတွင် တစ်လှည့်တစ်ပြန် ကျေးဇူးဆပ်ချင်သည်။ ဆေးရုံကလေးမျှ တက်မကုနိုင်ဟု ပတ်ဝန်းကျင်က သွားပုပ်လေလွင့် ပြောကြမည်ကိုလည်း စိုးရိမ်သည်။ လက်ထဲမှာက ငွေကြေးတစ်ပြားတစ်ချပ်မျှမရှိ။ မိမိလက်ဝတ်လက်စား၊ ရွှေတုံမြှုပ်ကွေလည်း ကုန်ပြီ။

ဦးစွာ နေအိမ်ကိုရောင်းချရန်၊ သို့မဟုတ် ပေါင်နှံရန် ဒေါ်မြမှုစိတ်ကူးသည်။ သို့သော် သည်စိတ်ကူးကို အကောင်အထည်ဖော်ရန် လက်တွန့်နေမိပြန်သည်။

မဖြစ်ဘူး။ မိမိတို့မှာ ဇရာအရွယ်ရောက်နေကြပြီ။ မိမိကခြောက်ဆယ်ကျော်၊ ဦးဘကောင်းက ခုနစ်ဆယ်ပြည့်တော့မည်။ ရွှေ့ဆိုလျှင် အိုမင်းရွတ်တွ တွင်းဆုံးကျဖို့ပဲရှိတော့သည်။ သည်အသက်အရွယ်ကြီးတွေရောက်မှ နေထိုင်စရာ ကိုယ်ပိုင်အိမ်ကလေး အတည်တကျမရှိလျှင် နေရေးထက် သေရေးခက်တော့မည်။ ထို့ကြောင့် နေအိမ်ကိုပေါင်လည်းမပေါင်၊ ရောင်းလည်းမရောင်းဟု ဒေါ်မြမှု ဆုံးဖြတ်သည်။





သည်တော့ . . . လုပ်စရာတစ်ခုပဲ ဒေါ်မြမှုမြင်သည်။ ဦးဘကောင်း တရိုတသေသိမ်းထားသော 'ရွှေလက်ဝါး' ကလေး။

ဒေါ်မြမှုသည် ဦးဘကောင်းအား ပွင့်ပွင့်လင်းလင်းပင် ပြောပြသည်။

"ရှင့်ရဲ့ လို-တ-ရ ရွှေလက်ဝါးလေးကို စမ်းကြည့်ရအောင်လား ကိုဘကောင်း။ ဘာပဲဖြစ်ဖြစ် အများတော့ မရှိနိုင်ပါဘူး"

ဦးဘကောင်းကား တွေတွေဝေဝေ ဖြစ်နေသည်။ ဘာတွေဝေခွဲမရဖြစ်နေသည်လဲ ဒေါ်မြမှုမသိ။

"ကိုဘကောင်း . . . ဘာတွေ စဉ်းစားနေတာလဲ။ ဟို . . . ရွှေလက်ဝါးကလေးနဲ့ ဆုတောင်းကြည့်ကြရအောင်လား။ ရရင်အမြတ်ပေါ့။ မရရင် အရှုံးမရှိဘူးလေ မဟုတ်ဘူးလား"

ဦးဘကောင်းသည် သက်ပြင်းတစ်ချက်ကို လေးလေးတွဲ့တွဲ့ချသည်။

"အချိန်ကာလတွေ ကြာသွားလို့လားတော့မသိဘူး ကိုယ်တော့သိပ်အယုံအကြည် မရှိချင်တော့ဘူးကွ။ ကိုယ့်စိတ်ထဲမှာ ဒီလက်ဖဝါးလေးကိုကြည့်ရင်း ကလေးကစားစရာတစ်ခုလိုသာ မြင်လာနေတယ်"

"အို . . . ကိုဘကောင်းရယ်၊ ဦးဒေဝလို ပုဂ္ဂိုလ်မျိုးက ရှင့်ကို ဒီကလေးကစားစရာ ပေးမတဲ့လား။ စဉ်းစားလည်း ကြည့်ပါဦး"

ဦးဘကောင်းသည် သေတ္တာထဲတွင်သိမ်းထားသော ရွှေရောင်လက်ဖဝါးကလေးကိုသွားယူကာ သူ့လက်ဝါးပေါ်တင်၍ စေ့စေ့စပ်စပ်ကြည့်နေသည်။ ဒေါ်မြမှုကလည်း အနားသို့ကပ်လာကာ ငုံ့ကြည့်သည်။

"အဖေနဲ့အမေ . . . ဘာတွေ အထူးအဆန်းတွေ့လို့ ခေါင်းချင်းဆိုင်ကြည့်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သို့သွားရန် အိမ်ထဲမှထွက်လာသော သားမောင်မိုးကောင်းသည် အနားတွင်လာရပ်၏။ ယခုအချိန်တွင် မောင်မိုးကောင်းသည် ( ..... ) စက်မှုဇုန်ရှိ 'ရွှေကြယ်လင်း' စက်မှုကုမ္ပဏီ၊ စာရင်းအင်းဌာနတွင် ဝန်ထမ်းတစ်ယောက် ဖြစ်နေပေပြီ။

သူအလုပ်ရခဲ့သည်မှာ ငါးလကျော်ခဲ့ပြီ။ ကုမ္ပဏီမှရသောလစာမှာ အိမ်အတွက် အထိုက်အလျောက်တော့ အထောက်အကူရပါ၏။ သို့သော် သူ့မိခင်ကြီး၏ လိုအပ်ချက်ကို အပြည့်အဝ မဖြည့်နိုင်သည့်အတွက် သူစိတ်မကောင်း။

"အမေရယ် ... အဖေ့ကို ကျန်းမာရေးဌာနကဆေးရုံမှာ သွားပြလိုက်ရင် ပြီးရောမဟုတ်လား"

ဟု မောင်မိုးကောင်း သူ့အမေကို ပြောဖူးသည်။

အဘွားကြီးက လက်မခံ။

"ဟဲ့ ... ဒီခေတ်မှာ ဒီဆေးရုံမျိုးမှ တက်မကုနိုင်ရင် လူဖြစ်ရှုံးပြီပေါ့ သားရယ်။ ဖြစ်နိုင်ရင် အမေက သားအဖေကို သူတကာနည်းတူ စက်ာပူတို့၊ အမေရိကားတို့မှာ သွားကုလိုက်ချင်တာ"

ဟု ပြန်ပြောဖူးသည်။

အဖေ့ကို ဆေးကုနိုင်ဖို့ အမေဘာတွေ ဆက်လုပ်နေသည်ကို မောင်မိုးကောင်းမသိ။ ယခု အဘိုးကြီးနှင့်အဘွားကြီး ခေါင်းချင်းဆိုင်နေကြပြန်ပြီ။

မောင်မိုးကောင်းအသံ ကြားသည်နှင့် ဦးဘကောင်းသည် လက်ဝါးပြင်ပေါ်က ရွှေလက်ဖဝါးလေးကို အင်္ကျီအိတ်ထဲသို့ ထည့်ပစ်လိုက်၏။ သည်ပစ္စည်းလေးအကြောင်း မောင်မိုးကောင်းမသိပေ။ ပြောလည်းပြောမပြဖူးပေ။ လူငယ်တစ်ယောက်ကို ပြောပြရန်မသင့်ဟုလည်း ဦးဘ





ကောင်း တွေးမိသည်။

ထို့ကြောင့် ...

"ဘာမှမဟုတ်ပါဘူး သားရယ်။ အဖေ့လက်ဝါးပြင်မှာ ထီပေါက်မယ့်လက္ခဏာများ ပါသလားလို့ ရှာကြည့်နေမိတာပါ"

ဟု မှသားစကားကိုပင် ဆိုဖြစ်လိုက်သည်။

"ပါကောပါလို့လား အဖေ"

"ထီပေါက်မယ့်လက္ခဏာနဲ့ တူတာဆိုလို့ ခါးရှုရာတောင် မပါပါဘူး သားရယ်။ ဟား ... ဟား ..."

မောင်မိုးကောင်းသည် မိဘများနှင့်အတူလိုက်၍ ရယ်မောပြီးနောက် ဒူးတုပ်ထိုင်ချကာ အဖေနှင့်အမေကို ဦးသုံးကြိမ်စီချ၍ ရှိခိုးသည်။ ပြီးလျှင် နှုတ်ဆက်၍ အိမ်ပေါ်မှဆင်းသွား၏။

သည်တော့မှပင် ဒေါ်မြမှု လုပ်ငန်းစသည်။

"ကဲ ... ပေး ကိုဘကောင်း။ တကယ် လို-တ-ရသလား၊ မရဘူးလားဆိုတာ ကျွန်မစမ်းကြည့်မယ်"

ဦးဘကောင်းသည် ဘယ်လိုမျှပြောမရသော ကလေးတစ်ယောက်အား အလိုလိုက်သည့်နှယ် အင်္ကျီအိတ်ထဲမှာ ရွှေရောင်လက်ဖဝါးလေးကို ထုတ်ပေးလိုက်လေ၏။

ဒေါ်မြမှုသည် လို-တ-ရ လက်ဖဝါးလေးကို ညာဘက်လက်ဖြင့် တင်းတင်းဆုပ်လျက် နဖူးပြင်ပေါ်တင်ကာ ...

"ကျွန်တော်မ၏ ခင်ပွန်းသည် ကျန်းမာရေးအတွက် ဆေးဝါးကုသနိုင်ရန် ငွေကျပ်သိန်းနှစ်ဆယ် လိုအပ်နေပါသည်။ ချီးမြှင့် မ,စ တော်မူပါအရှင်"

ဟု ဆုတောင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကောင်းမှာ ပြုးချင်ချင်ဖြစ်သွား၏။

"မင်းက ဘယ်သူ့ဆီ တောင်းတာလဲကွ"

"ဘယ်သူ့ဆီ တောင်းရမှန်းမသိတော့ ဒီလိုပဲ ရမ်းသန်းပြီး အရှင် ... ခေါ်လိုက်ရတာပဲလေ။ ရှင်က ပြောမှမထားပဲ"

"အေး ... ကိုယ်ကိုယ်တိုင်ကလည်း သိမှမသိပဲကိုး။ မင်းက လည်း လောဘကြီးလွန်းလိုက်တာကွာ။ သိန်းနှစ်ဆယ်ကြီးများတောင် တောင်းရသတဲ့လားကွ".

"အို ... ကိုဘကောင်းနှယ်၊ အလကားရမယ့်ဥစ္စာကိုတောင်မှ ရှင်က လျှော့ဈေးလုပ်ချင်နေသေးသလား ... ဟွန့်"

ဒေါ်မြမှုက မျက်စောင်းထိုးသည်။

"ကဲ ... ဆုတောင်းပြီပြီ။ ဘာဆက်လုပ်ရဦးမလဲ"

ဟု ဒေါ်မြမှု မေးသည်။

ဦးဘကောင်းက အေးစက်စက်ပင်ဖြေသည်။

"ဘာမှ မလုပ်ရတော့ဘူး။ ပေးလာမယ့်အချိန်ကို ထိုင်စောင့်ရုံပါပဲ"

# [ ၃ ]

❑

အလွန်အံ့ဩစရာ ကောင်းသည်။

စောင့်ရသည့်အချိန်သည် များစွာမကြာလှ။ ထိုနေ့ ညနေစောင်းတွင်ပင် ငွေကျပ် သိန်းနှစ်ဆယ်သည် အိမ်ပေါ်သို့ ဆိုက်ဆိုက် မြိုက်မြိုက်ကြီး ရောက်လာခဲ့လေသည်။

အဖိုးတန် မှန်ကားလေးတစ်စင်းသည် အိမ်ရှေ့တွင် ငြိမ့်ငြိမ့် ကလေး ထိုးရပ်လာ၏။ ကားထဲမှ သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသော သက်လတ်ပိုင်းအရွယ်လူတစ်ယောက် ဆင်းလာသည်။ ထိုလူ၏ နောက်၌ လက်ဆွဲအိတ်တစ်လုံးကို လက်တွင်ဆွဲလျက် လူငယ်တစ်ဦး လိုက်ပါလာ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဦးဘကောင်း၊ ဒေါ်မြမှုတို့အိမ် ဟုတ်ပါတယ်နော်"

ဟု ရှေ့ဆောင်လာသူက ဦးညွတ်လျက်မေးသည်။

"ဟုတ်ပါတယ် ... လာကြပါ၊ ထိုင်ကြပါဗျာ"

ဦးဘကောင်း ဧည့်ခန်းကုလားထိုင်များဆီသို့ ဦးဆောင်ခေါ်လာခဲ့သည်။

ဧည့်ခန်းတွင်ထိုင်မိကြသောအခါ ဧည့်သည်လူရွယ်က လက်ဆွဲအိတ်ကို စားပွဲပေါ်တွင်တင်ထားသည်။ သူသည် ဦးဘကောင်းနှင့် ဒေါ်မြမှုတို့၏ မျက်နှာများကို တစ်လှည့်စီကြည့်သည်။ ထို့နောက် တိုးသဲ့သဲ့မျှသာ အသံကိုထွက်စေလျက် ...

"မောင်မိုးကောင်းရဲ့ မိဘတွေပေါ့နော်"

"မှန်ပါတယ်။ ဒီက ..."

ဦးဘကောင်းက ဆက်၍မေးမည် ပြုစဉ်မှာပင် ဧည့်သည်က သူ့ကိုယ်သူ မိတ်ဆက်သည်။

"ကျွန်တော် ရွှေကြယ်လင်း စက်မှုကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာ စိုးမြင့်ထွန်းပါ။ ခု ကျွန်တော်လာတဲ့ကိစ္စက ..."

ဧည့်သည်သည် စကားကိုရပ်ကာ လက်ဆွဲအိတ်ဇစ်ကို ဆွဲဖွင့်လိုက်၏။ အိတ်အတွင်းမှအထုပ်များကို နှိုက်ထုတ်ယူပြီး စားပွဲပေါ်တွင် စီနေသည်။

ဦးဘကောင်းနှင့် ဒေါ်မြမှုတို့သည် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေမိလိုက်ကြ၏။ သူတို့ရှေ့စားပွဲပေါ်တွင် ငွေစက္ကူတစ်ထောင်တန်အုပ်များ အထုပ်လိုက်တန်းစီလျက် ...။

"အားလုံး ငွေကျပ် သိန်းနှစ်ဆယ်ပါခင်ဗျာ"

---





ဧည့်သည်က ပြောသည်။

ဦးဘကောင်း၏ နှုတ်ခမ်းများသည် တဆတ်ဆတ်တုန်လျက် လည်ချောင်းထဲမှ အသံထွက်နိုင်ရန် မနည်းအားစိုက်နေရလေသည်။

"ဒီ ... ဒီ ... ဒီ ... ငွေ ... ငွေတွေ ... က ..."

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန်တော် ရှင်းပြပါ့မယ်"

ဧည့်သည်သည် ဦးဘကောင်းကိုတစ်လှည့် ဒေါ်မြမှုကိုတစ်လှည့် အတန်ကြာအောင် စိုက်ကြည့်နေပြန်သည်။ ထို့နောက်မှ ... လည်ချောင်းကို တစ်ချက်ရှင်းလိုက်ပြီးလျှင် ...

"ဒီငွေကျပ် သိန်းနှစ်ဆယ်ဟာ ကျွန်တော်တို့ကုမ္ပဏီက ဦးနဲ့ဒေါ်ဒေါ်တို့ကို စာနာမှု အထောက်အပံ့ပေးတဲ့ငွေ ဖြစ်ပါတယ်။ ဦးတို့ ဒေါ်ဒေါ်တို့ရဲ့သား မောင်မိုးကောင်းဟာ ဒီနေ့လယ်က စက်ရုံအတွင်း အရာရှိနဲ့အတူ လိုက်ပါစစ်ဆေးနေစဉ် မတော်တဆထိခိုက်မိပြီး ကွယ်လွန်သွားခဲ့ရပါတယ်"

"အို ..."

"အို ... ဘုရား ... ဘုရား ... ဘုရား ..."

ဦးဘကောင်း၏ရင်ညွန့်တွင် ရူးခနဲနာကျင်ကာ ရင်တစ်ပြင်လုံး တင်းကြပ်သွားသည်။ မျက်လုံးအစုံ ပြာဝေသွား၏။ အသက်ရှူ၍မဝတော့။ ဦးခေါင်းသည် နောက်သို့ လန်ကျသွားသည်။

"ကိုဘကောင်း ... ကိုဘကောင်း ..."

ဒေါ်မြမှု၏အသံကို အဝေးမှလာသောအသံနှယ် တိုးတိုးတိမ်တိမ်ကလေးသာ ကြားသည်။ နဖူးပြင်နှင့် လည်ပင်းတွင် ချွေးသီးချွေးပေါက်ကြီးတွေ စို့ထွက်လာ၏။ စကားပြောရန် အားယူသည်။ သို့သော် အသံထွက်၍မရတော့။

---



www.burmeseclassic.com

www.burmeseclassic.com



နားထဲတွင် ရသေ့ကြီး ဦးဒေဝ၏ စကားသံများကို ပီပီသသ ကြီး ကြားယောင်လာနေသည်။

''တောင်းတဲ့ဆုနဲ့ ပြည့်တယ်ဆိုပေမဲ့ တစ်ခုခုတော့ ထိုက်ရာ တန်ရာ ပြန်ပေးရတယ်။ လောကမှာ အလကားရတဲ့အရာ ဘာမှမရှိ ဘူး။ ရယူခြင်းနဲ့ ပေးဆပ်ခြင်း သဘောတရားကို နှိုင်းချိန်စဉ်းစားပြီး မလိုအပ်ရင် အသုံးမချနဲ့''

**အောင်သာမိုး**



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

ကျွန်တော့်မိခင် ကွယ်လွန်သွားခဲ့သည်မှာ ဆယ်နှစ်ရှိပါပြီ။ သို့သော် မေမေသည် ကျွန်တော့်ဘေးတွင် အမြဲရှိနေသည်။ ကျွန်တော့် ဘဝအတွက် လိုအပ်သမျှကို မေမေက လမ်းညွှန်ပေးနေပါသည်။

သည်လိုပြောလိုက်လို့ ကျွန်တော့်အမေဟာ မကျွတ်မလွတ်ပဲ ကျွန်တော့်ဘေးမှာရှိနေတယ်လို့ မထင်စေလိုပါ။ မေမေ့ကို နာနာဘာဝအဖြစ်နဲ့ ရှိနေလိမ့်မယ်လို့တော့ ကျွန်တော်တို့မောင်နှမက မယုံကြည်ပါ။

မည်သို့ပင်ဖြစ်စေ . . . မိသားစုနှင့်ပတ်သက်သော အရေးကိစ္စရှိတိုင်း မေမေသည် ကျွန်တော့်ကိုအိပ်မက်ပေးပြီး ပြောပြတတ်သည်။ ညွှန်ကြားတတ်ပါသည်။





ကျွန်တော်ကတော့ ဒါဟာ မေမေ့ခန္ဓာကိုယ်က အပိုင်းအစတစ်ခုကို ကျွန်တော့်ကိုယ်နှင့်မကွာ ဆောင်ထားသောကြောင့်ဟု ယူဆမိပါသည်။

မေမေမသေခင်က အပေါ်သွားထဲမှ အံသွားတစ်ချောင်း ကျိုးသွားခဲ့ပါသည်။ မေမေက သူ့ရဲ့အံသွားလေးကို ဆေးကြောသန့်စင်ပြီး–

"ရော့ . . . သား၊ မေမေ့အံသွားလေးကို ဆောင်ထား။ မိခင်ရဲ့ ကိုယ်နဲ့မကွာထားတဲ့ပစ္စည်းကို ဆောင်ထားရင် အန္တရာယ်ကင်းတယ်။ ရှေ့တန်းသွားတဲ့ စစ်သည်တွေ၊ သင်္ဘောလိုက်တဲ့ သင်္ဘောသားတွေ အန္တရာယ်ကင်းအောင် အမေ့ထမီစကိုဆောင်ပြီးသွားကြတာ ကြားဖူးတယ်မဟုတ်လား။ သွားဆိုတာက ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတစ်ခုဆိုတော့ ပိုကောင်းတာပေါ့ကွယ်"

ကျွန်တော်ကလည်း မေမေ့အံသွားလေးကို အားရဝမ်းသာလက်ခံကာ ကိုယ်နှင့်မကွာ သိမ်းထားခဲ့ပါသည်။ မေမေကွယ်လွန်ပြီးနောက်မှာတော့ အံသွားလေးကို ပလတ်စတစ်အိတ်နှင့် လုံခြုံစွာထည့်ပြီး အင်္ကျီအိတ်ကပ်ထဲထည့်၍ သွားလေရာ ဆောင်သွားခဲ့သည်။ အဆောင်လက်ဖွဲ့လိုဖြစ်နေသော မေမေ့သွားလေးကြောင့် မေမေက ကျွန်တော့်ကို အိပ်မက်ပေးနေသလား မသိပါ။

မေမေကွယ်လွန်ပြီးသော်လည်း အိပ်မက်ထဲမှာ မေမေ့ကို မကြာခဏ တွေ့ရပါသည်။

ထူးခြားတာက မိသားစုကိစ္စမျိုးနှင့်ပတ်သက်ပြီး အခက်အခဲတစ်စုံတစ်ခုကြုံလျှင် မေမေက ပြဿနာဖြေရှင်းနည်းကို အိပ်မက်ထဲတွင် လာပြောပြတတ်ခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

မှတ်မှတ်ရရ . . . မန္တလေးက ကျွန်တော်တို့အိမ်ကြီးကိုရောင်းဖို့ အခက်ကြုံနေရစဉ်အချိန်က . . .

ကျွန်တော်တို့တွင် မောင်နှမနှစ်ယောက်တည်းရှိရာ မမကြီးက ယခုအချိန်တွင် စက်ာပူမှာ နေထိုင်လျှက်ရှိပါသည်။ မမကြီး၏ တစ်ဦးတည်းသောသမီးမှာ စက်ာပူတွင်အလုပ်သွားလုပ်ရာမှ ဟိုမှာပဲ အိမ်ထောင်ကျကာ အိမ်ခန်းပိုင်နှင့်ဖြစ်နေပြီ။ မမကြီး၏ခင်ပွန်းမှာလည်း လွန်ခဲ့သောၤနှစ်က ကွယ်လွန်သွားခဲ့ပြီ။ သို့နှင့် မမကြီးသည် သမီးရှိရာ စက်ာပူတွင် လိုက်နေခြင်း ဖြစ်ပါသည်။





မမကြီးနဲ့ကျွန်တော် အသက် ၇ နှစ်ကွာသည်။ ကြားထဲတွင် ယောကျ်ားလေးတစ်ယောက် ရှိသေးသော်လည်း ထိုကျွန်တော့်အစ်ကိုမှာ အသက် ၅ နှစ်လောက်ကပင် ကွယ်လွန်သွား၍ ကျွန်တော်တို့ မောင်နှမနှစ်ယောက်တည်း ကျန်ပါသည်။

လက်ရှိတွင် ကျွန်တော်ကလည်း ရန်ကုန်မှာသာ အခြေချနေထိုင်တော့မည်မို့ ဖာတိမန္တလေးက ကျွန်တော်တို့အိမ်ကြီးမှာ အပိုဖြစ်နေသည်။ အိမ်ငှားချထားသော်လည်း ကြာလျှင် အရှုပ်အရှင်းဖြစ်လာတတ်သည်မို့ အပြီးအပြတ်ရောင်းပစ်ဖို့ မောင်နှမနှစ်ယောက်သဘောတူခဲ့ကြသည်။

အိမ်ရောင်းရန်အတွက် မမကြီး စက်ာပူကပြန်လာသည်တွင် ကျွန်တော်တို့မောင်နှမနှစ်ယောက် မန္တလေးပြန်ခဲ့ကြသည်။ ငယ်စဉ်က နေခဲ့တဲ့အိမ်ကြီးကို ပြန်ရောက်ကြပြီး အိမ်ကိုရောင်းဖို့ စကားပြောဆိုပြီးမှ အိမ်ဂရံကိုရှာရာ ရှာလို့မတွေ့ပဲဖြစ်နေသည်။

အိမ်ဂရံမရှိပဲ အိမ်ရောင်းဖို့ မဖြစ်နိုင်ပါ။

မောင်နှမနှစ်ယောက်သား အိမ်ဂရံကို ဒေါင်းတောက်အောင် ရှာကြသည်။ အိမ်ကိုအငှားချထားရာ ကျွန်တော်တို့ပိုင်ပစ္စည်းများကို ကားဂိုဒေါင်အပေါ်ထပ်တွင် စုစည်း၍ သိမ်းထားခဲ့သည်။ ပစ္စည်းတွေအားလုံး တစ်ခုမကျန် လှန်လှောရှာသော်လည်း အိမ်ဂရံကိုမတွေ့ရပါ။ တစ်ပတ်ပင် ကြာသွားခဲ့ပါပြီ။

မမလည်း စက်ာပူပြန်ဖို့ ရက်နီးလာပြီ။ ကျွန်တော့်အလုပ်တွေကလည်း ကြာရှည်ပစ်ထားလို့မရလို့ ရန်ကုန်ပြန်ရပါတော့မည်။

အိမ်ရောင်းဖို့ ကြန့်ကြာတော့မည်တွေးကာ မောင်နှမနှစ်ယောက် စိတ်ညစ်နေခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညတွင် ကျွန်တော့်အိပ်မက်ထဲသို့ မေမေရောက်လာပါသည်။ မေမေက ကားဂိုဒေါင်အပေါ်ထပ် စတိုခန်းထဲသို့ ကျွန်တော့်ကို လက်ဆွဲခေါ်သွားသည်။

အဆင့်လေးဆင့်ပါ အဝတ်ထည့်သည့် ကျွန်းဘီရိုကြီးကို ပြကာ . . .

"ဘီရိုအံဆွဲမှာ အံဝှက်ပါတယ်။ အဲဒီထဲမှာရှာ"

ဟု ပြောသွားပါသည်။

ကျွန်တော်က မနက်တွင် အိပ်မက်ကို မမကြီးအားပြောပြကာ မောင်နှမနှစ်ယောက်သား ကားဂိုဒေါင်ပေါ် တစ်ခေါက်ပြန်တက်၍ မေမေပြသော ဘီရိုကြီးကို ကြည့်ကြပါသည်။ အံဆွဲနှစ်ခုပါ၍ အံဆွဲများကို အပြင်ဆွဲထုတ်ကြည့်ရာ တစ်ခုသောအံဆွဲအိမ်မှာ ရှိသင့်သည်ထက် နိမ့်နေသည်ကိုတွေ့ရ၏။ အပြင်ပန်းအမြင်အရ အံဆွဲသည် လေးလက်မခွဲ အနက်ရှိရမည်ဖြစ်သည်။ ယခု သုံးလက်မလောက်ပင်နက်ပါသည်။ သစ်သားစအပိုတစ်ခုခံ၍ အံဝှက်ပြုလုပ်ထားကြောင်းကို သည်တော့မှ သိရပါတော့သည်။

ကျွန်တော်က အံဆွဲအောက်မှ သုံးထပ်သားပြားကို ခွာချလိုက်ရာ တစ်လက်မကျော်ကျော်ထုသော အံဝှက်ကို တွေ့လိုက်ရလေသည်။ ထိုအထဲတွင် ကျွန်တော်တို့ရှာနေသော အိမ်ဂရံသာမက မေမေငယ်ငယ်က ဝတ်ဆင်ခဲ့သော ဘယက်နှင့် ပတ္တမြားလည်ဆွဲကိုပါ အထုပ်ကလေးတစ်ထုပ် သီးသန့်ထုတ်ထားသည်ကို တွေ့ခဲ့ရပါသည်။ ထိုပစ္စည်းများမှာ ကျွန်တော်တို့မေ့လျော့နေသော ပစ္စည်းများဖြစ်သည်။

ကံကောင်းထောက်မစွာဖြင့် အိမ်ဂရံကိုသာမက မေမေဝှက်ထားခဲ့သော အဖိုးတန်ပစ္စည်းများကို မေမေပေးသောအိပ်မက်ကြောင့်





ပြန်ရလိုက်ခြင်းပင်ဖြစ်ပါသည်။

ကျွန်တော်တို့သည် အိမ်ထောင်ပရိဘောဂ အဟောင်းများကို မသယ်နိုင်သည့်အတူ အချို့ကို အိမ်နှင့်အတူထားခဲ့ပြီး အချို့ကို ခင်မင်သူများအားပေးပစ်ခဲ့ရန် ဆုံးဖြတ်ပြီးဖြစ်ပါ၏။ မေမေ့အိပ်မက်ကြောင့်သာ မေမေ့လက်ဝတ်ရတနာများကို ရလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့အိမ်ရောင်းပြီး ရန်ကုန်ပြန်ခါနီးတော့ မမကြီး၏ ငယ်သူငယ်ချင်းများ မမကြီးကို လာနှုတ်ဆက်ကြပါသည်။ ထိုအထဲတွင် မမကြီးသူငယ်ချင်းမဟုတ်သော မနှင်းယုဆိုသူပါလာသည်။ အမှန်တော့ မနှင်းယုသည် မမကြီးတို့ထက် သုံးလေးနှစ်ပိုငယ်သော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြရင်း မနှင်းယုက မမကြီးကိုဖက်ငိုတာ တွေ့ရသည်။ မမကြီးလည်း မျက်ရည်ကျသည်။

ကျွန်တော်က ခပ်လှမ်းလှမ်းမှာရှိနေ၍ သူတို့ဘာပြောတယ်ဆိုတာတော့ အတိအကျမသိပါ။ သို့သော် မနှင်းယုသည် မမကြီးနှင့်သူ့အစ်ကို ကိုခင်မောင်ထွေးအကြောင်းပြောကာ ငိုယိုနေခြင်းပဲဖြစ်ပါလိမ့်မည်။

မမကြီးတွင် ငယ်ဇာတ်လမ်းတစ်ပုဒ် ရှိခဲ့ဖူးသည်။ အသက်ချင်းကွာသောကြောင့် မမကြီးဇာတ်လမ်းကို ကျွန်တော်အတိအကျ မသိသော်လည်း အဖြစ်အပျက်ကိုတော့ သိထားသည်။

မမကြီးတွင် ဆယ်တန်းကျောင်းသူဘဝကတည်းက ချစ်ကျွမ်းဝင်ခဲ့သော ချစ်သူရှိခဲ့ဖူးပါသည်။ မနှင်းယု၏အစ်ကို ကိုခင်မောင်ထွေးပဲဖြစ်ပါ၏။ ကိုခင်မောင်ထွေးနှင့် မမကြီးတို့ ဘွဲ့ရပြီးချိန်အတူတွဲနေကြဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်မောင်ထွေးကို ကျွန်တော် မှတ်မိပါသည်။ မမကြီးက ကိုခင်မောင်ထွေးနှင့် အတူတွဲ၍လည်ပတ်တိုင်း ကျွန်တော့်ကို ခေါ်သွားတတ်သည်။ မမကြီးကို တက္ကသိုလ်တက်စနှစ်များက ကျွန်တော်သည် မူလတန်းကျောင်းသားအရွယ်မျှသာ ရှိသေးသည်။ မမကြီးနှင့်ပါလာတတ်သော ကျွန်တော့်ကို ကိုခင်မောင်ထွေးက မုန့်များဝယ်ကျွေးတတ်၍ ကိုခင်မောင်ထွေးကို ကျွန်တော် ခင်လည်းခင်ပြီး မှတ်မိနေပါသည်။

မမကြီးနှင့် ကိုခင်မောင်ထွေးတို့ အချစ်ရေးတွင် မည်သည့် အနှောက်အယှက်မျှမရှိခဲ့ပါ။ မေမေကလည်း သဘောတူခဲ့ပါသည်။

မမကြီးနှင့် ကိုခင်မောင်ထွေး မပေါင်းသင်းဖြစ်ခဲ့ခြင်းမှာ ကံကြမ္မာကြောင့်သာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကိုခင်မောင်ထွေး၏ တစ်ဖက်စွန်းရောက်သော ခံယူချက်များ၊ လမ်းမှားသော အယူသီးမှုများကြောင့်ပင် ဖြစ်ပါ၏။

မမကြီးနှင့် ကိုခင်မောင်ထွေးတို့ ခွဲခွာဖြစ်ကြသော အဖြစ်အပျက်ဖြစ်ပေါ်ချိန်က ကျွန်တော်သည် ဆယ်တန်းကို ပြင်ဦးလွင်တွင် ကျောင်းအိပ်ကျောင်းစား ပေးခဲ့သွားနေသဖြင့် အသေးစိတ် မသိခဲ့ပါ။

ကိုခင်မောင်ထွေးသည် ကျွန်တော်ပြင်ဦးလွင်တွင် ကျောင်းတက်နေသည့်နှစ်မှာပင် ခံယူချက်၊ ယုံကြည်ချက်များလွဲမှားကာ တောခိုသွားခဲ့သည်။ သွေးထိုးသူများရှိ၍ လမ်းမှားလိုက်မိကာ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်သွားခဲ့ခြင်းဖြစ်ပါသည်။

ကျောင်းပိတ်ရက် ပြင်ဦးလွင်မှခေတ္တခဏ ပြန်အလာတွင် ထိုသတင်းကို ကျွန်တော်ကြားသိခဲ့ရခြင်းဖြစ်ပါသည်။ မမကြီးတို့အချစ်ရေးသည် နှစ်ဦးနှစ်ဖက် မိဘများကပါ သဘောတူထားပြီး ပြေလည်ခဲ့ကြ





ပါလျက် ကိုခင်မောင်ထွေး လမ်းမှားလိုက်မိသည့်အတွက် ကွဲကွာကြရခြင်းဖြစ်ပါသည်။ မမကြီးမျက်နှာ ညှိုးနွမ်းနေတာကို သတိထားမိသည်။

နောက်တော့ ကိုခင်မောင်ထွေး နယ်စပ်မှာကွယ်လွန်သွားကြောင်း သတင်းရခဲ့သည်။

မနှင်းယုသည် မမကြီးနှင့် ရှေးဟောင်းနှောင်းဖြစ်များကိုပြောကာ ငိုယိုနေခြင်းပဲ ဖြစ်ပါလိမ့်မည်။

ကျွန်တော်ရန်ကုန်မှာ တက္ကသိုလ်ဆက်တက်တော့ မေမေနှင့် မမကြီးက မန္တလေးအိမ်ကြီးကို အငှားထားခဲ့ကာ ရန်ကုန်မှာ တိုက်ခန်းတစ်ခန်းဝယ်ပြီး ပြောင်းရွှေ့နေခဲ့ကြသည်။ မန္တလေးမှာနေလျှင် မမကြီးအတွက် ကိုခင်မောင်ထွေးကို သတိရစရာများဖြစ်နေမည်စိုး၍ မေမေစီစဉ်ခဲ့သော အစီအစဉ်လို့ပင် ကျွန်တော်သဘောပေါက်ခဲ့ပါသည်။

ကျွန်တော်တို့မိသားစု မန္တလေးမှခွာခဲ့သည့်မှာ ကျွန်တော် တက္ကသိုလ်စတက်သည့် နှစ်ကတည်းကဖြစ်၍ အတော်ကြာပါပြီ။ မမကြီးလည်း ရန်ကုန်သားနှင့်ပင် အိမ်ထောင်ကျခဲ့ပြီး မန္တလေးပြန်မရောက်တော့သည်မှာ ယခုတိုင် ဖြစ်ပါ၏။ မမကြီးသူငယ်ချင်းများက မတွေ့တာကြာပြီဖြစ်သော မမကြီးကို လူစုကာ လာတွေ့နှုတ်ဆက်ကြခြင်းဖြစ်သည်။

မနှင်းယုပါ ပါလာပြီး ရှေးဟောင်းနှောင်းဖြစ်များပြောရာမှ မနှင်းယုနှင့်မမကြီး ငိုယိုနေကြသည်တွင် ကျန်သူငယ်ချင်းများလည်း မျက်နှာမကောင်းကြပေ။

မန္တလေးမှအိမ်ကို အပြီးရောင်းပြီးပြီဖြစ်၍ ကျွန်တော်တို့သည် မန္တလေးနှင့် ထာဝရ ခွဲခွာရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



စက်ာပူမှာနေသော မမကြီးကလည်း ပြန်မလာနိုင်တော့သလို၊ ရန်ကုန်မှာ လုပ်ငန်းတွေအခြေချထားသော ကျွန်တော်သည်လည်း ခေတ္တခဏ အလည်အပတ်မှလွဲ၍ မန္တလေးကို ရောက်တော့မည်မဟုတ်ပါ။

အိမ်ရောင်းရာတွင် ပျောက်ဆုံးနေသောဂရုကို ပြန်တွေ့ရခြင်းမှာ မေမေပေးသော အိပ်မက်ကြောင့်ပင်ဖြစ်ပါ၏။

# [ ၃ ]

ကျွန်တော့်ဘဝတွင် ထိုအဖြစ်အပျက်သာမက မေမေပေးသော အိပ်မက်များကြောင့် ဘေးအန္တရာယ်မှ လွတ်ကင်းခြင်း၊ ဇဝေဇဝါဖြစ်နေသည့်ကိစ္စများကို ဆုံးဖြတ်နိုင်ခြင်း၊ စီးပွားဖြစ်ခြင်းများ အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရပါသည်။

တစ်ခါက မြစ်ဝကျွန်းပေါ်မြို့တစ်မြို့မှ ရေထွက်ပစ္စည်းများကို ဝယ်ယူပြီး ရန်ကုန်သို့တင်ဆောင်ရန်အတွက် ထိုမြို့သို့ ကျွန်တော်သွားခဲ့သည်။ သဘော်ဖြင့် ပစ္စည်းတင်ပို့ရန် စီစဉ်ပြီးပါမှ မတင်မီတစ်ညတွင် မေမေကအိပ်မက်ပေးပြီး ပစ္စည်းတွေ ထိုသဘော်နဲ့မတင်ဖို့ ပြောပါသည်။ ကျွန်တော်လည်း အစီအစဉ်ကိုဖျက်လိုက်၏။ သဘော်ပိုင်ရှင်နှင့် အခြေအတင်စကား ပြောလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အိပ်မက်ကြောင့် စီးပွားရေးလုပ်ငန်းတစ်ခုအတွက် စီစဉ်ထားပြီးသားကိစ္စကို ဖျက်လိုက်ရသည်မှာ အတော်ကြောင်သော လုပ်ရပ်တစ်ခုဖြစ်ပါသည်။ မေမေပေးသည့် အိပ်မက်ပေါ်မှာ ယုံကြည်ချက်လွန်ကဲကာ အိပ်မက်ထဲက မေမေ့စကားကို လိုက်နာခဲ့ခြင်းပင် ဖြစ်ပါ၏။

ကျွန်တော် ပစ္စည်းမတင်ဖြစ်လိုက်သော သင်္ဘောသည် လမ်းခရီးမှာပင် တိမ်းမှောက်နစ်မြုပ်သွားခဲ့ပါသည်။ ကုန်စည်များကိုသာ တင်ဖြစ်ခဲ့ပါက ကျွန်တော့်အတွက် သိန်းပေါင်းများစွာ နစ်နာဆုံးရှုံးရမည်ဖြစ်၏။ မေမေသည် အိပ်မက်ပေး၍ ကျွန်တော့်ကိုစောင့်ရှောက်နေသည်ဟု ကျွန်တော်ယုံကြည်နေသည်မှာ မလွန်ဘူးမဟုတ်လား။

ကျွန်တော့်ဘဝတစ်လျှောက်မှာ အသေးအဖွဲ့ကအစ ထိုနည်းဖြင့် မေမေအိပ်မက်ပေး လမ်းညွှန်ခဲ့သောကိစ္စပေါင်း များစွာရှိပါသည်။ ကျွန်တော်ကတော့ ကျွန်တော်ဆောင်ထားသော မေမေ့အံ့သွားလေးကြောင့်ဟုပင် ယုံကြည်နေမိပါ၏။

[ ၄ ]

မေမေ့ကို အိပ်မက်ထဲမှာ မတွေ့ရတာကြာပြီ။

ယခုတစ်ခါမက်သော အိပ်မက်ကတော့ နည်းနည်းဆန်းနေပါသည်။

အိပ်မက်ထဲတွင် မေမေက ကျွန်တော့်ကိုပြောသည်။

"သား ... မင်းမမကြီးကို မောင်ထွန်းဆီပို့ပေးလိုက်"

အိပ်ရာကနိုးတော့ မေမေပြောသွားတဲ့စကားကို ကျွန်တော် ပြန်စဉ်းစားနေမိသည်။

'မောင်ထွန်းဆီ ပို့ပေးလိုက်' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းဆိုသည်မှာ မလှိုင်မြို့မှာနေသော ဦးထွန်းမြိုင်ကို ဆိုလိုခြင်း ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့က လေးလေးထွန်းဟုခေါ်သော ဦးထွန်းမြိုင်ကို မေမေက 'မောင်ထွန်း'လို့ပဲ ခေါ်သည်။ ဦးထွန်းမြိုင်သည် မေမေ့၏ မောင်တစ်ဝမ်းကွဲ တော်စပ်ပါသည်။ မလှိုင်မြို့တွင် ပွဲရုံလုပ်ငန်းလုပ်သည်။

ငယ်ငယ်ကတော့ မလှိုင်ကို ကျွန်တော်တို့မိသားစု မကြာမကြာ ရောက်သည်။ ရွှေပေါ်ကျွန်းသို့အသွားတွင် မလှိုင်မှာ တစ်ထောက်ဝင်နားပြီးမှ သွားကြခြင်းဖြစ်သည်။ ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက်မှ မရောက်တော့ခြင်းဖြစ်ပါသည်။

မလှိုင်ကို မရောက်ဖြစ်တော့သော်လည်း . . . လေးလေးထွန်းတို့နဲ့တော့ အဆက်အသွယ်မပြတ်ပါ။ ကျွန်တော်တို့ ရန်ကုန်ပြောင်းနေပြီးနောက်ပိုင်းတွင်လည်း လေးလေးထွန်းနှင့် ဒေါ်လေးမြင့်တို့လင်မယားရန်ကုန်ရောက်လာတတ်သည်။ ကျွန်တော်ဘွဲ့ယူစဉ်ကတစ်ခါ၊ မင်္ဂလာဆောင်စဉ်ကတစ်ခါ၊ မမကြီး စင်္ကာပူပြောင်းတော့မည်ဆိုတော့ နှုတ်ဆက်ဖို့တစ်ခါ ရောက်လာကြ၏။

မန္တလေးအိမ်ကြီးကို ရောင်းစဉ်တုန်းကလည်း လေးလေးထွန်းတစ်ယောက်တည်း ရောက်လာပြီး လိုအပ်တာတွေကူညီ၍ လာနှုတ်ဆက်သွားသေးသည်။

လေးလေးထွန်းနှင့် ဒေါ်လေးမြင့်မှာ သားသမီးမထွန်းကား၍ ကျွန်တော်တို့မောင်နှမကိုပဲ သားသမီးလို ချစ်ခင်နေခြင်းဖြစ်သည်။

မေမေ့အိပ်မက်က သည်တစ်ခါ နည်းနည်းဆန်းနေသည်။ မမကြီးကို လေးလေးထွန်းဆီခေါ်သွားဖို့ ဘာလို့ပြောရတာပါလိမ့်။ လေးလေးထွန်းများ ကျန်းမာရေးမကောင်းဖြစ်နေလို့လား။

---

**စိတ်ကူးသစ်စာပေ**



မေမေပေးတဲ့အိပ်မက်မို့ ကျွန်တော့်မှာ ပေါ့ပေါ့မနေဖြစ်ပဲ အိပ်မက်အကြောင်းကို မမကြီးဆီ ဖုန်းလှမ်းဆက်၍ ပြောပြလိုက်သည်။ မမကြီးလည်း အံ့ဩနေပါ၏။

"ဘာပဲဖြစ်ဖြစ် အကြောင်းတစ်ခုခုရှိလို့ ဖြစ်မှာပေါ့မောင်လေးရယ်။ မမလည်း မြန်မာပြည်တစ်ခေါက် ပြန်လာပါဦးမယ်။ တို့မောင်နှမ မလှိုင်ကို သွားကြတာပေါ့"

မမကြီး မြန်မာပြည်ပြန်လာမယ်ပြောသော်လည်း ချက်ချင်းတော့ ရောက်မလာခဲ့ပါ။ သုံးလမျှကြာသွားသည်။

မေမေက တစ်ခါထပ်၍ အိပ်မက်ပေးပြန်သည်။

အိပ်မက်ထဲမှာ မေမေ့မျက်နှာက ညှိုးနွမ်းနေသည်။

မေမေက အရင်တစ်ခါစကားကိုပင် ထပ်ပြောသည်။

"သား . . . မင်းမမကြီးကို မောင်ထွန်းဆီပို့ပေးလိုက်"

ထိုသို့ပြောပြီး . . .

"မေမေသွားတော့မယ်။ မမကြီးကို မောင်ထွန်းဆီ ဆက်ဆက်ပို့ပေးလိုက်နော် ငါ့သား"

မေမေက သွားတော့မည်ဟု နှုတ်ဆက်ပြီးမှ . . . 'မမကြီးကို မောင်ထွန်းဆီ ဆက်ဆက်ပို့ပေးလိုက်' ဆိုသည့်စကားကို ထပ်ပြောလိုက်ခြင်းဖြစ်သည်။

အိပ်မက်ထဲမှာ ဘာကြောင့် နှုတ်ဆက်စကားဆိုရတာလဲ။

ကျွန်တော်က မေမေနောက်တစ်ခါ အိပ်မက်ထပ်ပေးပြီး လေးလေးထွန်းဆီသွားဖို့ ပြောတဲ့အကြောင်း မမကြီးဆီ ဖုန်းဆက်ပြောရပြန်သည်။

သည်တစ်ခါတော့ မမကြီး အမြန်ရောက်လာပါသည်။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့အိပ်မက်က တစ်ခုခုတော့ တစ်ခုခုပဲလို့ မမကြီးထင်တယ်"

"ဒါဖြင့် ကျွန်တော်တို့ မလှိုင်ကို သွားကြတာပေါ့မမကြီး။ လေးလေးထွန်းဆီ ကျွန်တော်တို့လာမယ့်အကြောင်း ဖုန်းကြိုဆက်ထားဦးမှ"

"မဆက်နဲ့ မောင်လေး"

"ဘာဖြစ်လို့လဲ မမကြီး"

"မမကြီးစိတ်ထဲမှာ တစ်မျိုးပဲ။ တို့မောင်နှမ လာမယ်မှန်းသိရင် လေးလေးထွန်းက တစ်ခုခု ကြိုတင်ပြင်ဆင်ထားလိမ့်မယ်"

"ဗျာ ..."

"မေမေအိပ်မက်ပေးတာ လျှို့ဝှက်ချက်တစ်ခုခုရှိလို့ပဲလို့ မမကြီးထင်တယ်။ မမကြီးတို့လာမှာကို လေးလေးထွန်းတို့ ကြိုမသိစေချင်ဘူး"

မမကြီးစကားကို ကျွန်တော်နားမလည်ပါ။ သို့သော် မမကြီးဆန္ဒအတိုင်း လေးလေးထွန်းတို့ကို ကြိုအကြောင်းမကြားဖြစ်တော့ပေ။

"လျှို့ဝှက်ချက်တစ်ခုခုဆိုတာ ဘာကိုပြောတာလဲ မမကြီး"

"မသိပါဘူး မောင်လေးရယ်။ မမကြီးစိတ်ထဲမှာ ထင်မိတာကို ပြောတာပါ"

[ ၅ ]

သို့ဖြင့် ... ကျွန်တော်တို့မောင်နှမ လေးလေးထွန်းတို့ကို ကြိုပြောမထားပဲ မလှိုင်သို့ ထွက်လာခဲ့ကြပါသည်။

ကိုယ်ပိုင်ကားနှင့် သွားခြင်းဖြစ်သောကြောင့် မလှိုင်ကို မနက် ၈ နာရီလောက်မှာ ရောက်သွားပါသည်။

ကျွန်တော်တို့မောင်နှမကို မြင်သည်နှင့် လေးလေးထွန်းနှင့် ဒေါ်လေးမြင့်က အံ့သြဝမ်းသာ ကြိုဆိုကြပါသည်။

"အနွဲ့ ... ဘယ်တုန်းက ပြန်ရောက်နေလဲ။ လာမယ်ဆိုလည်း ကြိုအကြောင်းမကြားပါလားဟဲ့"

"လေးလေးထွန်းတို့ အံ့သြသွားအောင်လို့ပါ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရောက်ရောက်ချင်း ဝမ်းသာအားရဖြစ်နေကြ
သော လေးလေးထွန်းတို့လင်မယားသည် ကျွန်တော်တို့အိမ်ထဲသို့ ရောက်
သည့်အခါ မျက်နှာတစ်မျိုးပြောင်းလဲသွားသည်ဟု ထင်မိပါသည်။

"ဘာလိုလိုနဲ့ နွဲ့လည်း မလှိုင်မရောက်တာတောင် အနှစ် ၂၀
ကျော်သွားပြီနော် ဒေါ်လေးမြင့်။ ဒေါ်လေးမြင့်တို့ မန္တလေးတို့၊ ရန်ကုန်
တို့ လာလာနေလို့သာ တွေ့နေရတာ။ နွဲ့မရောက်တာ ကြာပါရော"

မမကြီးက အသစ်ပြင်ဆောက်ထားသော လေးလေးထွန်းတို့
တိုက်ကြီးကို လှည့်ပတ်ကြည့်ကာ ပြောလိုက်လေသည်။

"အင်း ... ဟုတ်ပါရဲ့"

ဒေါ်လေးမြင့် ပြန်ဖြေသံက စိတ်တက်ကြွမှုမရှိပဲ တစ်ခုခု
အတွက် စိုးရိမ်ကြောင့်ကျနေဟန် ဖြစ်နေသည်ကို ကျွန်တော် သတိ
ထားမိသည်။ မမကြီးကတော့ သတိပြုမိပုံမရပါ။ လေးလေးထွန်းတို့
အနေဖြင့် တူနှင့်တူမကို သူတို့အိမ်လာလည်တာ မကြိုက်စရာ အကြောင်း
မရှိပါ။ ကျွန်တော်တို့မောင်နှမကိုပင် သားသမီးအရင်းလို ချစ်ခင်နေ
သူများ မဟုတ်ပါလား။ ကျွန်တော်ကပင် စိတ်ထင်နေလို့လားမသိ။
လေးလေးထွန်းတို့လင်မယား မူပျက်နေသည်ဟု ထင်မိသည်။ ဒေါ်လေး
မြင့်က ပိုသိသာနေပါသည်။

"အခုလာတာ တခြားကြောင့်မဟုတ်ဘူး ဒေါ်လေးမြင့်ရေ၊
မေမေက မောင်လေးကို အိပ်မက်ပေးပြီးပြောလို့လေ။ အိပ်မက်ထဲမှာ
မေမေက မောင်လေးကို မင်းမမကြီးကို မောင်ထွန်းဆီပို့ပေးလိုက်လို့
ပြောသတဲ့။ အိပ်မက်က နှစ်ခါတောင်မက်တာဆိုတော့ နွဲ့လည်း စက်ာမှု
ကပြန်လာလိုက်တာ"

"ဟင် ..."





လေးလေးထွန်းနှင့် ဒေါ်လေးမြင့်က တစ်ယောက်မျက်နှာတစ်
ယောက် ကြည့်လိုက်ကြသည်။

"မမဌေးက အိပ်မက်ပေးတယ်၊ ဟုတ်လား"

"ဟုတ်တယ် ဒေါ်လေးမြင့်။ မေမေပေးတဲ့အိပ်မက်တွေက
တစ်ခုခု ထူးခြားတတ်တယ်မဟုတ်လား။ ဘာပဲဖြစ်ဖြစ်ပေါ့လေ ...
မရောက်တာကြာတဲ့ ဒေါ်လေးမြင့်တို့ဆီ ရောက်ရတာပေါ့"

"ထိုင်ဦးနော် ... နွဲ့၊ နွဲ့တို့နေဖို့ အပေါ်ထပ်မှာ အခန်းရှင်း
နိုင်းလိုက်ဦးမယ်"

ဒေါ်လေးမြင့်က ပြောရင်း လေးလေးထွန်းကို မျက်ရိပ်ပြလိုက်
သည်။ လင်မယားနှစ်ယောက် အတွင်းဖက်သို့ဝင်သွားကြ၏။

လေးလေးထွန်းနှင့်ဒေါ်လေးမြင့် အမူအရာ ထူးခြားပါတယ်
လို့ထင်နေသော ကျွန်တော်က နောက်ဖေးဝင်သလိုလိုနှင့် မသိမသာ
လိုက်သွားခဲ့ပါသည်။

မီးဖိုခန်းထဲတွင် လင်မယားနှစ်ယောက် အချီအချ စကား
ပြောနေသံကြားရ၍ ကျွန်တော်က အသာရပ်နားထောင်နေလိုက်၏။

"ဘယ့်နှယ်လုပ်ကြမလဲ ကိုထွန်း။ တော်ကြာ ... ဦးဇင်းလေး
ကြွလာတော့မယ်"

"မတတ်နိုင်ဘူး မမြင့်။ ဒါပေမဲ့ စိတ်မပူပါနဲ့။ သူသိချင်မှသိ
မှာပါ"

"အို ... ဘယ့်နှယ် မသိရမှာတုန်း။ ဦးဇင်းလေးရုပ်က ဟို
တစ်ယောက်နဲ့ ချွတ်စွပ်ပဲဆို"

"အေး ... ဦးဇင်းလေးကြွလာတဲ့အချိန် အနွဲ့ကို အပေါ်ထပ်
ခေါ်သွားပေတော့ မမြင့်။ ဦးဇင်းလေးကလည်း ဆွမ်းခံကြွချိန်ပဲ လာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ သူတို့ရှိနေတဲ့ရက်အတွင်း ဦးဇင်းလေးကြွလာတဲ့အချိန်မှာ ဒီလိုပဲ ကြည့်ရှောင်နေရမှာပေါ့''

''ဒါဖြင့် မြန်မြန်လုပ်မှ။ ဦးဇင်းလေးက ဒီအချိန်ဆို ဆွမ်းခံကြွနေကျ''

လေးလေးထွန်းတို့လင်မယား စကားဖြတ်ပြီး မီးဖိုခန်းထဲမှ ထွက်လာသောကြောင့် ကျွန်တော်က အလျင်အမြန်ပင် အပြင်ခန်းသို့ ပြန်လျှောက်လာလိုက်သည်။

လေးလေးထွန်းတို့ ဘာတွေပြောနေကြတာလဲ။ သူတို့သည် ကျွန်တော်တို့မောင်နှမကို တစ်ခုခုတွေ့မြင်သွားမှာ စိုးရိမ်နေဟန်ရှိသည်။ ဘာကိုစိုးရိမ်နေကြတာလဲ။

ဧည့်ခန်းထဲပြန်အရောက်တွင်တော့ နံရံမှာချိတ်ထားသည့် ဓာတ်ပုံများကိုကြည့်နေသော မမကြီးကို တွေ့ရလေသည်။

ကျွန်တော်က မမကြီးနောက်ဖက်ဆီသွားရပ်ပြီး ဓာတ်ပုံများကို ကြည့်လိုက်သည့်အခါ ...

''ဟင် ... ဒီပုံက ဘယ်သူပါလိမ့်''

ကျွန်တော်က မှန်ပေါင်ဖြင့်ချိတ်ထားသော လူငယ်တစ်ယောက်၏ ဓာတ်ပုံကြီးကိုကြည့်ရင်း ရေရွတ်လိုက်သည်။ ဓာတ်ပုံထဲကလူငယ်မှာ ကျွန်တော် သိကျွမ်းရင်းနှီးဖူးသူ တစ်ဦးဦးနှင့် တူနေပါသည်။

ကျွန်တော်အံ့ဩသွားသည်မှာ အခြားကြောင့်မဟုတ်ပါ။ လေးလေးထွန်းတို့တွင် သားသမီးမရှိ။ ဓာတ်ပုံထဲမှလူငယ်မှာ ကျွန်တော်တို့အမျိုးထဲကလည်းမဟုတ်ပေ။ ဧည့်ခန်းနံရံမှာ လေးလေးထွန်းနှင့် ဒေါ်လေးမြင့်တို့ ဓာတ်ပုံကြီးအောက်တွင် ထိုလူငယ်ပုံကို သေချာချိတ်ဆွဲထားသောကြောင့် အံ့ဩသွားခြင်းဖြစ်ပါသည်။





သို့သော် ထိုလူငယ်၏ရုပ်ရည်ကိုမူ ကျွန်တော် ရင်းနှီးကျွမ်းဝင်နေသည်။ မြင်ဖူးသလိုဖြစ်နေသောကြောင့် အံ့ဩတကြီး ရေရွတ်လိုက်မိခြင်း ဖြစ်ပါသည်။

ကျွန်တော့်အသံကြောင့် ဓာတ်ပုံကိုမော့်ကြည့်နေသော မမကြီးက လှည့်ကြည့်လိုက်သည်။

''ဟင် ...''

မမကြီးမျက်လုံးအိမ်တွင် မျက်ရည်စများ မြင်လိုက်ရသောကြောင့် ကျွန်တော် အံ့ဩသွားရပြန်သည်။

''ဒီဓာတ်ပုံထဲကလူ ဘယ်သူနဲ့တူတယ်ဆိုတာ မင်း မမှတ်မိဘူးလား မောင်လေး''

''ဗျာ ...''

''ဟင် ... အန္တီ၊ လာ ... ဟာ ... အပေါ်ထပ်ကိုသွားကြစို့။ အို ...''

ဒေါ်လေးမြင့်က မမကြီးကိုလှမ်းခေါ်လိုက်ပြီးမှ မမကြီးပါးပြင်ပေါ်မှ မျက်ရည်စများကိုအမြင်တွင် အိုးတိုးအန်းတန်း ဖြစ်သွားလေသည်။

''ဒေါ်လေးမြင့် ... ဒါ ... ဒါ ဘယ်သူ့ပုံလဲ လေးလေးထွန်း။ ဒီဓာတ်ပုံထဲကဟာ ဘယ်သူလဲဟင်။ နွဲ့ကိုပြောစမ်းပါ''

လေးလေးထွန်းရော ဒေါ်လေးမြင့်ပါ ကြောင်အ,နေကြသည်။ ဘာမျှပြန်မဖြေပါ။

ထိုစဉ် အိမ်အဝတွင် ဘုန်းကြီးတစ်ပါး၏သွင်ပြင် ပေါ်လာသည်။ သပိတ်ကိုပိုက်ထားသော ဘုန်းကြီးသည် အိမ်အဝတွင် ရပ်လိုက်ခြင်းဖြစ်၏။ ဆွမ်းခံကြွလာသောဘုန်းကြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲမှ လူအားလုံး၏အကြည့်က ဆွမ်းခံဘုန်းကြီးဆီသို့ ရောက်သွားကြသည်။

ဘုန်းကြီးကလည်း အိမ်ထဲသို့ လှည့်ကြည့်လိုက်သည်။

''ဟင် ...''

ဆွမ်းခံဘုန်းကြီး၏ ရုပ်ရည်မှာ ညှော်ခန်းနံရံတွင် ချိတ်ထားသော လူငယ်၏ရုပ်ရည်နှင့် တစ်ထေရာတည်းပါလား။

''ဟော ... ဦးဇင်းလေးကြွလာပြီ''

ဒေါ်လေးမြင့်က ရေရွတ်လိုက်သည်။

အိမ်ဖော်မိန်းကလေးတစ်ယောက် နောက်ဖေးခန်းထဲမှထွက်လာပြီး ဘုန်းကြီး၏သပိတ်ထဲသို့ ဆွမ်းများ လောင်းထည့်လိုက်သည်။

ကျွန်တော်က ဓာတ်ပုံထဲကလူငယ်ကိုတစ်လှည့်၊ ဦးဇင်းကိုတစ်လှည့် ကြည့်နေမိသည်။ ဦးဇင်းသည် ဓာတ်ပုံထဲကလူငယ်ပင် ဖြစ်ပါသည်။ အသက်အရွယ်မှာလည်း နှစ်ဆယ်ဝန်းကျင်သာရှိဦးမည်။

ဆွမ်းခံကိုယ်တော်က ပြန်မကြွမီ ...

''ဒကာကြီးတို့အိမ် ဧည့်သည်တွေရောက်နေတယ်ထင်ပါ့''

ဦးဇင်းက ကျွန်တော်နှင့်မမကြီးကို တစ်လှည့်စီကြည့်ရင်း ပြောလိုက်လေသည်။

''တင်ပါ့ ဦးဇင်း၊ ရန်ကုန်က ဧည့်သည်တွေပါ''

လေးလေးထွန်းက ဖြေလိုက်ခြင်းဖြစ်သည်။

''ဦးဇင်း ကြွလိုက်ဦးမနော်''

ဦးဇင်းလေးက နှုတ်ဆက်ပြီး ပြန်ကြွသွားလေသည်။

''လေးလေးထွန်းနဲ့ ဒေါ်လေးမြင့်၊ နွဲ့ကို ပြောကြစမ်းပါ။ ခုန ကြွလာတဲ့ ဦးဇင်းလေးဟာ ဒီဓာတ်ပုံထဲကလူပဲမဟုတ်လား ... ဟင်။





ဟုတ်တယ်မဟုတ်လား''

ဦးဇင်းလေးကွယ်သွားသည်နှင့် မမကြီးက မေးလိုက်သည်။

လေးလေးထွန်းနှင့် ဒေါ်လေးမြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

''ဟင် ... နွဲ့မေးတာ ဖြေစမ်းပါဦး''

''ဟုတ် ... ဟုတ်ပါတယ် အနွဲ့ရယ်။ ဟိုဓာတ်ပုံဟာ ဦးဇင်းလေးပုံပါပဲ''

''ဦးဇင်း လူဝတ်နဲ့တုန်းကပုံကို ဒီညှော်ခန်းထဲမှာ ဘာလို့ချိတ်ထားတာလဲဟင်''

''ဟို ... ဟို ... ဦးဇင်းလေးကို ဒေါ်လေးမြင့်တို့က ရဟန်းခံပေးထားတာကွဲ့''

''ဒေါ်လေးမြင့်တို့ ရဟန်းဒကာဖြစ်ရုံနဲ့တော့ လူဝတ်နဲ့ပုံကို ညှော်ခန်းထဲချိတ်ထားစရာ မလိုပါဘူး။ သူနဲ့ဒေါ်လေးမြင့်တို့ အဆက်အစပ်တစ်ခုခု ရှိရမယ်။ သူဘယ်သူလဲ။ လေးလေးထွန်း ... နွဲ့မေးတာဖြေပါဦး''

''လေးလေးထွန်းတို့ ဒီကလေးကို မွေးစားထားတာပါကွယ်''

''ဘာ ... လေးလေးထွန်းတို့က မွေးစားထားတယ်။ ကလေးမွေးစားရင် စကတည်းက နွဲ့တို့သိရမှာပေါ့။ နွဲ့တို့လည်း မသိရပါလား။ ဘယ်အရွယ်ကတည်းက မွေးစားတာလဲ''

''သူ ... သူငယ်ငယ်ကလေးကတည်းကပါကွယ်''

''ဩော် ...''

မမကြီး ငေးငိုင်သွားလေသည်။ ပါးပြင်ပေါ်မှမျက်ရည်စများကို သုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . နွဲ့သဘောပေါက်ပါပြီ။ နွဲ့သိပါပြီ။ လေးလေးထွန်းနဲ့ ဒေါ်လေးမြင့်ရယ်၊ နွဲ့ အလိမ်အညာ ခံခဲ့ရတာပါလား။ နွဲ့ဟာ တစ်သက်လုံး အလိမ်ခံထားရတာပါလား လေးလေးထွန်းရယ်"-

မမကြီးသည် ဆိုဖာနောက်မှီကို လက်ထောက်ကာ ငိုရှိုက်နေ၏။ ငိုနေရာမှ မဟန်နိုင်သည့်အဆုံး ဆိုဖာပေါ် အရုပ်ကြိုးပြတ်ထိုင်ချလိုက်ရင်း ဆက်ငိုနေရှာသည်။

ကျွန်တော်က မမကြီးဆီပြေးသွားရင်း ပခုံးကိုကိုင်ကာ နှစ်သိမ့်လိုက်သည်။

"မမကြီး . . . မမကြီး . . . ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ။ ဘာစိတ်မကောင်းစရာတွေ့လို့လဲ မမကြီး"

အဖြစ်အပျက်ကို ကျွန်တော်နားမလည်နိုင်ပါ။ ဘာတွေဖြစ်နေမှန်းလည်း ကျွန်တော် လိုက်မမီတော့ပါ။

မမကြီးက ကျွန်တော့်ကို မော့်ကြည့်လိုက်သည်။

"မောင်လေး . . . မင်းမရိပ်မိဘူးလား။ ဦးဖင်းလေး ဘယ်သူနဲ့တူတယ်ဆိုတာ မင်းမသိဘူးလား မောင်လေး"

"ဗျာ . . . ဦးဖင်းလေးပုံကိုမြင်တော့ ကျွန်တော်သိဖူးတဲ့လူ တစ်ယောက်ယောက်လို့ ထင်မိတယ်မမကြီး။ ဘယ်သူနဲ့တူတယ်ဆိုတာ တော့ ကျွန်တော် ဖော်လို့မရဖြစ်နေတယ်"

"သြော် . . . မင်းကငယ်တာကိုး။ မမှတ်မိရှာပဲကိုး။ ကိုခင်မောင်ထွေးလေကွယ် . . . ကိုခင်မောင်ထွေး"

"ဗျာ . . ."

"ကိုခင်မောင်ထွေးကိုတော့ မင်းမှတ်မိတယ်မဟုတ်လား မောင်လေး"

---

စိတ်ကူးသစ်စာပေ



"ဟာ . . . ဟုတ်သားပဲ"

ဓာတ်ပုံကို မြင်မြင်ချင်းကတည်းက ရင်းနှီးဖူးတဲ့လူ တစ်ယောက်ယောက်နဲ့တူတယ်လို့ ထင်မိခြင်းကို ခုမှ အဖြေပေါ်ပါတော့သည်။

ကိုခင်မောင်ထွေး . . .။ မမကြီးနှင့်ကွဲကွာခဲ့သော မမကြီး၏ ငယ်ချစ် ကိုခင်မောင်ထွေးနဲ့ တူတာပါလား။

ကိုခင်မောင်ထွေးနဲ့တူတဲ့လူကို လေးလေးထွန်းတို့က မွေးစားထားတာပေါ့။

"လေးလေးထွန်း . . . ဒေါ်လေးမြင့် . . . နွဲ့ကိုပြောပါဦး။ နွဲ့ကို လိမ်မထားကြပါနဲ့တော့။ ဒါတွေ ဘယ်လိုဖြစ်လာတာလဲ။ နွဲ့သိပါရစေ။ သိခွင့်ပေးပါတော့ လေးလေးထွန်းရယ်"

လေးလေးထွန်းက သက်ပြင်းချလိုက်သည်။

"ခုမှတော့ မထူးတော့ပါဘူး။ မမဌေး အိပ်မက်ပေးတယ်ဆိုတာလည်း ဒီအဖြစ်တွေ ရှင်းစေချင်လို့ ဖြစ်မယ်ထင်တယ်။ ကဲ . . . ကဲ . . . မမြင့် မင်းလည်းထိုင်၊ တို့တွေ အနွဲ့ကို အဖြစ်မှန်တွေ ရှင်းပြလိုက်ကြအောင်"

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

❑

ကိုခင်မောင်ထွေး တစ်ဖက်နိုင်ငံကို တိမ်းရှောင်သွားသည့် အချိန်တွင် မမကြီး၌ ကိုခင်မောင်ထွေးနှင့်ရသော ကိုယ်ဝန်ကျန်ခဲ့သည်။ ကိုခင်မောင်ထွေးကို မျှော်လင့်ရန် အကြောင်းမရှိတော့သောကြောင့် အရှက်မကွဲစေရန် မေမေက မမကြီးကို ရန်ကုန်ခေါ်သွားကာ ကလေးကို ရန်ကုန်မှာပဲမွေးစေသည်။

မန္တလေးအသိုင်းအဝိုင်းက ထိုအကြောင်းကို မသိစေချင်၍ ကလေးမွေးပြီးချိန်အထိ မန္တလေးမှ ခြေရာဖျောက်နေလိုက်ခြင်း ဖြစ်ပါသည်။ မန္တလေးအသိုင်းအဝိုင်းကလည်း မမကြီးမှာ ကိုခင်မောင်ထွေး ကိုယ်ဝန် ကျန်ခဲ့ကြောင်းရော၊ တစ်နေရာမှာ ကလေးသွားမွေးတဲ့ အကြောင်းကိုပါ မရိပ်မိခဲ့ကြပါ။





အားလုံးကို ပိပိရိရိဖြစ်အောင် မေမေကိုယ်တိုင် စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချိန်က ကျွန်တော်ဆယ်တန်း။ ပြင်ဦးလွင်တွင် ကျောင်းအိပ်ကျောင်းစား ဘော်ဒါနေလျက်ရှိရာ ထိုအဖြစ်များကို ကျွန်တော် တစ်စွန်းတစ်စမျှ မသိခဲ့ရခြင်းဖြစ်သည်။

ကလေးမွေးပြီးတော့ ကလေးကို အသေမွေးသည်ဟု မမကြီးကို ပြောလိုက်သည်။ တကယ်တော့ ကလေးကို ကျန်းကျန်းမာမာ လူစဉ်မီမီ မွေးခဲ့ခြင်းသာဖြစ်ပါသည်။

မေမေက သူ၏ တစ်ဦးတည်းသောဆွေမျိုး မောင်ဝမ်းကွဲ လေးလေးထွန်းတို့လင်မယားကို ရန်ကုန်လှမ်းခေါ်လိုက်သည်။ အကျိုးအကြောင်းပြောပြကာ ကလေးကို လေးလေးထွန်းတို့နှင့် ထည့်လိုက်သည်။

မမကြီးသည် မေမေပြောခဲ့သည့်အတိုင်း ကလေးအသေမွေးတယ်လို့ပင် ယုံကြည်နေခဲ့သည်။ လေးလေးထွန်းတို့ ကလေးကို လာယူချိန်မှာ မေမေက မမကြီးနှင့် ပေးမတွေ့ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

"တကယ်တော့ မမဒွေးက စေတနာနဲ့ စီစဉ်ခဲ့တာပါအန္တဲ့ရယ်။ အန္တဲ့အနေနဲ့ မောင်ခင်မောင်ထွေးနဲ့ လက်မထပ်ရသေးတော့ ကလေး ရှိနေရင် အရှက်ကွဲရုံပဲရှိမယ်လေ။ အဲဒါကြောင့် ကလေးသံယောဇဉ် ပြတ်အောင် အသေမွေးတယ်လို့ အသိပေးခဲ့တာပါ။ ကလေးကိုလည်း လက်လွှတ်စပယ်ပစ်လိုက်တာ မဟုတ်ပါဘူး။

ဒေါ်လေးမြင့်တို့ကို ကောင်းကောင်းမွေးဖို့ သေချာမှာကြားပြီး ပေးလိုက်တာပါ။ ဒေါ်လေးတို့ကလည်း ကလေးကို ကိုယ့်သားအရင်း လို မွေးခဲ့ကျွေးခဲ့ ပညာသင်ပေးခဲ့တာပါ အန္တဲ့"





"ခုအချိန်မှတော့ မေမေ့ကို အပြစ်မပြောတော့ပါဘူး ဒေါ်လေး မြင့်။ ဟုတ်ပါတယ် ...၊ ယောက်ျားမရှိပဲ ကလေးအမေအဖြစ်ခံလို့ ဘယ်ဖြစ်မလဲ။ မေမေစီစဉ်တာ မိခင်တစ်ယောက်ရဲ့မေတ္တာနဲ့ပါ"

"မမဒွေးက ဒီကလေးတို့ဆီရောက်နေတယ်ဆိုတာ ပေါ်မှာ သိပ်စိုးတယ်။ ကလေးက မောင်ခင်မောင်ထွေးနဲ့ တော်တော်တူတယ် ဆို။ လေးလေးထွန်းတို့ကတော့ မောင်ခင်မောင်ထွေးကို မမြင်ဖူးလိုက် လို့မသိဘူး။ ကလေးကိုမြင်ရင် အန္တဲ့ရိပ်မိမယ်ဆိုတာ မမဒွေးကသိတယ်။

အဲဒါကြောင့် အန္တဲ့ မလှိုင်မလာဖြစ်အောင် လေးလေးထွန်း တို့ကိုပဲ မကြာခဏ မန္တလေးလာခိုင်းတာ။ ရန်ကုန်ရောက်တော့လည်း ရန်ကုန်ကို ခဏခဏလာလည်ဖြစ်တာ။ မမဒွေးက ခေါ်လို့ပဲ။ မမဒွေး က အန္တဲ့ မလှိုင်ကို မရောက်တာကြာပြီ။ တို့ဆီသွားလည်ရအောင်လို့ ပြောမှာစိုးလို့ တို့နဲ့အန္တဲ့နဲ့ မကြာမကြာတွေ့ရအောင် စီစဉ်ထားတာလေ"

"သြော် ... အကွက်စေ့ပါပေ့ မေမေရယ်။ မန္တလေးကနေ ရန်ကုန်ကိုပြောင်းနေတာလည်း မလှိုင်နဲ့ဝေးအောင် ဖြစ်မှာပေါ့နော်"

"ခုတော့လည်း မောင်သက်ကို အိပ်မက်ပေးပြီး လေးလေး ထွန်းဆီ အရောက်ပို့ခိုင်းတယ်ဆိုတော့ ဒီအကြောင်းတွေ ရှင်းလင်းစေ ချင်လို့နဲ့တူပါရဲ့ အန္တဲ့ရယ်"

"မေမေအိပ်မက်ပေးပုံ ထူးခြားလို့ လျှို့ဝှက်ချက် တစ်ခုခုရှိ မယ်လို့ ထင်မိသား။ ကဲလေ ... အခု အဖြစ်မှန်တွေအားလုံး သိရပြီ ပဲ။ နွဲ့သားကို သားလို့ပြောရဲတဲ့သတ္တိ နွဲ့မှာရှိပါတယ် လေးလေးထွန်း။ ဒါနဲ့ သူ့နာမည်ကို ဘယ်လိုမှည့်ထားလဲဟင်။ အို ... သားအသက်က လည်း နှစ်ဆယ်ကျော်ပြီပေါ့နော်"

"ကလေးကို လူနာမည် မောင်သက်နိုင်ထွေးလို့ မှည့်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



တယ် အန္တဲ့။ ရဟန်းဘွဲ့အမည်ကတော့ ရှင်သုမနတဲ့။ သောကြာသား၊ အဓိပတိဖွားလေးပါ''

''ပညာရော ဘယ်အတန်းထိတက်ထားလဲ။ အို . . . သားကို နွဲ့ စက်ဘူကိုခေါ်သွားမှာပါ လေးလေးထွန်း''

လေးလေးထွန်းက ခေါင်းခါသည်။

''အန္တဲ့ခေါ်ချင်လည်း သူက လိုက်မှာမဟုတ်ပါဘူးကွယ်။ ဦးဇင်းလေးက သာသနာ့ဘောင်မှာပဲ ပျော်မွေ့နေပြီ။ ဘယ်လိုမှ လူထွက်နိုင်းလို့ မရပါဘူး။ လေးလေးထွန်းတို့ အမျိုးမျိုး ပြောကြည့်ပြီးပါပြီ။ တစ်သက်လုံး သင်္ကန်းဝတ်နဲ့ နေတော့မှာပါ ငါ့တူမရယ်''

''အို . . . သူ့ဘဝသူ စိတ်နာလို့များ ဘုန်းကြီးဝတ်ဖို့ စိတ်ကူးတာလား လေးလေးထွန်းရယ်''

''မဟုတ်ပါဘူး အန္တဲ့။ ဒီကလေးက ငယ်ငယ်ကတည်းက ဘာသာရေးဖက်ကို စိတ်ညွတ်နေတာပါ။ ဒေါ်လေးမြင့်တို့က သူ့ကို မွေးစားသားဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ပြောထားတယ်။ မိဘရင်းတွေ ဘယ်သူဆိုတာတော့ မပြောဘူး။ သိသင့်လို့ သိချိန်တန်ရင် သိရမယ်လို့ပဲ ပြောပြထားတာကို သူ သဘောပေါက် နားလည်ရှာပါတယ်။ သူ့ဘဝကို စိတ်နာစရာအကြောင်းမရှိပါဘူး''

''ဟုတ်ပါတယ် တူမရယ်။ သူ့ဘဝက ပြည့်စုံပါတယ်။ လေးလေးထွန်းတို့ကလည်း ပြည့်စုံအောင် ထားခဲ့တာပဲလေ။ သူကိုယ်က ဘာသာရေးဖက်ကို စိတ်ညွတ်နေတာ။ ကျောင်းပညာမှာလည်း တော်ရှာပါတယ်။ အခု ဘွဲ့ရပြီးပါပြီ။ ဆယ်တန်းဖြေပြီးကတည်းက သင်္ကန်းဝတ်လိုက်တာ မထွက်တော့တာပါပဲ။ တက္ကသိုလ်ပညာကို သင်္ကန်းဝတ်နဲ့ပဲ အဝေးသင်တက်ရင်း ဖြေခဲ့တာလေ။ ပြီးခဲ့တဲ့နှစ်က အသက်နှစ်ဆယ်





ပြည့်လို့ ရဟန်းခံပေးလိုက်တယ်။ သင်္ကန်းဝတ်နေတာကို ငါးနှစ်ရှိသွားပါပြီ''

''လူထွက်ဖို့ နွဲ့ တိုက်တွန်းကြည့်ပါဦးမယ်လေ''

''ဒီမယ် . . . အန္တဲ့၊ သာသနာ့ဘောင်မှာပျော်မွေ့နေတဲ့ ရဟန်းတစ်ပါးကို ဘာလို့ လောကီနွံထဲ ဆွဲထည့်ချင်ရတာလဲကွယ်။ သူ့ဘဝနဲ့သူ ရှိပါစေတော့။ သာသနာ့ပြုပုဂ္ဂိုလ်ဖြစ်ဖို့ဟာ တော်ရုံပါရမီနဲ့ မရပါဘူး။ အန္တဲ့သား သာသနာပြုနိုင်တာကို ရဟန်းအစ်မအနေနဲ့ အန္တဲ့ ဂုဏ် ယူပါ။ ပြီးတော့ . . . အန္တဲ့သမီးနဲ့ သားမက်ကို ဒီအကြောင်းအသိပေးမလို့လား။ အသိပေးလို့ရော ကောင်းပါ့မလားကွယ်။ အန္တဲ့လည်း အသက်ကြီးပါပြီ။ ပြီးတာတွေ ပြီးတဲ့အတိုင်း ထားလိုက်ပါတော့ အန္တဲ့ရယ်''

''အို . . . ဒေါ်လေးမြင့်ရယ်၊ နွဲ့မှာ သားတစ်ယောက်ရှိပါရက်နဲ့ ဒီတိုင်းပဲ ပြန်သွားရတော့မှာလား။ နွဲ့ သူနဲ့တွေ့ပါရစေဦး။ နွဲ့သားနဲ့ နွဲ့ စကားပြောပါရစေဦးရှင်''

''တွေ့ရမှာပါ၊ ပြောရမှာပါ အန္တဲ့။ ညနေပိုင်း ဘုန်းကြီးကျောင်းကို သွားတာပေါ့။ အန္တဲ့သားဟာ ဘယ်လောက်သမာဓိရှိတယ်၊ တည်ငြိမ်တယ်ဆိုတာ အန္တဲ့တွေ့ရပါလိမ့်မယ်လေ''

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

ညနေပိုင်းတွင် ဦးဇင်းလေးရှင်သုမနကို ကြိုတင်အသိပေးမထားပဲ လေးလေးထွန်း၊ ဒေါ်လေးမြင့်တို့နှင့်အတူ ကျွန်တော်တို့ မောင်နှမ ဘုန်းကြီးကျောင်းကို လိုက်သွားကြသည်။

ဦးဇင်းလေးဦးသုမနက ကျွန်တော်တို့ကို နေရာထိုင်ခင်းပေးကာ ကြိုဆိုသည်။

"ဦးဇင်းလေး . . . ဟောဒါက ဒကာကြီးရဲ့ တူနဲ့တူမပါ။ သူတို့မိခင်က ဒကာကြီးရဲ့အစ်မတစ်ဝမ်းကွဲပါ။ အရင်က မန္တလေးမှာ နေခဲ့ကြပါတယ်။ အခုတော့ ဒကာမကြီးဒေါ်နွဲ့နွဲ့ဝင်းက စင်္ကာပူနိုင်ငံမှာနေပါတယ်။ ဦးဇင်းလေးကို ဒေါ်နွဲ့နွဲ့ဝင်းအကြောင်း လျှောက်ထားပါရစေ"





လေးလေးထွန်းက ဦးဇင်းလေးနှင့် ကျွန်တော်တို့မောင်နှမကို မိတ်ဆက်ပေးရင်းမှ လျှောက်ထားလိုက်သည်။

"မနက်က ဆွမ်းခံကြွတုန်းကတွေ့ခဲ့တဲ့ ဒကာနဲ့ဒကာမကြီးပဲ။ ထူးထူးခြားခြား လျှောက်ထားစရာရှိတယ် ထင်ပါရဲ့။ ပြောပါဒကာကြီး"

"ဒီလိုပါ . . ."

လေးလေးထွန်းက ဇာတ်စုံရှင်းပြလိုက်လေသည်။

မမကြီးက လေးလေးထွန်း ဇာတ်ကြောင်းပြန်ပြနေသည့် တစ်လျှောက်လုံး ငိုရှိုက်နေသည်။

အံ့ဩစရာပင်။ ဦးဇင်းလေးသည် သူကိုယ်တိုင်ပါဝင်နေသောရင်နင့်ဖွယ်ဇာတ်လမ်းကို နားထောင်နေရသော်လည်း မျက်နှာတစ်ချက်မျှမပျက်ပဲ နားထောင်နေရှာလေသည်။

လေးလေးထွန်း စကားအဆုံးတွင် ဦးဇင်းလေးက မိန့်ကြားလိုက်သည်။

"ဒကာမကြီး ခုလိုရောက်လာတာ ဦးဇင်း သိပ်ဝမ်းသာတာပဲ။ ဒကာမကြီးရောက်လာလို့ ဦးဇင်းစိတ်ထဲမှာ ရှင်းလင်းပေါ့ပါးသွားပြီ"

"မိန့်ပါ ဘုရား"

"ဒီလိုလေ . . . ဒကာကြီးဦးထွန်းမြိုင်တို့ ပြောပြထားလို့ ဦးဇင်းဟာ မွေးစားသားတစ်ယောက်ဆိုတာတော့ သိထားပါတယ်။ ဒကာကြီးတို့က ဦးဇင်းရဲ့မိဘရင်းများ ဘယ်သူဆိုတာတော့ ပြောပြမထားခဲ့ဘူး။ ဦးဇင်းစိတ်ထဲမှာ မွေးစားမိဘများကို မမေးရဲလို့ မမေးရတော့ကော အမျိုးမျိုး တွေးတောမိတာပေါ့။

ငါဟာ မိဘအရင်းတွေ မကျွေးမွေးနိုင်လို့ စွန့်ပစ်ခံရတဲ့ကလေး



www.burmeseclassic.com

www.burmeseclassic.com



လား၊ ငါ့မိဘရင်းတွေက ငါ့ကို လက်လွှတ်စပယ် စွန့်ပစ်လိုက်တာများလား၊ ငါ့မိခင်ဟာ လင်သားပြစ်ရာမလို့ ငါ့ကို စွန့်ပစ်တာများလားလို့ အမျိုးမျိုးတွေးမိခဲ့ရတယ်။

အခု ဒကာမကြီးရောက်လာတော့ အဖြစ်အပျက်အားလုံး ရှင်းရှင်းလင်းလင်း သိလိုက်ရပါပြီ။ ဒကာမကြီးမှာ အပြစ်မရှိပါဘူး။ ဦးဇင်းရဲ့အဘွား ဒကာမကြီးရဲ့မိခင်ကလည်း မိဘမေတ္တာနဲ့ မဖြစ်သာလို့ ဒါတွေ စီစဉ်လိုက်ရတာပါ။ ဒီ့အတွက် မိခင်ကြီးကို အပြစ်မမြင်စေချင်ဘူး။ မိဘမေတ္တာကို ဒကာမကြီးလည်း နားလည်နေပြီဖြစ်လို့ ကိုယ်ချင်းစာနိုင်လိမ့်မယ် ထင်ပါတယ်''

သူကပင် ပြန်ပြီး တရားပြနေပါသေးကလား။

''တင်ပါ့ ဘုရား၊ တပည့်တော်မအမေကို အပြစ်မတင်တော့ပါ့ဘူး။ မေမေကလည်း အဖြစ်မှန်တွေကိုသိစေချင်လို့ အိပ်မက်ပေးပြီး ဒီကိုရောက်အောင် လွှတ်လိုက်တာပါ ဘုရား''

''ဦးဇင်းတို့မှာ ဝဋ်ရှိပါလို့ ဒီအဖြစ်မျိုးကြုံဆုံရတယ်လို့ တရားနဲ့မှတ်ပါ ဒကာမကြီး''

''တင်ပါ့ဘုရား၊ တပည့်တော်မဟာ အခုဆို ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်လို့ရပါပြီ ဦးဇင်းလေး။ ဦးဇင်းလေးအနေနဲ့ နိုင်ငံခြားမှာ ပညာဆက်သင်ချင်တယ်ဆိုရင် တပည့်တော်မ ပံ့ပိုးဖို့အသင့်ပါ။ လူထွက်ပြီး စင်္ကာပူနိုင်ငံကိုလိုက်ခဲ့ဖို့ တိုက်တွန်းပါရစေဘုရား''

ဦးဇင်းလေးက ပြုံးသည်ဆိုရုံမျှ ပြုံးကာ ခေါင်းကိုယမ်းလိုက်လေသည်။

''လောကီဘုံထဲကို မဝင်ချင်တော့ပါဘူး ဒကာမကြီး။ ဒကာမ





ကြီးလည်း လောကီအရှုပ်အထွေးတွေ သိပြီပဲ။ သေရင် ကိုယ့်အတွက်ပါအောင် တရားဓမ္မ ကျင့်ကြံအားထုတ်ပါ။ ဦးဇင်းလေးလည်း လောကုတ္တရာနယ်မှာပဲ ပျော်မွေ့နေပါပြီ။ လူမထွက်ပါရစေနဲ့။ ပြီးတော့ . . . တစ်ခုမှာလိုက်ပါရစေဦး''

''တင်ပါ့''

''ဦးဇင်းမှာ အမေတူ အဖေကွဲ ညီညီမများရှိမှာပေါ့''

''တပည့်တော်မမှာ သမီးလေးတစ်ယောက်ရှိပါတယ်။ စင်္ကာပူနိုင်ငံမှာပါ။ အိမ်ထောင်ကျနေပါပြီ။ ဦးဇင်းနဲ့ အမေတူအဖေကွဲ မောင်နှမ တော်ပါတယ်''

''ဦးဇင်းရဲ့ညီမကို ဒီအကြောင်းတွေ အသိမပေးစေချင်ဘူး။ ဖြစ်ပြီးတာတွေဖြစ်ပြီးပြီ။ မသိသေးတဲ့သူကို အသိပေးပြီး သောကမကူးစက်ပါစေနဲ့ ဒကာမကြီး။ သူ့အနေနဲ့ မရင့်ကျက်သေးလို့ ဒကာမကြီးအပေါ်မှာ အထင်အမြင်သေးတာမျိုးဖြစ်ခဲ့ရင် သက်သက်ငရဲရောက်မှာ စိုးလို့ပါ''

''အို . . .''

''ဦးဇင်း တစ်ခုပဲ တောင်းဆိုပါရစေ''

''မိန့်ပါ ဦးဇင်း''

''ဦးဇင်းရဲ့ ကွယ်လွန်သွားတဲ့ဖခင် ဦးခင်မောင်ထွေးကို မြင်ဖူးချင်ပါတယ်။ သူ့ရဲ့ဓာတ်ပုံလေးများရှိရင် ပြပါ။ မပါခဲ့ရင်လည်း ဖြစ်နိုင်ရင် ပို့ပေးစေချင်ပါတယ် ဒကာမကြီး''

''တပည့်တော်မ ရှာဖွေပြီး ပို့ပေးပါ့မယ် ဦးဇင်း''

''ကဲ . . . ကဲ . . . ကံပေးချိန်ကျလို့ အမေနဲ့သား ဆုံဆည်းရပြီးပြီ။ ဆုံခွင့်ရတာ ဝမ်းမြောက်စရာပဲ။ ဦးဇင်းလည်း တရားအားထုတ်



www.burmeseclassic.com

www.burmeseclassic.com



စရာရှိသေးတယ်။ ဒီဘဝမှာ ဒီတစ်ကြိမ်ဆုံခွင့်ရတာကိုပဲ ကျေနပ်လိုက်ပါတော့ ဒကာမကြီး။ ပြန်ပေဦးတော့''

ဦးဖင်းလေးက မိန့်ကြားကာ ကျက်သရေခန်းထဲသို့ ဝင်သွားလေတော့သည်။

# | ၉ |

မမကြီးသည် လောကမှာ ရှိနေမှန်းမသိသောသားကို တွေ့ခွင့်ရခဲ့သော်လည်း ထိုသားမှာ ရဟန်းတစ်ပါးဖြစ်နေ၍ 'သား' ဟု ခေါ်ခွင့်မရခဲ့ပါ။ ကိုယ့်သားကိုယ် ထွေးပွေ့ကိုင်တွယ်ခွင့်ပင် မရခဲ့ရှာပါပေ။

သို့ရာတွင် ... ရှင်သုမနတစ်ဖြစ်လည်း မောင်သက်နိုင်ထွေးကို သာသနာ့ပြုရဟန်းတစ်ပါးအဖြစ် မြင်တွေ့လိုက်ရ၍ မမကြီးက သူ့စိတ်သူ ဖြေသိမ့်ရှာပါသည်။

ကျွန်တော်ကတော့ မေမေအိပ်မက်ပေး လမ်းညွှန်မှုကြောင့် ဤအဖြစ်မှန်ကို သိခဲ့ရခြင်းအတွက် အံ့သြနေမိသည်။ မေမေသည် မမကြီး ဘဝရှေ့ရေးအတွက် ကလေးကို လေးလေးထွန်းတို့ ~ ဒီ ပေးပစ်ခဲ့ခြင်းအပေါ် နောင်တရခဲ့ဟန်တူပါသည်။ အဖြစ်မှန်ကိုသိစေချင်၍ ကျွန်တော့်ကို အိပ်မက်မှတစ်ဆင့် အသိပေးကာ တိုက်တွန်းခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မမကြီးကို လေးလေးထွန်းဆီပို့ပေးဖို့ နှစ်ကြိမ်ပင် အိပ်မက်ပေးခဲ့သည်။ ဒုတိယအကြိမ် အိပ်မက်ပေးရာမှာတော့ 'မေမေသွားတော့မယ်' ဟု နှုတ်ဆက်စကား ဆိုသွားခဲ့ပါသည်။

မေမေ နှုတ်ဆက်ခဲ့ခြင်းကို ခုတော့ ကျွန်တော်နားလည်ပါပြီ။

အဘယ်ကြောင့်ဆိုသော် ... ထိုအိပ်မက်ကို မက်ပြီးနောက်ပိုင်း မေမေ့ကို အိပ်မက်ထဲမှာ မတွေ့ရတော့သောကြောင့် ဖြစ်ပါ၏။

နွေတမာန်



www.burmeseclassic.com

www.burmeseclassic.com

ဆူညံဆူညံနဲ့ ကောင်မလေးတွေ အသံကြားလိုက်လို့ ကျွန်မ လှမ်းကြည့်လိုက်မိတယ်။ လက်စသပ်တော့ သင်တန်းသူတစ်သိုက် အသီးအနှံတွေ၊ စားစရာတွေ ကိုယ်စီဆွဲပြီး စကားဖောင်ဖွဲ့ကာ အဆောင်ပေါ်ကို ပြန်တက်လာကြတာပဲ။ သူတို့ လှည်းတန်းဈေးက ပြန်လာကြတာ ထင်တယ်လို့ ကိုယ့်ဘာသာကိုယ် မှတ်ချက်ချလိုက်ပါတယ်။ သူတို့က တော့ ကျွန်မကို လှမ်းနှုတ်ဆက်လေရဲ့။

"တီချယ် ... ဒီနေ့ ဘယ်မှမသွားဘူးလား"

"အေးကွယ် ... တီချယ် ဘယ်မှမသွားအားပါဘူး။ စာတွေ အေးအေးဆေးဆေး ရေးရမယ်"

လို့ပြောပြီး ကျွန်မ သေသေချာချာကြည့်လိုက်တော့ ဟိုတစ်လောက သတိလစ်ပြီး မူးလဲသွားတဲ့ သင်တန်းသူလေး မိုးတိမ်လွှာကိုပါ တွေ့လိုက်ရလို့ ...

"သမီး ... နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ တီချယ်၊ ကောင်းသွားပါပြီ"





"အေး ... အေး ... ကျန်းမာရေးကောင်းမှ ကိုယ့်ရည်မှန်းချက်က ပေါက်ပေါက်မြောက်မြောက်ရှိမှာ။ ကျန်းမာရေးကိုတော့ အထူးဂရုစိုက်နော်"

"ဟုတ်ကဲ့ တီချယ်"

ဟု သူတို့နဲ့ အပြန်အလှန်ပြောရင်း သူတို့အုပ်စုထဲက ဖြူနှင်းဖွေးကို ကြည့်လိုက်တော့လည်း မျက်မှန်ထူထူကြီးတပ်လို့။ ကျွန်မ ဖောင်ကြီးသင်တန်းတက်တုန်းက ကျန်းမာရေးဝန်ကြီးဌာနက အရာရှိတစ်ယောက်ရဲ့စကားကို ကြားယောင်မိသေးတယ်။ သူပြောတာကတော့ တချို့လူငယ်တွေ ပညာရေးတော့ ကောင်းကြပါရဲ့၊ ကျန်းမာရေးဘက်ကကြည့်ရင် အားရစရာမရှိဘူးတဲ့။

ဆယ်တန်းမှာ ဂုဏ်ထူးတွေ တန်းစီပြီးအောင်တဲ့ ကလေးတချို့ဟာ အရိုးပေါ်အရေတင်ကလေးတွေဖြစ်လို့။ တချို့က မျက်မှန်ထူထူကြီးတွေနဲ့ တိုင်းပြည်အတွက် ဘယ်လိုများ အကျိုးပြုနိုင်ကြပါ့မလဲတဲ့။ အရာရှိကြီးရဲ့စကားကို ကြားယောင်ရင်း ကျွန်မ ကလေးတွေကို ကရုဏာသက်လာတယ်။

တကယ်တော့ သူတို့တက်တဲ့သင်တန်းက ပြင်းထန်တဲ့သင်တန်းတော့မဟုတ်ပါ။ မြန်မာပြည်တနံတလျား တက္ကသိုလ်ပေါင်းစုံက ဝန်ထမ်းတွေကို Computer , စာကြည့်တိုက် စတဲ့ပညာရပ်တွေ ထပ်သင့်ပို့ချ သင်ကြားပေးတဲ့သင်တန်းပါ။ တက္ကသိုလ်ပေါင်းစုံကနေ ရန်ကုန်တက္ကသိုလ်မှာပဲ လာတက်ကြရတာပါ။

မြန်မာပြည်အနှံ့ တက္ကသိုလ်ပေါင်းစုံကဆိုတော့ ဒီရောက်မှ သူတို့ တစ်ဦးနဲ့တစ်ဦး ရင်းနှီးကျွမ်းဝင်ကြတာ။ ဒါပေမဲ့ သူတို့ကြည့်ရ တာ ငယ်ပေါင်းကြီးဖော်တွေအတိုင်း နောက်ကြ၊ ပြောင်ကြ၊ ချစ်ယ်ကြ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပျော်စရာတော့ အတော်လေးကောင်းသား။ ပျော်စရာကောင်းတဲ့ ဒီသင်တန်းမှာ သူတို့ဘာကြောင့် ကျန်းမာရေးချို့တဲ့ကြတာလဲလို့ ကျွန်မ တွေးနေမိတယ်။

သူတို့ တစ်ယောက်နဲ့တစ်ယောက် ခေါ်ကြပုံလေးတွေကလည်း ထူးခြားတယ်။ တစ်နေ့တော့ အဆောင်အောက်မှာရောက်နေတဲ့ သင်တန်းသူလေးနှစ်ယောက်က အပေါ်မှာရှိတဲ့ သူတို့သူငယ်ချင်းကို လှမ်းခေါ်တယ်။

"ရတနာပုံရေ ... ရတနာပုံ ... အောက်မှာ ညွှန့်သည်ရောက်နေတယ်"

... တဲ့။ သူတို့ခေါ်လိုက်တဲ့ နာမည်ကိုကြားတော့ နာမည်လေးက လှလိုက်တာကို့ ကျွန်မတွေးလိုက်မိတယ်။ မိဘတွေက ရတနာတွေ စုပုံထားတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ သူတို့သမီးကို အမြတ်တနိုး ရတနာပုံလို့ အမည်ပေးထားတာထင်တယ်။ နာမည်လေးကလှလည်း လှတယ်။ အဓိပ္ပာယ်လည်း ပြည့်ဝတယ်။ စိတ်ကူးကောင်းတယ်လို့ ကျွန်မ တွေးမိတယ်။

နောက် ... ကြာလာတော့ ကျွန်မ သတိထားမိသွားတယ်။ သူတို့ နာမည်အရင်းတွေ ခေါ်ကြတာမဟုတ်ပဲကိုး။ မန္တလေးရတနာပုံ တက္ကသိုလ်ကလာတဲ့သူကို ရတနာပုံတဲ့၊ မကွေးတက္ကသိုလ်ကလာတဲ့ မိုးတိမ်လွှာကိုတော့ နာမည်လေးလှတယ်ဆိုပြီး တိမ်လွှာလို့ခေါ်ကြသလို မိုးညှင်းကလာတဲ့ ဖြူနှင်းဖွေးကိုလည်း ဖြူနှင်းဖွေးလို့ပဲ သူတို့ခေါ်ကြတာကိုး။

တက္ကသိုလ်တွေက ရုံးဝန်ထမ်းတွေဆိုတော့ အိမ်ထောင်မရှိသေးတဲ့ အပျိုလေးတွေပါသလို အိမ်ထောင်သည်ကလေးမလေးတွေ





လည်း ပါကြတော့ ည,ညဆိုရင် ခင်ပွန်းသည်ဆီက၊ ချစ်သူဆီက၊ မိဘဆီက စသည်ဖြင့် အသီးသီး ဖုန်းတွေဝင်လာတတ်တယ်။ ဖုန်းဆက်တဲ့အခါဆက်၊ စာကျက်တဲ့အခါ ကျက်နဲ့ပေါ့။ စဉ်ဆက်မပြတ်သင်ယူနေရတဲ့ ပညာခေတ်ကြီးလေ။

ကျွန်မ သင်တန်းသူလေးတွေအကြောင်း တွေးရင်း ဟိုရှေ့နှစ်က သင်တန်းသူလေးတွေကို သွားပြီး သတိရမိတယ်။ အဲဒီနှစ်က သင်တန်းသူကလေးမလေးတွေကို အဆောင်မှူးက အပေါ်ထပ်မှာထားတာ။ ကျွန်မတို့သီရိဆောင်က မြေညီထပ်ရယ်၊ အလယ်ထပ်ရယ်၊ အပေါ်ဆုံးထပ်ရယ်ဆိုပြီး သုံးထပ်ရှိတာကိုး။

အပေါ်ဆုံးထပ်မှာ သင်တန်းသူတွေရှိတော့ အဆောင်ရှေ့မှာ ကောင်လေးတွေ ဂစ်တာလာတီးပါလေရော။ ကောင်မလေးတွေက လည်း အခန်းကိုယ်စီကနေ ပြူတစ်ပြူတစ် ကြည့်ကြတယ်ထင်ပါတယ်။ အဆောင်မှူးကလည်း အလျှင်သားလား။ ချက်ချင်းသိတော့တာပဲ။ တစ်အောင့်ကြာတော့ ကောင်မလေးတွေ ဂစ်တာတီးတဲ့ကောင်လေးတွေကို ချောင်းမကြည့်နိုင်ကြတော့ပါ။

ကောင်မလေးတွေ အပေါ်ထပ်တက်လိုက်၊ အောက်ထပ်ဆင်းလိုက် အလုပ်တွေ ရှုပ်နေကြတာတွေ့တော့ အဆောင်ရှေ့က ဂစ်တာတီးနေတဲ့ ကောင်လေးတွေကလည်း ဂစ်တာမတီးတော့ပဲ တအံ့တသြကြည့်နေကြတယ်ဆိုပဲ။ တကယ်တော့ သူတို့ဂစ်တာလာတီးကြတာကို ချောင်းကြည့်မိကြလို့ အပြစ်ဒဏ်ကျခံရတယ်ဆိုတာ သူတို့မသိရှာကြပါ။ အပြစ်ဒဏ်ပါပဲ။ အဲဒါကြောင့် ညတွင်းချင်း သူတို့တွေ ပစ္စည်းသယ်ချကြရတာပေါ့။ ဒါကြောင့်လည်း အဆောင်မှူး အပျိုကြီးဖြစ်နေတာ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာတီးတဲ့ ကောင်လေးတွေကလည်း ကောင်မလေးတွေနဲ့ သင်တန်းမှာအတူတူ၊ တချို့ တက္ကသိုလ်တစ်ခုတည်းက အတူတူလာကြတာဆိုတော့ သင်တန်းရောက်တော့ ကောင်မလေးတွေက သူတို့ရဲ့ ဖြစ်ကြောင်းကုန်စင်ကို အကုန်ပြောပြကြတာပေါ့။ အဲဒီတော့ သူတို့တွေ ငိုအားထက် ရယ်အားသန်ဆိုသလို တဝါးဝါး တဟားဟား ရယ်ကြရတယ်တဲ့။ ကျွန်မတို့အဆောင်ရဲ့ စည်းကမ်းက အဲသလိုမျိုး။

ကျွန်မလည်း တက္ကသိုလ်ဆရာမလုပ်ရင်း ပါရဂူဘွဲ့အတွက် ကျမ်းပြုနေဆဲကာလဆိုတော့ အလုပ်ကများတယ်။ အဆောင်ရယ်၊ ကျောင်းရယ်၊ လှည်းတန်းဈေးရယ်ကလွဲရင် မော်ဘီကို တစ်ပတ်တစ်ခါမှသွားဖြစ်တယ်။ အဆောင်ရောက်ရင်လည်း အခန်းထဲမှာပဲ တကုတ်ကုတ်နဲ့ စာတွေလုပ်နေတာ။

ကျွန်မအခန်းဘေးက သူငယ်ချင်းဆရာမက ကျွန်မကို အပြင်ဘာလို့ သိပ်မထွက်တာလဲဆိုတော့ ကျွန်မက ဂေါက်ရောဂါနဲ့ ပေါက်ရောဂါ ကူးမှာစိုးလို့,လို့ ဖြေခဲ့တယ်။ သူက အံ့သြတကြီးနဲ့ ကျွန်မကို ပြန်မေးတယ်။

''ဘာလဲကွ ... ဂေါက်ရောဂါနဲ့ ပေါက်ရောဂါဆိုတာ''

''အဆောင်မှာကြည့်လေ ...။ ဆရာမတွေက ဂေါက်တောက်တောက်နဲ့ ပေါက်တောက်တောက်တွေချည်းပဲ''

''နင်ကရော ဂေါက်တဲ့အထဲမှာပါလား၊ ပေါက်တဲ့အထဲမှာပါလား''

''ငါက ဂေါက်တဲ့အထဲမှာတော့ အပါမခံနိုင်ဘူး၊ ပေါက်တဲ့အထဲပဲပါမယ်''

လို့ ပြန်ဖြေတော့ မေးတဲ့သူငယ်ချင်းက ရယ်တယ်။ ကျွန်မ





တို့တွေ အချင်းချင်း နောက်နေကြသံကြားတော့ သင်တန်းသူလေးတွေက မေးကြတယ်။

''တီချယ် ... တီချယ်ပြောတဲ့ ဂေါက်ရောဂါနဲ့ ပေါက်ရောဂါက ဘယ်လိုရောဂါမျိုးလဲ''

... တဲ့။ ဂေါက်ရောဂါဆိုတာ စာတွေကြည့်အားကြီးပြီး စာဆိုစာပဲ တခြား ဘာမှမသိတော့တာကို ပြောတာ။ ဟိုနေ့က အခန်း (– ) က ဆရာမက စာတွေတအားကြည့်ပြီး သူ့သူငယ်ချင်းအခန်းကို ခဏသွားတယ်။ သူ့သူငယ်ချင်းအခန်းမှာ ကြက်ဥတွေကိုတွေ့တော့ ဖောက်သောက်ချင်စိတ်ဖြစ်လာတာနဲ့ ဖောက်သောက်လိုက်တာ ကြက်ဥခြောက်လုံးကုန်သွားတယ်။

သူ့သူငယ်ချင်းကလည်း သူဈေးမသွားနိုင်တဲ့ ရက်တွေမှာ ဒီကြက်ဥလေးတွေ ကြော်စားမယ်ဆိုပြီး ဝယ်ထားတာ။ စိတ်ထဲမှာ နည်းနည်းတော့ ကသိကအောင့်တော့ ဖြစ်သွားတာပေါ့။ စာတွေကြည့်နေကြရလို့ မအားတဲ့ကြားထဲကလေ။

ဖောက်သောက်လိုက်တဲ့ ဆရာမက နောက်တော့ပြောတယ်လေ။ သူ အဲဒီနေ့က အရာအားလုံးကို သိပါတယ်။ ခွင့်တောင်းဖို့လည်း သိတယ်တဲ့။ ဒါပေမဲ့ ခွင့်မတောင်းနိုင်တော့ဘူး။ သောက်ချင်ချင်နဲ့ သောက်လိုက်တာလို့ပြောပြီး ကြက်ဥတွေ ပြန်ဝယ်ပေးခဲ့တယ်တဲ့။ အဲဒါ စိတ်မထိန်းနိုင်တော့တာ။ လုပ်မယ်စိတ်ကူးလိုက်ရင် စိတ်နောက်ကိုယ်ပါ တစ်စိုက်မတ်မတ် လုပ်တတ်တဲ့သဘော။ အလုပ်လွန်ရောဂါပဲလို့ ကျွန်မ ရှင်းပြတော့ ကလေးတွေ အံ့သြကုန်ကြတယ်။

သူတို့ အံ့သြကြပေမဲ့ ကျွန်မကတော့ မအံ့သြမိပါဘူး။ ကျွန်မရဲ့ကိုယ်တွေ့ဖြစ်ရပ်က ကြက်ဥဖောက်သောက်တဲ့ ဆရာမနဲ့ ခပ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ရယ်။ ဒါကြောင့် ကျွန်မကိုယ်ချင်းစာမိတယ်။ ကျွန်မကလည်း စာဆိုမှ စာသမားပဲလေ။ ကျွန်မဆယ်တန်းအောင်စဉ်က သိပ္ပံတွဲနဲ့အောင်ခဲ့တာ။ ကျွန်မတို့ခေတ်တုန်းက သိပ္ပံတွဲဆိုတာ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပ၊ ဓာတု၊ ဇီဝ စတဲ့ ဘာသာတွဲတွေပါတာ။ ကျွန်မက သင်္ချာ၊ ရူပနဲ့ ဓာတု သုံးဘာသာဂုဏ်ထူးပါတယ်။ မြန်မာစာဝါသနာပါလို့ မြန်မာစာ အဓိကယူပြီး တက္ကသိုလ်တက်တယ်။ ကျောင်းပြီးတော့ တက္ကသိုလ်မှာပဲ ဆရာမလုပ်ခဲ့တာ။

ကျောင်းတက်နေစဉ် ကာလတစ်လျှောက်နဲ့ ဆရာမလုပ်နေချိန် ကာလတစ်လျှောက်လုံးလည်း အိမ်နားကကလေးတွေ၊ ဆွေမျိုးသားချင်းရဲ့ကလေးတွေကို ကျွန်မက သိပ္ပံတွဲက ဘာသာတွေ အားရင်အားသလို သင်ပေးခဲ့သေးတယ်။ ကျွန်မ ပါရဂူဘွဲ့အတွက် ကျမ်းတင်သွင်းရမဲ့နှစ်မှာတော့ မော်ဘီက ကျွန်မချစ်လှစွာသော တူက ဆယ်တန်းဖြေရမယ့်နှစ်ဖြစ်နေတယ်။ ကျွန်မတစ်ပတ်ကို တစ်ခါမော်ဘီသွားပြီး တူလေးကို စာတွေပြပေးခဲ့တယ်။

တူလေးကို စာပြပေးရတာတစ်ဖက်၊ ကျွန်မရဲ့ကျမ်းကို ပြုစုရတာတစ်ဖက်၊ ဌာနလုပ်ငန်းတစ်ဖက်ဆိုတော့ ကျွန်မ အရမ်းပင်ပန်းတယ်။ ဘယ်အလုပ်ကိုမဆို အချိန်ဆွဲပြီး လုပ်လို့မရဘူး။ စိတ်ထဲမှာ လုပ်ဖို့ တစ်ခုခုကိုကြံရွယ်လိုက်ရင် ထမင်းပန်းကန်က လက်ထဲရောက်ပြီးသားဖြစ်နေသလို စာအုပ်တစ်အုပ်ကို ရှာဖို့စဉ်းစားလိုက်ရင် စာအုပ်စင်ရှေ့ လူက အလိုလိုရောက်ပြီးသား။ အဲဒီလိုလုပ်လည်း ဌာနတာဝန်တွေ၊ ဆွေမျိုးသားချင်းတွေတာဝန်တွေနဲ့ ကိုယ့်ကျမ်းကို အောင်မြင်အောင်ပြုစုနိုင်တာ။ ဒါကို ပါရဂူဘွဲ့ယူထားတဲ့ သူတွေအားလုံး သိကြတယ်။





တစ်နေ့မှာတော့ ကျွန်မ အဆောင်ကော်ရစ်တာမှာ လမ်းလျှောက်ရင်း အဆောင်ဘက်ကို ထိုးထွက်နေတဲ့ သရက်ကိုင်းကြီးဆီကို မျက်စိရောက်သွားတယ်။ စိတ်ထဲမှာ စိမ်းစိုနေတဲ့ သရက်ရွက်တွေကို သဘောကျသွားပြီး လှမ်းဆွဲချင်စိတ်ပေါက်သွားတယ်။ ဆွဲမယ်ဟန်ပြင်ရင်း ကျွန်မကိုယ်ကို ကျွန်မ ပြန်ထိန်းလိုက်တယ်။ တော်သေးတာပေါ့။ ကျွန်မ တကယ်လှမ်းမဆွဲမိလို့။ လှမ်းဆွဲလိုက်ရင် အဆောင်ပေါ်ကပြုတ်ကျပြီး သေမှာ။ သရက်ကိုင်းကြီးက ကျွန်မအလွယ်တကူ လှမ်းဆွဲလို့ရတဲ့ အနေအထားမျိုးမှာမရှိဘူး။

အဲဒီနေ့ကစပြီး ကျွန်မ သတိဝင်သွားတယ်။ စာဆိုစာပဲဆိုတဲ့စိတ်ကို တစ်ထစ် လျှော့ချခဲ့ရတယ်။ အလုပ်တချို့ကိုလည်း လျှော့ချပစ်ခဲ့တယ်။ ဥပမာ တခြားတစ်ယောက်ယောက်လုပ်ပေးနိုင်တဲ့ ဆွေမျိုးသားချင်းတွေရဲ့ တာဝန်မျိုးတွေပေါ့။ မဟုတ်ရင် ကျွန်မပြောတဲ့ ဝေါက်ရောဂါက ကျွန်မဆီကို ကူးခတ်လာမှာ။

နောက်ထပ်ကျန်သေးတဲ့ ရောဂါတစ်ခု။ အဲဒါကတော့ ...ပေါက်ရောဂါပဲ။ အဲဒီရောဂါကတော့ တကယ်ဖြစ်တဲ့ ရောဂါမဟုတ်ဘူး။ ဟန်ဆောင်ထားတဲ့ရောဂါပဲ။ ဟန်ဆောင်ထားတဲ့ရောဂါဆိုတော့ အဲဒီရောဂါက ကုလို့မရဘူး။ ကုရာနတ္ထိ ဆေးမရှိပေါ့။ ဒီရောဂါက တစ်ဦးတစ်ယောက်စီရဲ့ မတူညီတဲ့ အတွေးအခေါ်တွေကနေ အခြေခံပြီးဖြစ်လာတာပဲ။ ဒါပေမဲ့ ဒီရောဂါက လူတွေကို အကျိုးပြုတယ်။ ငြိမ်းချမ်းရေးအသွင်ကို ဆောင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ...

အချင်းချင်း စကားတွေ ပိုင်းဖွဲ့ပြီးပြောကြရင်း ဆန့်ကျင်ဘက်အတွေးအခေါ် အယူအဆတွေနဲ့ ငြင်းကြခုံကြတော့မယ်ဆိုရင် ဆက်ပြီးမငြင်းချင်တော့တဲ့လူ၊ အလျှော့ပေးတတ်တဲ့လူ၊ အတိုက်အခံကို ရှောင်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့လူက ရှုံးချင်ယောင်ဆောင်လိုက်ကြတဲ့ ရောဂါပဲ။ တဟဲဟဲလုပ်ပြီး ပေါက်တောက်တောက်စကားတွေပြောပြီး စကားဝိုင်းကနေရှောင်ထွက်သွားတဲ့ ရောဂါပဲ။

အဲဒါကြောင့် ပေါက်ရောဂါဟာ တကယ်ဖြစ်တဲ့ရောဂါ မဟုတ်ဘူး ဟန်ဆောင်ထားတဲ့ရောဂါ။ လူတွေကို အကျိုးပြုတဲ့ရောဂါ၊ ငြိမ်းချမ်းရေးအသွင်ကိုဆောင်တဲ့ ရောဂါလို့ ပြောခဲ့တာပေါ့။ ဒီရောဂါဖြစ်တဲ့လူတွေက သူတို့ရောဂါကို တရားသေဆုပ်ကိုင်ထားကြမှာ။ ဒါကြောင့်မို့ ကုရာနတ္ထိ ဆေးမရှိလို့ ပြောခဲ့တာလေ။

နောက်တစ်ပတ်လောက်လောက် အကြာမှာတော့ ကျွန်မအဆောင်ညှော်ခန်းထဲမှာ ထိုင်နေစဉ် မိုးတိမ်လွှာတစ်ယောက်ကိုလည်း အဆောင်ညှော်ခန်းထဲမှာ တွေ့ပါတယ်။ ကျွန်မက သူ့ကျန်းမာရေးအခြေအနေနဲ့ သတိလစ်တုန်းက ဘယ်ကနေ ဘယ်လိုဖြစ်သွားတာလဲလို့ မေးတော့ ပြောရမှာ စိုးရိမ်တကြီးပုံစံမျိုးနဲ့ . . .

"ပြောတော့ပြောချင်တယ် . . . တီချယ်။ တီချယ်ကြောက်မှာစိုးလို့"

. . . တဲ့။ ဂေါက်ရောဂါနဲ့ ပေါက်ရောဂါကို ရှောင်နေရတဲ့အထဲ သူပြောကာမှ ကျွန်မ ဘာကိုမှန်းမသိ အတော်ကြောက်သွားတယ်။ ရင်တွေတောင် တော်တော်တုန်သွားတယ်။ စိတ်ထဲမှာလည်း တွေးလိုက်မိတယ် မိုးတိမ်လွှာရဲ့ရောဂါက ချက်ချင်းကြီးထဖြစ်ပြီး ချက်ချင်းကြီးပြန်ကောင်းတတ်တဲ့ ရောဂါမျိုးလား။ စိုးရိမ်စိတ်တွေနဲ့ ကျွန်မက . . .

"ပြောသာပြောပါ သမီးရယ် . . . တီချယ်တို့ကြိုသိထားတော့ ကောင်းတာပေါ့။ သမီးရောဂါကို အနားကလူတွေသိမှ သမီးအတွက် ကူသပေးလို့လွယ်မှပေါ့"





"သမီး . . . အတွက် . . ."

လို့ လေသံလေးမပွင့်နဲ့ ပြောရင်း သူ ငေးငေးလေးလုပ်နေတယ်။ ပြီးတော့ ရုတ်တရက် . . .

"သမီးအတွက် မဟုတ်ဘူး။ တီချယ့်အတွက်"

. . . တဲ့။ အောင်မလေး . . . မိုးတိမ်လွှာ ဘာတွေပြောနေပါလိမ့်။ ကြက်သီးတွေတောင် တဖြန်းဖြန်း ထချင်လာပြီ။ မိုးတိမ်လွှာဆီက ဘာအထူးအဆန်းတွေ ကြားရမှာပါလိမ့်။ ကြားလည်းကြားချင်တယ်။ ကြောက်လည်း ကြောက်လာသလိုလို။ ကျွန်မရဲ့ဆေးတင်ပြီး . . .

"သမီး . . . မိုးတိမ်လွှာ . . . ဘာပဲဖြစ်ဖြစ် ပြောပါ။ သမီးတို့၊ တီချယ်တို့အားလုံးက မိဝေးဖဝေးတွေချည်းပဲ။ ဒီမှာ အတူတကွနေကြတဲ့ အခိုက်အတန့်မှာ အားလုံးက မိသားစုပဲ။ ဘယ်အကြောင်းအရာကိုမဆို ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးကြတာ ကောင်းပါတယ်"

"ဒါဆို သမီးပြောမယ် တီချယ် ကြောက်တက်လား"

တကတည်း မိုးတိမ်လွှာတစ်ယောက်တော့ အကြောင်းရင်းကို မပြောမီ ကျွန်မရင်တွေတုန်အောင် အမျိုးမျိုး ပြောနေပြန်ပြီ။ ဒါပေမဲ့ ကျွန်မကပဲ . . .

"တီချယ် မကြောက်တတ်ပါဘူး"

"ဒါဆို သမီးပြောမယ်"

ဟုဆိုတာ သူမူးလဲတဲ့ ညကဖြစ်ကြောင်းကုန်စင်ကို ပြောပြပါတော့တယ်။

သူပြောတာကတော့ သူမူးလဲတဲ့ညက သူတို့အခန်းထဲမှာသရဲ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ထိုင်ပြောနေကြတာတဲ့။ သူတို့ပြောတဲ့သရဲက ဒီအဆောင်က သရဲတဲ့။ အဲဒီသရဲက Hall Tutor (အဆောင်နည်းပြ) သေလို့ဖြစ်တဲ့ သရဲတဲ့။ သို့သော် ရန်ကုန်တက္ကသိုလ်ကြီး တည်ထောင်စကတည်းက အဆောင်နည်းပြဆရာမလေးတစ်ယောက် အဆောင်ကိုစွဲလမ်းပြီး သေသွားတာကြောင့် ဒီအဆောင်မှာပဲ မကျွတ်မလွတ်တဲ့ ဘဝနဲ့နေတယ်လို့ သူတို့ တစ်ယောက်တစ်ပေါက် ပြောကြတယ်။

စကားပိုင်းပြီးတဲ့အခါမှာ မိုးတိမ်လွှာ အပြင်ကိုထွက်လိုက်တော့ ကျွန်မအခန်းဘက်ကို မျက်နှာမူမိတယ်ဆိုရင်ပဲ ကျွန်မအခန်းဘေးနား အမှောင်ထုထဲမှာ မိန်းမသဏ္ဍာန်ပုံရိပ်တစ်ခုကို ဝိုးတဝါး တွေ့လိုက်ရပြီး စိမ်းလဲ့ဝင်းတောက်နေတဲ့ မျက်လုံးတစ်စုံကို သူတွေ့လိုက်တယ်တဲ့။ အဲဒီမှာတင် သူအကြောက်လွန်ပြီး မေ့လဲကျသွားတာတဲ့။

ဩ . . . သူတွေ့လိုက်တဲ့ မျက်လုံးစိမ်းနဲ့ အရိပ်သဏ္ဍာန်က ကျွန်မအခန်းဘေးနားမှာဆိုတော့ သူက သမီးအတွက်မဟုတ်ဘူး တီချယ့်အတွက်လို့ ပြောခဲ့တာကိုး။ သူတို့ပြောကြတဲ့ Hall Tutor (အဆောင်နည်းပြ) ဇာတ်လမ်းကို ကျွန်မ တစ်ခါမှ မကြားဖူးပါ။ အဆောင်မှာ စည်းကမ်းတင်းကျပ်လွန်းတဲ့ အဆောင်နည်းပြတွေနဲ့ အဆောင်မှူးကို သူတို့မကြည်ကြလို့ တမင်ဇာတ်လမ်းထွင်ပြီး ပြောတာလည်း ဖြစ်နိုင်တာပဲလေ။

အဲဒီလို တွေးခဲ့သော်လည်း မိုးလိမ်လွှာပြောတဲ့စကားတွေကို ကြားတဲ့နေ့ကစပြီး ကျွန်မလည်း ကျွန်မအခန်းပတ်ဝန်းကျင်ကို ကြည့်ကာ ကြောက်ရွံ့နေမိသလိုလို။ ဒါ့အပြင် ကျွန်မငယ်ငယ်တုန်းက ဇာတိချက်မြှုပ်ကျေးရွာလေးမှာ ကိုယ်တွေ့ကြုံခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို သွားပြီး သတိရမိတယ်။ အဲဒီဖြစ်ရပ်နဲ့ မိုးတိမ်လွှာရဲ့ဖြစ်ရပ်ကို ဆက်စပ်ကြည့်





မိတယ်။ ကျွန်မငယ်ငယ်က ကြုံတွေ့ခဲ့တာကတော့ . . .

ကျွန်မတို့ကျေးရွာကြီးက အိမ်ကြီးအိမ်ကောင်းတွေ ခြံဝန်းကျယ်ကြီးတွေနဲ့ လယ်တွေယာတွေလုပ်တာမို့ သူရင်းငှားတွေ တစ်အိမ်တစ်အိမ်မှာ အများကြီး။ စပါးသိမ်းချိန်ဆို သိပ်ပြီး ပျော်စရာကောင်းတာ။ စပါးနယ်သူကနယ်၊ ကောက်လှိုင်းတွေ သယ်သူကသယ်၊ မုန့်ဆန်းထောင်းသူကထောင်း၊ ကောက်ညှင်းပေါင်းသူကပေါင်း ကောက်ညှင်းကျီထောက်က ဖုတ်လိုက်ကြသေးတာ။ ကိုယ်တိုင်လုပ်၊ ကိုယ်တိုင်စားကြ။ ငွေကြေးကုန်ကျတယ်ဆိုတာ သိလည်းမသိ၊ ရှိလည်းမရှိ။

တစ်နေကုန်တစ်နေခန်း လယ်ထဲယာထဲမှာ အလုပ်လုပ်ကြရင်း ညနေစာ ထမင်းစားပြီးတဲ့နောက်လည်း တလင်းပြင်မှာ လသာသာ သီချင်းတအေးအေးနဲ့ အလုပ်လုပ်ကြတာ။ နွားတွေကိုသာ အလဲအလှယ်နဲ့ ခိုင်းကြတာ။ လူတွေကတော့ မနားမနေ အလုပ်လုပ်ကြတာမှ ပျော်လို့ ရွှင်လို့။ အတွေးကိုယ်စီနဲ့ကိုး။

တရပ်တကျေးမှ လာရောက်လုပ်ကိုင်ကြတဲ့ အငှားသမားအလုပ်သမားတွေကလည်း စပါးသိမ်းပြီးတာနဲ့ သူတို့ရဲ့ လုပ်ခစပါးကလေးတွေကို သယ်ပြီး သူတို့မိသားစုလေးတွေ အသီးသီးဆီကို ပြန်ကြမယ်။ မိခင်ဖခင်တွေနဲ့ အတူနေတဲ့သူတွေက သူတို့လုပ်ခ စပါးလေးတွေနဲ့ မိခင်ဖခင်တွေကို တစ်မိုးတစ်ဝါစာ ဆန်ကိုကန်တော့ကြမယ်။ ဇနီးသားသမီးရှိသူတွေကလည်း ချစ်လှစွာသော ဇနီးသားသမီးတွေရဲ့ မျက်နှာကို တစ်စိမ့်စိမ့်ကြည့်ရင်း ပင်ပန်းသမျှ အမောဖြေကြမယ်ပေါ့။

အလုပ်ရှင်တွေကလည်း ဒီနှစ်စပါးသိမ်းပြီးလျှင် မြေး၊ သားများကို ရှင်ပြုမယ်။ အလှူကြီးလှူမယ်။ မြေးသားတွေ ရှေ့ရေးအတွက် အကွက်ချစီစဉ်မယ်။ ဒါတွေ . . . ဒါတွေက သူတို့ . . သူတို့ မနားမနေ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ကြတဲ့ အကြောင်းရင်းခံကိစ္စတွေ။

အဲဒီလိုအတွေးမျိုးစုံနဲ့ ကျွန်မတို့အိမ်သားတွေလည်း အလုပ်လုပ်ရင်းက တစ်နေ့မှာတော့ ဟိုဘက်ရွာမှာနေတဲ့ ကျွန်မအဘိုး အရေးပေါ် ဆေးရုံတက်ရတယ်လို့ဆိုပြီး လာခေါ်တယ်ဆိုရင်ပဲ ဖေဖေနဲ့မေမေက အဘိုးရှိရာ ချက်ချင်း လိုက်သွားကြတယ်။ အချိန်က ညနေခြောက်နာရီကျော်။ ရှေးလူကြီးတွေ ပြောစကားအရပြောရရင် အပုပ်ချိန်။

အလုပ်သမားတွေနဲ့ ကျွန်မရဲ့အစ်ကိုနှစ်ယောက်က ကောက်ပြန့်အသစ် ပြန့်နေတာကြောင့် အားလုံး တလင်းထဲမှာ။ ကျွန်မတို့ရဲ့ ခြံဝင်းကျယ်ကြီးထဲမှာက ကျွန်မနဲ့ ကျွန်မရဲ့အစ်မဝမ်းကွဲ နှစ်ယောက်တည်းရယ်။ အစ်မဝမ်းကွဲကလည်း အဘိုးတို့ရွာမှာပဲနေတာ။ ကျွန်မတို့အိမ် အလုပ်ရှုပ်ချိန်ဆိုရင် သူ လာ,လာနေပေးတတ်တယ်။

တဖြည်းဖြည်း နေရောင်ကပျောက်လို့ လရောင်တောက်လာပြီ။ အဲဒီအချိန်ရောက်မှ ကျွန်မတို့ညီအစ်မနှစ်ယောက် ရေချိုးကြရတယ်။ အိမ်ခြေရင်းက ကုက္ကိုပင်ကြီးနဲ့ မလှမ်းမကမ်းရေတွင်းမှာ ရေချိုးကြရမှာ။

ညီအစ်မနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မလှမ်းမကမ်းကနေ ရှေ့ဆင့်နောက်ဆင့် ရေတွင်းကြီးဆီကို သွားကြတယ်။ လရောင်ဖြိုးဖြိုးအရိပ်အောက်မှာ ထဘီလေးတွေ ရင်လျှားလို့ပေါ့။ ဟောသွားရင်းက ဝင်းခနဲနေတဲ့ အလင်းရောင်တစ်စုံကို ကျွန်မတွေ့လိုက်ပြီး ရုတ်တရက် အော်လိုက်မိတယ်။

"မ ...မ ...ဟို ...ဟို ...မှာ ...လုပ်ပါဦး။ အမလေး ...ကြောက်လိုက်တာ"

ဟုအော်ရင်း ကျွန်မ တုန်တုန်ရီရီနဲ့ အစ်မကို ပြေးဖက်ထား





လိုက်တယ်။ အစ်မက ကျွန်မလက်ကို ဆွဲဖြေသော်လည်း ကျွန်မက တင်းတင်းကြပ်ကြပ်ဖက်ထားတော့ သူဖြေလို့မရ။ ကြောက်စရာတွေ့တော့မှ အားငယ်လိုက်သည့်ဖြစ်ခြင်း။ ခြံဝင်းကျယ်ကြီးထဲမှာ ကျွန်မတို့နှစ်ယောက်တည်း။

လရောက်အောက်မှာ သစ်ရိပ်ဝါးရိပ်တွေက မည်းမည်းမည်းမည်းနှင့်။ ကျွန်မတို့ တစ်ခါမှ ဒီလိုနှစ်ယောက်တည်း မနေဖူးခဲ့။ ဖေဖေနဲ့၊ သို့မဟုတ် မေမေနဲ့ဆိုရင်တော့လည်း တော်သေးရဲ့။ ခုတော့ အစ်မနဲ့။ ကျွန်မကြောက်လွန်းလို့ တစ်ကိုယ်လုံးတုန်နေပြီး အစ်မကို ဖက်ထားတာတော့ နည်းနည်းမှမလျော့။ ပါးစပ်ကလည်း ...

"ဟို ...ဟိုမှာ ...မျက်လုံးဝင်းဝင်းကြီးနှစ်လုံး။ ကြောက် ကြောက် ...တယ်"

ဟုသာ ဗွတ်အော်နေမိတယ်။ ခဏကြာတော့ ကျွန်မအကြောက်တွေလွန်ပြီး အင်အားတွေ ကုန်လာပြီ။ အစ်မကတော့ ...

"လွှတ်ပါ ...ငါ့ကို လွှတ်ပါ။ ဘယ်မှာလဲ ငါသေသေချာချာ ကြည့်ဦးမယ်"

ဟုပြောကာ ကျွန်မလက်ကို ဆွဲဖြေနေစဉ် အားတင်ထားပြီး လက်ကိုတော့ ဖြေပေးလိုက်တယ်။ လက်က ဖြေမပေးလျှင်လည်း သူ့အလိုလို ပြေလျော့သွားတော့မှာ။ ကျွန်မအင်အားတွေ ကုန်နေပြီ။ ဒါကြောင့် စိတ်ကိုတင်းပြီး လက်ကိုဖြေပေးလိုက်တာ။ လက်ဖြေပေးပြီး သတိထားလိုက်မိတော့မှ ကျွန်မ ရယ်ချင်သွားတယ်။ ကျွန်မတို့နှစ်ယောက်စလုံးက အင်္ကျီမပါ။ ထဘီရင်လျှားကြီးတွေနဲ့။

အဲဒီတော့မှ ကျွန်မရဲ့အစ်မဖြစ်သူက ...

"ဘယ်မှာလဲ မျက်လုံးကြီးတွေ ငါ့ကိုပြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



လို့ ထပ်မေးတယ်။ ကျွန်မက သရက်ပင်ကြီးအောက်ကို ထိုးပြလိုက်တယ်။ အစ်မကတော့ စိတ်အေးသွားတဲ့လေသံနဲ့ ...

“အဲ ...နင် တော်တော်ဆိုးတာပဲ။ အဲဒီမှာ နွားကြီးနှစ်ကောင်ချည်ထားတာ မတွေ့ဘူးလား။ တစ်ကောင်က ဟိုဘက်လှည့်နေတယ်၊ တစ်ကောင်က ငါတို့ဘက်ကိုလှည့်လို့။ သေသေချာချာကြည့်”

ဆိုလိုက်တော့မှ ကျွန်မ သရက်ပင်ကြီးအောက်ကို သေသေချာချာ ကြည့်ရဲတာ။ စောစောကတော့ ဝင်းဝင်းကြီးတစ်စုံကို မြင်မြင်ချင်းပဲ မျက်လုံးစုံမှိတ်ပြီး ကျွန်မအော်နေတာ။ ခုတော့ ဟုတ်သား။ နွားနီကြီးနှစ်ကောင်ကို သစ်ပင်ရိပ်ထိုးနေတော့ သေသေချာချာကြည့်မှ မြင်ရတာ။ ကျွန်မတို့ဘက်လှည့်နေတဲ့ နွားနီကြီးရဲ့မျက်လုံးကို သစ်ပင်ရိပ်ကြားက လရောင်ကထိုးပြီး အလင်းပြန်တာကို မြင်ရတဲ့အနေအထားမျိုးမှာ ကျွန်မတို့က ရှိနေတာပဲ။

ကျွန်မတစ်ယောက် တောရွာမှာ မွေးဖွားကြီးပြင်းခဲ့သော်လည်း နွားတင်းကုပ်ထဲကို တစ်ခါမှ ညအချိန် မသွားဖူးခဲ့သလို၊ လယ်ကွင်းထဲမှာလည်း နွားမျက်လုံးကအလင်းပြန်တာကို မြင်ရတဲ့အနေအထားမျိုးကနေ ကျွန်မ မမြင်ခဲ့၊ မကြည့်ခဲ့ဖူးပါချေ။ ပြောမယုံ ကြုံဖူးမှသိဆိုတာ ဒါမျိုးပါလား။

ဒါက ကျွန်မရဲ့ ပထမအတွေ့အကြုံ။

ဒုတိယအတွေ့အကြုံကတော့ ကိုယ်တွေ့မဟုတ်။ အိမ်မှာနေတဲ့ နွားကျောင်းသားလေးရဲ့ ပြောစကားများသာ။

ကျွန်မတို့အဘိုး ကျန်းမာရေး အပြင်းအထန်ဖြစ်လာတော့ ဆေးရုံကလည်း လက်လျှော့လိုက်ပြီ။ ဒါကြောင့် မေမေက အိမ်မှာခေါ်ပြီး ပြုစုမည်ဟုဆိုကာ ခေါ်လာခဲ့တယ်။ အဘိုးက တခြားရောဂါတွေ





အပြင် လေဖြတ်ထားတော့ လေရောဂါလည်းရှိသေးတာ။ တချို့က လေရှူးလို့ပြောကြတယ်။ လေရောဂါက သူငိုချင်ငို၊ သူရယ်ချင်ရယ်တယ်မျိုး။ တချို့ကတော့ ပြောတယ် ...အဲဒါ ပယောဂတဲ့။

တစ်ခါတစ်လေ အိမ်ပေါ်မှာ အငြိမ်မနေ ဟိုကြည့်ဒီကြည့် ပြူးတူးပြဲတဲကလည်း ကြည့်တတ်သေးတာ။ ဘေးကလူတွေက ကြောက်လန့်ပြီး သူကြည့်တဲ့နေရာ လိုက်ကြည့်တော့လည်း ဘာမှမတွေ့။ နောက်တော့အဘိုးက နောက်ဖေးဘက်ကို လက်ညှိုးထိုးထိုးပြနေတယ်။

ညနေ နေဝင်ရီတရောအချိန်ရောက်တော့ နောက်ဖေးဘက်က ဖုတ်ဖုတ် ...ဖုတ်ဖုတ်လို့အသံတွေ ကြားလိုက်ရတယ်။ ကျွန်မတို့အိမ်မှာငှားထားတဲ့ နွားကျောင်းသားကောင်လေးက နောက်ဖေးလမ်းကြားဘက်ကို ထွက်ကြည့်တယ်။ ပြီးတော့ သူတော်တော်နှင့် ပြန်မရောက်လာပါချေ။

သူပြန်ရောက်လာတဲ့အချိန်မှာတော့ ကျွန်မတို့ကို စိတ်လှုပ်ရှားဖွယ်ဖြစ်ရပ်တစ်ခု ပြောပြခဲ့တယ်။ အဲဒါကတော့ ...

လင်းလဲ့တောက်ပတဲ့ မီးလုံးနှစ်လုံးကို နောက်ဖေးလမ်းကြားမှာ သူသွားတွေ့တာတဲ့။ မီးလုံးနှစ်လုံးက တစ်လုံးနိမ့်၊ တစ်လုံးမြင့် အနေအထားမျိုးနဲ့ လှုပ်ရှားရင်း လမ်းကြားအတိုင်းသွားနေတာ အလွန်မြန်ဆိုပဲ။ သူ နောက်ကပြေးလိုက်သွားပြီး သူ့ရဲ့လက်သုံးတော်လောက်လေးဂွနဲ့ပစ်တော့ တစ်လုံးပျောက်သွားပြီး တစ်လုံးက ကျန်ခဲ့သေးတာတဲ့။

သူ, ကျန်တဲ့တစ်လုံးနောက်ကို ဆက်လိုက်ရင်း ခရေပင်ကြီးအောက်ရောက်တော့ လောက်လေးဂွနဲ့ ထပ်ပစ်လိုက်တယ်။ ဒီတော့ နောက်တစ်လုံးလည်း ပျောက်သွားတယ်။ သူလည်း မောလွန်းလို့ ခရေ



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးအောက်မှာ နားနေလိုက်ရတာတဲ့။ ပြီးတော့ သူကပြောသေးတာ . . .

"ထူးဆန်းတယ်ဗျာ . . .။ ကျွန်တော် ညအချိန်မတော်လည်း လျှောက်လည်ချင် လည်နေတာပဲ။ တစ်ခါမှ မမြင်ဖူးဘူး"

. . . တဲ့။ အဲဒီတုန်းက ကျွန်မကတော့ တစ်ခါသေဖူး ပျဉ်ဖိုး နားလည်ဆိုသလို အမျိုးမျိုး တွေးတော့ကြည့်မိတယ်။ ဒီကောင်လေး နွားကျောင်းရတာ ပင်ပန်းရတဲ့အထဲ အဘိုးကို သတင်းလာမေးတဲ့သူတွေကလည်း ဥဒဟိုဆိုတော့ ကွင်းထဲလည်းမသက်သာ၊ အိမ်ရောက်တော့လည်း ရှုပ်ယှက်ခက်နေတာပဲလို့ တွေးပြီး ခရေပင်ကြီးအောက်ကိုသွားနားရင်း ငယ်ငယ်က အိပ်ရာဝင်ပုံပြင်တစ်ပိုင်းတစများ သတိရ တမ်းတနေရော့သလား။

မိုးတိမ်လွှာကရော ကျွန်မကို ပုံပြင်ပြောရော့လေသလား။

ကျွန်မငယ်စဉ်က တွေ့ကြုံခဲ့ရတဲ့ဖြစ်ရပ်နဲ့ မိုးတိမ်လွှာ တွေ့မြင်လိုက်ရသော ဖြစ်[illegible]ခုကို ဆက်စပ်ကြည့်မိတယ်။ ပြီးတော့ နွားကျောင်းသားလေးပြောတဲ့ ဇာတ်လမ်းဖြစ်ရပ်တွေချင်းကတော့ ခပ်ဆင်ဆင်တွေ။ ကျွန်မရဲ့ကိုယ်တွေ့ဇာတ်လမ်းအရ တောရွာမှာ နွားမျက်လုံးကိုမြင်ရတာ သဘာဝကျတယ်။ ဒီသီရိဆောင်ပေါ်မှာ ကြောင်ကလွဲလို့ ဘာမှမရှိ။ တကယ်လို့ ကြောင်ပဲထားပါဦးတော့။

မိုးတိမ်လွှာတွေ့လိုက်တာက လူ့အရပ်အမြင့် အနေအထားလောက်မှာ ကြောင်များ ဘီဒိုကြီးပေါ်ကပ်တက်နေတာလား။ ဒါလည်း မဖြစ်နိုင်ပါ။ ဘီဒိုက အဲဒီအချိန်မှာ တခြားရွှေ့ထားတာပဲ။ မိုးတိမ်လွှာလန့်ခဲ့တဲ့အချိန်က နာဂစ်ပြီးစဆိုတော့ အဆောင်မှာ မီးကြိုးတွေမဆင်ရသေးလို့ ကျွန်မအခန်းရှေ့မှာ ဘာမီးမှမရှိပါချေ။ မိုးတိမ်လွှာမြင်လိုက်





တာကလည်း မည်းမည်းမည်းမည်းနဲ့ လူတစ်ယောက်ရဲ့ အရိပ်လိုမျိုးကလည်း ပါသေးတာ။

ကျွန်မလည်း မိုးတိမ်လွှာကို မကြောက်ဘူးဟုသာ ပြောခဲ့တာ။ သူတွေ့တာ ကျွန်မအခန်းရှေ့မှာဆိုတော့ ကျောကော့အတော်စိမ့်သား။ ဒီလိုနဲ့ ကျွန်မအခန်းထဲမှာ မေတ္တာသုတ်ကိုသာ နေ့စဉ်ရွတ်နေမိတယ်။ တစ်နေ့ ကျွန်မအခန်းထဲကနေ အပြင်ကိုအထွက် . . . ဟော . . . တွေ့ပါပြီ။ ဝင်းခနဲ အလင်းရောင်တန်းနဲ့ လူရိပ်တစ်ခု။

ကျွန်မအားတင်းပြီး သေသေချာချာ စိုက်ကြည့်လိုက်တယ်။ ကြည့်ရင်းကြည့်ရင်း နှလုံးခုန်နှုန်းတွေ မြန်လာတယ်။ အဖြေတစ်ခုကိုတော့ ကျွန်မ ရလိုက်ပါတယ်။ ဒါပေမဲ့ ကြောက်စိတ်တွေကတော့ ရပ်တန့်မသွားပါ။ နှလုံးခုန်နှုန်း ရပ်သွားပြီလားတောင် ထင်ရလောက်အောင် ကြောက်တာ။

ဒါတွေကို ဘယ်သူ့ကိုမှ ကျွန်မမပြောဘဲ အခန်းထဲဝင်ပြီး နားနေလိုက်တယ်။ နာရီကိုကြည့်ပြီး အချိန်ကို အတိအကျမှတ်ထားလိုက်တယ်။ နောက်နေ့များမှာလည်း ညတိုင်း အဲဒီအချိန့်ဆိုရင် ကျွန်မ တံခါးလေးအသာလှပ်ပြီး ကြည့်မိတယ်။ ကျွန်မအခန်းရှေ့ကို လာနေကျ မျက်လုံးစိမ်းနဲ့ သူ့ကို အချိန်မှန်တွေ့ရတယ်။

တစ်ညမှာတော့ ကျွန်မ၊ မိုးတိမ်လွှာတို့အုပ်စုထဲက မကြောက်တတ်တဲ့သူတွေ ဆရာမအခန်းထဲလိုက်ခဲ့လို့ ခေါ်ခဲ့တယ်။ စိတ်နိုင်နိုင်တော့ထားကြ။ ကြောက်တတ်ရင်တော့ မလိုက်ခဲ့ကြနဲ့ပြောပြီး ခေါ်ခဲ့တာ။ မျက်မှန်ထူထူနဲ့ ဖြူနှင်းဖွေးကတော့ လိုက်မလာပါချေ။ သူ့အကြံနဲ့သူကိုး။ သူလိုက်မလာတာလည်း ကောင်းတယ်။ သူလိုက်လာရင် [illegible] ပျက်မှာ။ ဒီဇာတ်ကွက်မှာ သူက အခရာပါ။



www.burmeseclassic.com

www.burmeseclassic.com



ညကိုးနာရီထိုးခါနီးတော့ ကျွန်မ နာရီကို တကြည့်ကြည့်လုပ်နေမိတယ်။ ကိုးနာရီတိတိမှာတော့ ကျွန်မအခန်းရှေ့မှာ ဖိနပ်သံသဲ့သဲ့လေးကို ကြားရတယ်။ ကျွန်မအခန်းတံခါးကို အသာလှပ်ပြီး ချောင်းကြည့်လိုက်တယ်။ ဟော ... တွေ့ပါပြီ။ မျက်လုံးစိမ်းနဲ့ မိန်ကလေး။ သူက, ကျွန်မတံခါးဝကကြည့်ရင် သူ့မျက်လုံးစိမ်းကို တည့်တည့်တွေ့ရမဲ့ အနေအထားမျိုးနဲ့။

ကျွန်မ, မိုးတိမ်လွှာရဲ့သူငယ်ချင်းတွေကို လက်ပြခေါ်လိုက်တယ်။ သူတို့ ပြေးလာကြတယ်။ ပြီးတော့ ရင်ဘတ်ကလေးများကို ဖိပြီး နောက်ပြန်လှည့်သွားကြတယ်။ သူတို့ ကြောက်လန့်တကြားတော့ မအော်ကြပါ။ မအော်မိအောင် သတိထားပြီးကြည့်လို့ ကျွန်မ အတန်တန်မှာထားတာကိုး။

နောက် ... အဲဒါ ဘာလဲဟင် ... ဘာလဲ တီချယ်လို့ ... ကျွန်မကို တီးတိုးလေသံနဲ့ ဝိုင်းမေးကြတယ်။ သိချင်ရင် သေသေချာချာ သွားကပ်ကြည့်လို့ပြောတော့ သူတို့က မကြည့်ရဲဘူးလို့ ပြောကြတယ်။

အဲဒါဆိုရင် သမီးတို့အခန်းမှာ ဖြူနှင်းဖွေးရှိသလား သွားကြည့်ကြလို့ပြောတော့ သူတို့ ကျွန်မအခန်းနောက်ပေါက်ကနေ တခြားအခန်းကို ကူးသွားတယ်။ တခြားအခန်းကတစ်ဆင့် သူတို့တွေအခန်းဘက်ကို ကူးသွားကြတယ်။ ကျွန်မအခန်းရှေ့ကို သူတို့မဖြတ်ရဲကြဘူးလေ။

ခဏကြတော့ ကျွန်မအခန်းကို ပြန်ရောက်လာကြသည်။ ဖြူနှင်းဖွေး အခန်းထဲမှာ မတွေ့ဘူးလို့လည်း ပြောတယ်။ စောစောက တီချယ့်အခန်းရှေ့မှာတွေ့တာ ဖြူနှင်းဖွေးလို့ ကျွန်မပြောတော့ သူတို့အားလုံးက ဖြူနှင်းဖွေးဟာ စုန်းမကြီးလားတဲ့။ ကျွန်မ ဟက်ဟက်





ပက်ပက်ရယ်တော့ သူတို့က ထပ်ထပ်ပြီးသာ မေးနေကြတယ်။ ဖြူနှင်းဖွေးကတော့ သူ့ကိစ္စပြီးလို့ ခုချိန်ဆို သူ့အခန်းထဲမှာ သူ့စိတ်ကူးနဲ့သူ ပီတိဖြစ်နေလောက်ပြီ။

အဲဒီတော့မှ ကျွန်မ တွေ့ခဲ့မြင်ခဲ့တဲ့ အကြောင်းတွေကို သေသေချာချာ ရှင်းပြရတယ်။

"ကဲ ... သမီးတို့ ... ဖြူနှင်းဖွေး ... ညကိုးနာရီလောက်ဆိုရင် သမီးတို့အခန်းထဲက ပျောက်ပျောက်သွားတာ သတိမထားမိဘူးလား"

လို့မေးတော့ ...

"အဲ ... ဟုတ်တယ် ... တီချယ်"

"သမီးလည်း သတိထားမိတယ်"

"ဟိုနေ့ညက သူ့ကို ကိုးနာရီထိုးလောက် သမီးရှာတော့ သူပျောက်နေတယ်။ နောက်တော့ ဘယ်ကပြန်လာတာလဲ မသိဘူး"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဖြေကြတယ်။ သူတို့က မျက်လုံး ပြူးတူးပြူးတဲလေးတွေနဲ့ ဖြေကြတာ။ ကျွန်မကတော့ ရယ်လျက်။ ကျွန်မကရယ်လေ သူတို့က မချင့်မရဲဖြစ်လေနဲ့ ဆက်ပြီးမေးနေကြတယ်။

"တီချယ် ... ဘာလဲ ... ပြော ... ပြောပါ တီချယ်ရယ်။ သမီးတို့ ဖြူနှင်းဖွေးကို ကြောက်လာပြီ"

"မကြောက်ပါနဲ့ မိုးပေါ်ထောင်ပစ်တာပါ။ ဟဲ ... ဟဲ ... ဟဲ ..."

"မြန်မြန်ပြောပြပါ တီချယ်ရယ်"

အဲဒီအခါမှာတော့ ကျွန်မသူတို့ကို သေသေချာချာ ရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ သူတို့က အမှတ်တမဲ့နေကြတာကိုး။ ဖြူနှင်းဖွေး, သူတို့နဲ့ စကားစုပြောနေတဲ့ အခန်းထဲကထွက်သွားရင် လက်ကိုင်ဖုန်းတစ်လုံး ပါသွားတယ်ဆိုတာ သူတို့မှ မသိကြတာ။

ပြီးတော့ ဖြူနှင်းဖွေးက Power များတဲ့ မျက်မှန်ကြီးကို အမြဲ တပ်ထားတာ။ ကျွန်မအခန်းနားကလည်း လူခြေတိတ်တဲ့ နေရာဖြစ် တော့ ဖုန်းစကားပြောရတာ အကောင်းဆုံးနေရာပဲ။ နာဂစ်ပြီးစအချိန် ဆိုတော့ အဆောင်မှာ လျှပ်စစ်မီးက ပြန်မရသေးဘူး။ လူနေနည်းပါး တဲ့ ကျွန်မအခန်းပတ်ဝန်းကျင်မှာ မီးက မှောင်နေတာ။

နောက်တစ်ခုက အရင်တုန်းက ကျွန်မအခန်းရှေ့မှာ ဘီရို ပျက်ကြီးရှိတယ်။ အဲဒီဘီရိုကြီးအကွယ်ကနေ သူက အမြဲပြောတာဆို တော့ နေတိုင်း သူ့ကိုမမြင်ရဘူး။ နာဂစ်ပြီးစမှာ အမိုးပေါက်ကနေ ဘီရိုပေါ်ကို မိုးရေတွေကျကုန်မှာစိုးလို့ လုံခြုံတဲ့နေရာကို ကျွန်မရွှေ့ ထားခဲ့တယ်။ အဲဒီတော့ ဖြူနှင်းဖွေးကို အဝေးကမြင်နိုင်တယ်။

ဖုန်းခေါ်ပြီးလို့ စကားပြောနေတဲ့အချိန်မှာလည်း ဒီမျက်လုံး နှစ်လုံးကို မြင်ရမှာမဟုတ်ဘူး။ ဖုန်းရဲ့အလင်းရောင်က မျက်မှန်ကိုဟပ် နေတဲ့ အနေအထားမျိုး မဟုတ်တော့လို့ပဲ။ သူ ဖုန်းခိုးခိုးပြီးပြောတာ ကတော့ သင်တန်းမလာခင်ကမှ လက်ထပ်ထားတဲ့ အသစ်စက်စက် ခင်ပွန်းသည်နဲ့ပဲ။ ချွဲချင်တိုင်းချွဲ၊ နွဲ့ချင်တိုင်းနွဲ့နေလေတော့ သူငယ်ချင်း တွေကြားလို့ မဖြစ်ဘူးလေ။ ဝိုင်းနောက်ကြမှာ။

ညကိုးနာရီထိုးအချိန်မှာ ဟိုဘက်ကခေါ်ရင် သူငယ်ချင်းတွေ သိသွားမယ်။ ဒါကြောင့် သူကပဲ အမြဲခေါ်ခဲ့တာ။ သူခေါ်တော့ကြည့် လေ။ ဖုန်းရဲ့ အပြာရောင်အလင်းတန်းက ပြာလဲ့လဲ့နဲ့ တောက်နေ တယ်။ ဖုန်းနဲ့မျက်နှာနဲ့က မျက်နှာချင်းဆိုင် အနေအထားမျိုးထားပြီး





နှိပ်ရတယ်။ ဖုန်းရဲ့အလင်းရောင်က မျက်နှာပေါ်က မျက်မှန်ကို သွား ထိုးတော့ တာပေါ့။

မျက်မှန်က Power ထည့်ထားတဲ့ မျက်လုံးသူငယ်အိမ်လောက် အဝိုင်းလေးတည့်တည့်မှာ ဖုန်းရဲ့အလင်းရောင်က ထိုးပြီး အလင်းပြန် တော့ အမှောင်ထဲမှာ မျက်လုံးနှစ်လုံးက စိမ်းလဲ့တောက်ပနေလိုက်တာ။ အဲဒါကြောင့် ကျွန်မ သေသေချာချာကြည့်တဲ့ညက ကြည့်ရင်းကြည့် ရင်းသိလျက်သားနဲ့ ကြောက်လာလို့ နောက်ပြန်ဆုတ်ခဲ့ရတာ။

ကြည့်လေ . . . အလင်းရောင်တစ်စုံက အမှောင်ထဲမှာ တောက် လာလေပဲ။ လူရိပ်ကလည်း အမှောင်နဲ့အလင်းကြားမှာ ဝိုးတဝါးလှုပ်ရှား နေတာ ကြောက်စရာ ပိုပိုကောင်းလာတယ်။

ကျွန်မ သူတို့ကို အသေးစိပ်ရှင်းပြတော့ သူတို့သူငယ်ချင်း ရဲ့ လျှို့ဝှက်ဇာတ်လမ်းကို သူတို့အံ့သြကြတယ်။ ခုချိန်မှာ ကျွန်မအခန်း ရှေ့က ဘီရိုကြီးကလည်း ပုံမှန်နေရာမှာ ရှိနေပြီမို့ သူတို့ကို လျှို့ဝှက် ထားတဲ့ သူငယ်ချင်းဖြူနှင်းဖွေးကို ဘီရိုအကွယ်ကချောင်းပြီး ဘာတွေ ပြောနေတာလဲ နားထောင်မယ်တဲ့။

နောက်ည ကိုးနာရီခွဲလောက်ရောက်တော့ ကျွန်မအခန်းရှေ့ နားမှာ . . .

"အဟိ . . . ခစ် . . . ခစ် . . . ခစ် . . ."

"ခွီ . . . ခိ . . . ခိ . . ."

ရယ်သံတွေ ကြားနေရတယ်။ ထွက်ကြည့်လိုက်တော့ ဟိုအုပ် စု။

"တီချယ် . . . မိပြီသိလား . . . မိပြီ။ ရယ်ရတယ် . . . တီချယ် ရယ်ရတယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သမီးတို့၊ ပြောကြပါဦး"

"ဖြူနှင်းဖွေးပေါ့ ... ဖြူနှင်းဖွေးလေ။ မျက်လုံးကသာ ဝါးတားတားရယ်။ ဟား ... ဟား ... ဟား ... ရယ်ရတယ် ... တီချယ်ရဲ့။ သူ့လူနဲ့ စကားတွေပြောနေတာ ဘာမှမဟုတ်တာတွေပြောပြီး ချွဲနေတာ။ ဟား ... ဟား ... သူ့လူက ... အဟီး ... ပါးမှာ ဝက်ခြံတွေပေါက်နေပြီလို့ ပြောတော့ ... ဖြူနှင်းဖွေးက အရမ်းမညှစ်နဲ့ ... မောင့်ပါးပြင်မှာ အမာရွတ်တွေ ကျန်ခဲ့လိမ့်မယ်။ ဒီကနေ လှမ်းပြီးညှစ်ပေးရမလားတဲ့။ ဟား ... ဟား ... ရယ်ရတယ်"

လို့ ရယ်ရင်း ပြောရင်း ပြောပြောပြေးပြေး၊ ပြေးကြတယ်။ ပြီးတော့ မိုးတိမ်လွှာကို အော်ခေါ်လိုက်ကြပြီး ...

"မိုးတိမ်လွှာရေ ... မိုးတိမ်လွှာ ... ဖြူနှင်းဖွေးရဲ့ လျှို့ဝှက်ပုံပြင်က 'မောင့်ပါးပြင်မှာ အမာရွတ်တွေ ကျန်ခဲ့လိမ့်မယ်' ... တဲ့ မိုးတိမ်လွှာ ... ဟား ... ဟား ... ဟား ..."

"ခစ် ... ခစ် ... ခစ် ..."

နန်းရွှေရည်

BURMESE CLASSIC .com

NEW IDEA

# စိတ်ကူးသစ်စာပေ

အမှတ်(၂၅)၊ အလယ်ဒုံးလွှာ၊ ပုသိမ်လမ်း၊ ဝမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၊
ရုံး ၊ အမှတ်(၁၄၉)၊ ပထမထပ် (ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-

| စဉ် | စာရေးသူ | စာအုပ်အမည် |
|---|---|---|
| ၁။ | မောင်ညိုမှိုင်း | မြွေဝင်စားမခင်မြွေ |
| ၂။ | (သန်လျင်) | လူထူးဆန်းဘတိုက်ပုံဦးရာကျော် |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ခွေးနက်ကြီး |
| ၄။ | ။ | သေရွာငါးကြိမ်ပြန်ခင်ဒေါ်ခင်းဝံ |
| ၅။ | ။ | မြွေပောက်ပါးဖြူမျောက်မင်းသားမိုးစည်နှင့်ကျောက်ခဲ |
| ၆။ | ။ | ဗြိတ္တာရွာသူမကြွေ |
| ၇။ | ။ | ကြောင်တစ်ရာသက်ပြင်းနှင့်အင်းတစ်ထောင်မင်းဂေါင် |
| ၈။ | ။ | ပရလောကနှင့်ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ |
| ၉။ | ။ | မိစ္ဆာဒိဋ္ဌိမရဏာလမ်းကြမ်း |
| ၁၀။ | ။ | အံ့ဖွယ်နှင့် ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ |
| ၁၁။ | ။ | ကျောက်ကြီးငြေ |
| ၁၂။ | ။ | နတ်မြင်းခွာသံ ဂမ္ဘီရဝတ္ထုတိုများ |
| ၁၃။ | ။ | ငြိမ်းဆင်တဲ့လက် ဝတ္ထုတိုများ |
| ၁၄။ | ။ | ရွှေဘုံပြန်လွှန်းအိမ်သစ် |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မိချောင်းဂမ္ဘီရဝတ္ထုတို |
| ၁၆။ | ။ | ပြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) |
| ၁၇။ | ။ | မိုးငြိမ်းမိုးအပါအဝင်လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ |
| ၁၈။ | ။ | နာနာဘာဝဖိုင် ဂမ္ဘီရဝတ္ထုတိုများ |
| ၁၉။ | ။ | ဗြိတ္တာရာသီဖွားနှန်းအိမ်ကြို့ |
| ၂၀။ | ။ | မျက်ရည်မြစ်ပေါ်မှာသောင်မတင်တဲ့အပြာရောင်ဗေဒါ |
| ၂၁ | ။ | လေးမည်ရထွန်းကြိုင် ဂမ္ဘီရဝတ္ထုတိုများ |
| ၂၂။ | ။ | ကျောကုန်းပေါ်ကလက်ဝါးရာ ဂမ္ဘီရဝတ္ထုတိုများ |
| ၂၃။ | ။ | စားသွားပေါ်မှာကတဲ့ပန်းပွင့် |
| ၂၄။ | ။ | ဖိနှိပ်ကကြိုးရေချမ်းအိုး |
| ၂၅။ | ။ | ရင်ကွဲရွှေကျီးညို ဂမ္ဘီရဝတ္ထုတိုများ |
| ၂၆။ | ။ | ဗြိတ္တာရေဆန် |


www.burmeseclassic.com

www.burmeseclassic.com


မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# သိပ်မိုက်တဲ့ကောင်လေးလက်ညှိုးထောင်

အပါအဝင်

ဂမ္ဘီရဝတ္ထုတိုများ



BURMESE CLASSIC .com

642127065
Price : 1200.00

www.burmeseclassic.com